www.burmeseclassic.com

အောင်မြင်စာပေ

မရကာသစ်ပင်



www.burmeseclassic.com

www.burmeseclassic.com






၈၉၅.၈၃
ပညာဒီပ
မရဏ သစ်ပင် / ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ

မူခွင့်ပြုချက်အမှတ် ၅၀၀၅၆၈၀၈၀၉၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၄၂၁၂၀၉
ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊
သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄ ။

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ)

အခန်း(၁) ရထားပေါ်မှ ကံကြမ္မာနိမိတ်ဆန်း
အခန်း(၂) ပဟေဠိစံအိမ်သို့ရောက်ရှိခြင်း
အခန်း(၃) ပန်းခြံအတွင်းမှ ကြောက်မက်ဖွယ်ရာဖြစ်ရပ်ဆန်း
အခန်း(၄) ကံဆိုးရှာသောချစ်သူနှစ်ဦး
အခန်း(၅) မိစ္ဆာဝိညာဉ်ကလဲ့စား
အခန်း(၆) ကံကြမ္မာဝင်္ခကြွေးဆပ်ရသူများ
အခန်း(၇) မဟိန္ဒလေ့တောင်ခြေမှ သူတော်စင်
အခန်း(၈) မိစ္ဆာဝိညာဉ်သစ်စုန်းပင်
အခန်း(၉) သစ်စုန်းပင်နှင့်အန္တရာယ်ဆိုးများ
အခန်း(၁၀) ရင်းတိုက်တောမှအပြန်



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁)

## ရထားပေါ်မှ ကံကြမ္မာနိမိတ်ဆန်း

အင်္ဂလိပ်နယ်ချဲ့တို့သည် နှစ်ပေါင်းတစ်ရာကျော် အချိန်ကြာအောင် မြန်မာနိုင်ငံအား အုပ်စိုးခြယ်လှယ်ပြီးနောက် (၁၉၄၂) ခုနှစ် ရောက်သောအခါ မြန်မာနိုင်ငံမှ ဆုတ်ခွာပေးကြရလေသည်။

သို့သော်လည်း မြန်မာနိုင်ငံသားတို့မှာ ဆီပူအိုးထဲမှ လွတ်သော်လည်း ပြာပူအတွင်း ကျသကဲ့သို့ အင်္ဂလိပ်များ ထွက်ခွာသွားပြီးနောက် (၁၉၄၂)ခုနှစ်မှာပင် ဖက်ဆစ်ဂျပန်များ ပြန်ဝင်လာလေတော့သည်။

သို့သော်လည်း မြန်မာတိုင်းရင်းသားများက ခေါင်းငုံ့ခံမနေကြဘဲ ဖက်ဆစ်ဂျပန်များအား ဆန့်ကျင်တော်လှန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဒေါက်တာမင်းထင်ကျော်မှာ အင်္ဂလိပ်လက်အောက်မှာ သုတေသနအရာရှိအဖြစ် အမှုထမ်းနေရာမှ အိန္ဒိယတွင် ရောက်နေလေသည်။

အင်္ဂလိပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာထွက်ပြေးပြီး ဂျပန်တပ်များ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသောအချိန်တွင် သူသည် အိန္ဒိယသို့ ရောက်နေချိန်ဖြစ်ပေသည်။

ဆိုးဝါးသောတိုင်းပြည်အခြေအနေကြောင့် မြန်မာနိုင်ငံသို့ မပြန်သေးဘဲ အိန္ဒိယမှာသာ နေထိုင်ရင်း ၎င်းအတွက် အကျိုးရှိနိုင်မည့် သုတေသနပြုချက်များကို လေ့လာလျက်ရှိပေသည်။

သူလေ့လာနေသောအရာမှာ အခြားမဟုတ်ဘဲ အိန္ဒိယနိုင်ငံအဝှမ်းတွင် တွေ့ရသော ယောဂီကြီးများနှင့် ဆာဒူးကြီးများအကြောင်းပင်ဖြစ်၏။

၎င်းတို့သည် လမ်းမများပေါ်တွင် အဝတ်တစ်စုံတစ်ရာ မဝတ်ကြဘဲ ခါးတွင် နံငယ်ပိုင်းကလေးတစ်ခုသာ အရှက်လုံအောင် ပတ်ထားသော်လည်း အထင်သေး၍မရပေ။

၎င်းတို့တွင် မမြင်ရသောစွမ်းအားများ ရှိပေသည်။

အင်္ဂလိပ်များ ရှိစဉ်က ၎င်းတို့အား မထီမဲ့မြင်ပြုကာ နှိပ်စက်ခဲ့သော မျက်နှာဖြူအရာရှိ တော်တော်များများမှာ အသေဆိုးနှင့် သေခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ အိန္ဒိယမှာ ရှိနေစဉ် နေရာအနှံ့သို့ ရောက်သွားကာ ထူးခြားဆန်းကြယ်လှသည့် ယောဂီနှင့် ဆာဒူးကြီးများအကြောင်းကို လေ့လာခဲ့ပေသည်။





သူသည် ဟိမဝန္တာတောင်တန်းများသို့ သွားကာ ယောဂီကြီးများနှင့် တွေ့ခွင့်ရအောင် ကြိုးစားခဲ့သည်။

တွေ့ခွင့်ရသောအခါ သူ သိလိုသောအကြောင်းများကို မေးမြန်းစူးစမ်းခဲ့လေသည်။

ကမ္ဘာပေါ်တွင် အလှပဆုံးနှင့် ဂမ္ဘီရဆန်သော တောတောင်တန်းကြီးများမှာ အိန္ဒိယနိုင်ငံမှ ဟိမဝန္တာတောင်တန်းကြီးနှင့် တိဗက်တောင်တန်းကြီးများပင်ဖြစ်သည်။

အချို့ကလည်း တရုတ်၌ ရှိသော ခွန်လွန်တောင်တန်းကြီးကိုပါ ဂမ္ဘီရဆန်သောနေရာအဖြစ် သတ်မှတ်ကြသည်။ ခွန်လွန်တောင်တန်းကြီးကို တရုတ်တို့၏မူလဂမ္ဘီရ ပင်မနေရာဟု သတ်မှတ်ထားကြသည်။

ဒေါက်တာမင်းထင်ကျော်မှာ လေ့လာစူးစမ်း၍ သုတေသနပြုရသောအလုပ်ကို ဝါသနာပါသူတစ်ယောက်ဖြစ်ရာ ယခုကဲ့သို့ တာဝန်ဝတ္တရား မရှိဘဲ ပေါ့ပါးစွာ နေရသောအခိုက်တွင် ၎င်းအတွက် အကျိုးများမည့်အလုပ်များကိုသာ တစိုက်မတ်မတ် လုပ်ကိုင်ခဲ့လေသည်။

အိန္ဒိယတွင် အများအားဖြင့် ဆာဒူးကြီးများကိုသာ တွေ့ရလေ့ရှိပြီး ယောဂီများကိုတော့ အတွေ့ရနည်းသည်။

ယောဂီများက ဟိမဝန္တာ၌သာ နေပြီး မြို့ရွာများသို့ အသွားအလာ သိပ်မရှိလှပေ။

သို့ကြောင့် ၎င်းတို့နှင့် တွေ့လိုပါက အိန္ဒိယမြောက်ဘက် ဟိမဝန္တာတောင်တန်းများပေါ်သို့ သွားရသည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်မှာ ထိုနေရာများသို့ တကူးတက သွားကာ ယောဂီကြီးများနှင့် တွေ့သောအခါ ၎င်း၏အနာဂတ် အကြောင်းများကို မေးမြန်းသည်။

ထို့ပြင် ၎င်းတို့၏ယောဂကျင့်စဉ်များအကြောင်းကိုလည်း စူးစမ်းလေ့လာလေ့ရှိသည်။

ဒေါက်တာမင်းထင်ကျော်သည် အိန္ဒိယ၌ အတန်ကြာ နေပြီးနောက် မဒရပ်သို့ လာခဲ့သည်။

သူ၏ရည်ရွယ်ချက်မှာ မဒရပ်မှတဆင့် သီဟိုဠ်၌ ရှိသော ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးရန် ရည်ရွယ်ချက်က အဓိက ဖြစ်လေသည်။

တစ်နေ့တွင် မဒရပ်မှ ထွက်ခဲ့ရာ နက်ဂပူးဘူတာသို့ရောက်သောအခါ ရထားက အတန်ကြာအောင် ရပ်တန့်ပေးလေသည်။

နက်ဂပူးဘူတာ ဘူတာငယ်တစ်ခုဖြစ်သော်လည်း ကြား၌ ခရီးတစ်ထောက်နားရန် အဆင်ပြေသဖြင့် အတန်ကြာအောင် ရပ်တန့်ပေးခြင်းဖြစ်လေသည်။

ထိုဘူတာမှာ မန္တလေး-ရန်ကုန် ရထားနှင့် သွားသောအခါ အလယ်နေရာလောက်တွင်ရှိသော တောင်ငူတွင် ခရီးတစ်ထောက်နားသကဲ့သို့ ရထားရောလူပါ အတန်ကြာအောင် နားကြခြင်းဖြစ်ပေသည်။

ထို့ပြင် နက်ဂပူးဘူတာသို့ ရောက်ချိန်မှာ နံနက်ပိုင်း ထမင်းစားချိန်ဖြစ်သောကြောင့် ထမင်းဟင်း၊ မုန့်ပဲသွားရည်စာ ဝယ်စားသူများဖြင့် စည်ကားလှပေသည်။

ဘူတာစကြံနံတလျှောက်တွင် ခရီးသည်၊ ဈေးသည်၊ သူ





တောင်းစား၊ အလစ်သုတ်သူများအပြင် အရွယ်မရောက်တရောက် (၁၂)နှစ် (၁၃)နှစ်အရွယ်ခန့်သာ ရှိဦးမည့် မိန်းကလေးများမှာ ဘူတာအတွင်းရှိ ခရီးသည်များ ခန္ဓာကိုယ်ရောင်းရန်အတွက် သိုက်လုံမြူဆွယ်နေသည်ကို အများအပြား တွေ့ရသည်။

အိန္ဒိယမှာ လူတန်းစား မညီမျှပေ။

ချမ်းသာသူများက ကျိကျိတက်လောက်အောင်ချမ်းသာပြီး ဆင်းရဲသူများမှာ နေစရာစားစရာ မရှိအောင်ပင် ဆင်းရဲကြသည်။

သို့ကြောင့် ဆင်းရဲသော မိသားစုအသိုင်းအဝန်းမှ မွေးဖွားလာသော မိန်းကလေးအတော်များများမှာ အရွယ်ရောက်စမှာပင် ပျက်စီးကြရသည်။

အချို့ဆိုလျှင် အရွယ်မရောက်သေးခင်မှာပင် ဖျက်ဆီးခြင်းခံကြရသည်။

ဘူတာအတွင်းမှာ တစ်နေ့စာအတွက် ဝမ်းစာရရန်အတွက် ခန္ဓာကိုယ်ရောင်းရန် မြူဆွယ်နေကြသည့် မိန်းကလေးအချို့မှာ ခရီးသည်အချို့၏လက်မောင်းကို ရဲရဲတင်းတင်းကိုင်ကာ မြူဆွယ်လျက်ရှိနေသည်ကို မြင်ရသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်မချမ်းမသာဖြစ်မိလေသည်။

၎င်းတို့မှာ ထိုအလုပ်မျိုးကို လုပ်ကိုင်ချင်ကြမည် မဟုတ်ဘဲ စစ်၏အနိဋ္ဌာရုံများကြောင့် ဆင်းရဲငတ်မွတ်မှုဘေးများက စေခိုင်းသဖြင့်သာ ထိုဘဝမျိုးသို့ မရောက်ချင်ဘဲ ရောက်ခဲ့ကြဟန်ရှိပေသည်။

ဘူတာစကြံနံတွင် တွေ့ရသော မြင်ကွင်းများမှာ အသတ်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကြီးပြီး အိုမင်းမစွမ်းဖြစ်နေသူများကတော့ တောင်းရမ်းစားသောက်နေကြရပြီး မိန်းကလေးများကတော့ ခန္ဓာကိုယ်နှင့် ရင်းပြီး ငွေရှာရန် ကြိုးစားနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဘူတာစကြံန်၌ မနက်စာ စားပြီးနောက် မိမိတွဲရှိရာသို့ ပြန်လာစဉ် အခြားတွဲတစ်တွဲမှ ဆူဆူညံညံ အသံကြားရသဖြင့် ထိုနေရာသို့ လျှောက်သွားလေသည်။

အကျႌဖြူ ဘောင်းဘီဖြူ ဝတ်ဆင်ထားသော လက်မှတ်စစ်တစ်ယောက်က ဆာဒူးတစ်ယောက်ကို ရထားပေါ်မှ ဆွဲချနေလေသည်။

ဆာဒူးကြီးတစ်ကိုယ်လုံးမှာ ခါး၌ နံငယ်ပိုင်းတစ်ထည်သာ ရှိလေသည်။

"ဘာဖြစ်တာလဲ"

ဒေါက်တာမင်းထင်ကျော်က ကုလားစကားဖြင့်ပင် မေးလိုက်တော့ လက်မှတ်စစ်က ဒေါသမျက်နှာဖြင့် လှည့်ကြည့်သည်။

ဒေါက်တာမင်းထင်ကျော်၏သွင်ပြင်ကို မြင်တော့မှ မျက်နှာထားပြောင်းသွားလေသည်။

"လက်မှတ်မပါဘဲနဲ့ ရထားခိုးစီးတယ် ဆပ်"

ဒေါက်တာမင်းထင်ကျော်က ဆာဒူးကြီးကို တစ်ချက်ကြည့်လိုက်လေသည်။

၎င်းလက်ထဲမှာ ကြေးအိုးတစ်လုံးသာ ပါလာပြီး အခြားပစ္စည်းဟူ၍ ဘာတစ်ခုမှ မပါပေ။

သို့ကြောင့် ရထားလက်မှတ်ပေးရန်လည်း ရှိဟန်မတူပေ။





"ခင်ဗျားဘယ်သွားမှာလဲ"

ဒေါက်တာမင်းထင်ကျော်က ဟိန္ဒူစတန်နီဘာသာဖြင့် မေးလိုက်တော့ ဆာဒူးကြီးက မော့ကြည့်ပြီး ရွာတစ်ရွာ၏အမည်ကို ပြောပြလေသည်။

သူပြောသောရွာအမည်မှာ မဒရပ်အနီးမှ ရွာတစ်ရွာပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ ငွေတစ်ဆယ်တန်တစ်ရွက်ထုတ်ကာ လက်မှတ်စစ် လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"သူ့အတွက် လက်မှတ်တစ်စောင်ကို ခင်ဗျားကပဲ ဝယ်ပေးပါ၊ သူ့ကိုတော့ အထူးခန်းမှာပဲ ခေါ်ထားလိုက်ပါ့မယ်"

ဟု ပြောလိုက်ရာ လက်မှတ်စစ်မှာလည်း ကျေနပ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ဆာဒူးကြီး သွားမည့်နေရာ အတွက် လက်မှတ်ခမှာ တစ်ဆယ်မကျဘဲ အတော်များများ ပိုနေသောကြောင့်ဖြစ်သည်။

လက်မှတ်စစ် ထွက်သွားသောအခါ ဒေါက်တာမင်းထင်ကျော်က ဆာဒူးကြီးကို ၎င်းစီးသောတွဲသို့ ခေါ်လာခဲ့လေသည်။

တွဲသို့ ရောက်သောအခါ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ထိုင်ရန်ပြောသော်လည်း မထိုင်ဘဲ ရထားကြမ်းပြင်ပေါ်မှာသာ တင်ပလ္လင်ခွေ ထိုင်ချလိုက်သည်။

ကြေးအိုးကလေးကိုတော့ သူ့နံဘေး၌ ချထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ရထားအောက်သို့ တကျော



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းသွားပြီး စားသောက်ဆိုင်မှ မုန့်အချို့အချို့နှင့် ချာပါတီနှင့် အာလူးဟင်းတို့ကို ဝယ်ယူကာ တွဲပေါ် ပြန်တက်လာသည်။

တွဲပေါ်ရောက်တော့ ဆာဒူးကြီးကို ကမ်းပေးတော့ ရုတ်တရက် မယူသေးဘဲ ဒေါက်တာမင်းထင်ကျော်၏မျက်နှာကို စိုက်ကြည့်နေသည်။

ထိုအခါမှ ၎င်းမှာ တစ်ကိုယ်လုံး ညစ်ပေနေသော်လည်း မျက်လုံးများက စူးရှတောက်ပကာ စွမ်းအားရှိကြောင်း သိရလေသည်။

“ခင်ဗျားအတွက် ဝယ်လာတာပါ. . . စားပါ”

ဟု ပြောတော့မှ လှမ်းယူပြီး ကျေနပ်ရစွာဖြင့် စားလေသည်။

ပြီးလျှင် ဒေါက်တာမင်းထင်ကျော် ပေးသောရေဘူးကို မယူဘဲ နံဘေးမှာ ချထားသော ကြေးအိုးအတွင်းမှ ရေကိုသာ သောက်လေသည်။

စားသောက်ပြီးသောအခါ ဘာမှ ထွေထွေထူးထူး မပြောတော့ဘဲ မျက်စိမှိတ်ကာ တရားရှုမှတ်နေဟန်ရှိသည်။ ဒေါက်တာမင်းထင်ကျော်လည်း ၎င်းအား အနှောင့်အယှက် မပေးလိုသောကြောင့် ဘာမှထပ်မပြောတော့ဘဲ စာအုပ်တစ်အုပ်ကို ထုတ်ဖတ်လာလေသည်။

ရထားမှာ ဘူတာမှ ထွက်ခဲ့ပြီးနောက် ကြား၌ ရှိသော ဘူတာကလေးများတွင် တစ်ဘူတာဝင် တစ်ဘူတာထွက်ဖြင့် ခရီးဆက်လာခဲ့လေသည်။

အိန္ဒိယမှာ အပူရှိန်မြင့်မားသော နေရာဒေသ ဖြစ်သော





ကြောင့် နေမြင့်လေလေ အပူရှိန်မြင့်လေလေရှိသည်။

ဒေါက်တာမင်းထင်ကျော်မှာ လိမ္မော်သီး စားလိုက်၊ ရေသောက်လိုက်နှင့် လိုက်ခဲ့ရာမှ တစ်လမ်းလုံး ငြိမ်သက်စွာ လိုက်လာသော ဆာဒူးကြီးကို ကြည့်ကာ မေးလိုက်သည်။

“ခင်ဗျား လိမ္မော်သီး စားပါလား”

ထိုအခါမှပင် မျက်စေ့ဖွင့်ကာကြည့်သည်။

ဒေါက်တာမင်းထင်ကျော်က လိမ္မော်သီးကို ပေးတော့ ယူပြီး စားသည်။

“တရားထိုင်နေတာလား”

“ဟုတ်ပါတယ်”

“ဘာတွေမြင်ရသလဲ”

“ကျွန်ုပ်သိချင်တာတွေ သိလို့ရတယ်”

“အခု ဘာတွေမြင်ရသလဲ”

“သင့်အကြောင်းကို အာရုံခံကြည့်နေတာပါ”

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

“ကျွန်တော့်အကြောင်းတွေကို အာရုံခံကြည့်တော့ ဘာတွေများ တွေ့ရသလဲဟင်”

“သင်က မြန်မာလူမျိုးတစ်ယောက်ပဲ၊ အင်္ဂလိပ်တွေ လက်အောက်မှာ အမှုထမ်းရင်းနဲ့ အိန္ဒိယ ရောက်လာခဲ့တာမဟုတ်လား”

“မှန်ပါတယ်”

“အခု သင်တို့မြန်မာပြည်မှာ ဖက်ဆစ်ဂျပန်တွေက သောင်



www.burmeseclassic.com

www.burmeseclassic.com



မီးပုံးတွေ ချလို့ နေရာအနှံ့မှာ မီးဟုန်းဟုန်းတောက်နေပြီ၊ ဒါပေမယ့် မကြာပါဘူး၊ ဒီမိစ္ဆာကောင်တွေ ထွက်ပြေးရတော့မှာပါ"

ထိုစကားကြောင့် စိတ်ထဲမှ အားရှိသလို ခံစားရသည်။

"သင်အခု လက်ဘာဒီပကို ဘုရားဖူးသွားဖို့ ရည်ရွယ်ချက်နဲ့ ခရီးထွက်ခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်"

ဆာဒူးကြီးက လိမ္မော်သီး စားပြီးသောအခါ ကြေးအိုးထဲမှ ရေကို သောက်ပြန်လေသည်။

ဒေါက်တာမင်းထင်ကျော်ကကော့ ၎င်းနှင့် ပတ်သက်သော အကြောင်းများကို ထပ်မံသိလိုသေးသောကြောင့် ဆာဒူးကြီးကို ကြည့်နေလေသည်။

"ဒါတင်ပဲလား. . . ဆက်ပြောပါဦး"

"လက်ဘာဒီပကို ရောက်တဲ့အခါ လှပချောမောတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွေ့ရသလို သင့်ဘဝအတွက် ကြောက်စရာကောင်းလှတဲ့ မရဏဘေးတွေနဲ့လည်း အကြိမ်ကြိမ် တွေ့ရလိမ့်မယ်"

"ဟင်. . . ဘယ်လို မရဏဘေးတွေလဲ"

ဒေါက်တာမင်းထင်ကျော်က စစ်ဘေးဒဏ်တို့နှင့် ကြုံရမည်ဟု ထင်သဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဝိညာဉ်လောကနဲ့ ပတ်သက်တဲ့ မိစ္ဆာကောင်တွေရဲ့ အန္တရာယ်ကြောင့် အသက်ဘေးနဲ့ ကြုံတွေ့ရမယ်လို့ ပြောတာပါ၊ ကျွန်ုပ်ကတော့ အချိန်မရလို့ ဒီလောက်ပဲ ပြောပြလိုက်မယ်၊ ဒီထက်ပိုပြီးသိ





ချင်ရင် ကျွန်ုပ်ဆရာသခင်နဲ့ တွေ့မှ မေးကြည့်ပေတော့"

"ခင်ဗျားဆရာက ဘယ်သူလဲ"

"နာဒဆွာမိလို့ ခေါ်တယ်"

"သူက ဘယ်မှာ နေတာလဲ"

"မဟိန္ဒလေ့တောင်ခြေမှာ ရှိတယ်၊ မဟိန္ဒလေ့တောင်ခြေက ရင်းတိုက်တောထဲမှာ နေတယ်"

"ကျွန်တော်သွားရင်ကော သူသိပါ့မလား"

"သိပါတယ်. . . သင့်အကြောင်းကို ကျွန်ုပ်ပြောပြထားပြီးပါပြီ၊ သင်သွားတဲ့အခါ သူက လက်ခံတွေ့ဆုံပါလိမ့်မယ်"

ဟု ပြောသောအခါ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ယုံတဝက် မယုံတဝက် ဖြစ်သွားလေသည်။

သို့သော်လည်း တယ်လီပသီနည်းဟုခေါ်သော စိတ်ချင်းဆက်သွယ်နိုင်သောနည်းလမ်းများလည်း ရှိသည်မို့ မယုံကြည်၍လည်း မဖြစ်ပေ။

"သင့်ရဲ့စိတ်ထဲမှာ ကျွန်ုပ်ကို မယုံမကြည် ဖြစ်နေတယ် မဟုတ်လား၊ ကျွန်ုပ်ပြောတဲ့စကားတွေကို ယုံပါ၊ သင်က ကျွန်ုပ်ပေါ်မှာ ကျေးဇူးပြုခဲ့သူမို့ အခုလိုစကားမျိုးတွေ ပြောရခြင်းဖြစ်ပါတယ်၊

အခြားသူများကိုတော့ ပြောရန် အကြောင်းမရှိပါ၊ ကျွန်ုပ်ပြောတဲ့စကားတွေကို အသေအချာ မှတ်ထားပါ၊ ပရလောကသားတွေရဲ့နှိပ်စက်မှု ခံရတဲ့အခါ ကျွန်ုပ်ရဲ့ဆရာသခင်နဲ့ တွေ့ဖြစ်အောင်သွားတွေ့လိုက်ပါ"

ထိုအချိန်မှာ ရထားက ဥဩဆွဲသံများ အဆက်မပြတ် မြည်



www.burmeseclassic.com

www.burmeseclassic.com



ရင်း တဖြည်းဖြည်းနှင့် အရှိန်လျော့လာချေပြီ။

မကြာမီ ဘူတာတစ်ခုတွင် ဆိုက်ကပ်ပေတော့မည်။

ဆာဒူးကြီးက နံဘေးနားမှာ ချထားသော ကြေးအိုးကလေးကို ကောက်ယူပြီး နေရာမှ ထရပ်လိုက်သည်။

"ကျွန်ုပ်သွားလိုတဲ့နေရာ ရောက်တော့မှာမို့ သွားတော့ မယ်၊ ကျွန်ုပ်အပေါ်မှာ အခုလို အကူအညီပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ်ပြောတာတွေကိုလည်း မမေ့ပါနဲ့"

"ကောင်းပါပြီ. . . ဒါထက် ခင်ဗျားရဲ့နာမည်က ဘယ်သူလဲ"

"ချန္ဒရလို့ ခေါ်ပါတယ်"

ထိုအချိန်မှာပင် ရထားက ဘူတာနယ်နိမိတ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာချေသည်။

ချန္ဒရဆိုသော ဆာဒူးကြီးက ဒေါက်တာမင်းထင်ကျော် ဦးခေါင်းကို လက်တစ်ဖက်ဖြင့် ထိပြီး ပါးစပ်မှလည်း တတွတ်တွတ်ဆုတောင်းပေးနေသည်။

ရထားက တုန့်ကနဲ ရပ်သွားသောအခါ ကြေးအိုးကလေးကို ကိုင်ကာ အခန်းထဲမှ ထွက်ပြီး အောက်သို့ ဆင်းသွားဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က ရထားပြတင်းပေါက်မှ ဦးခေါင်းထွက်ပြီးကြည့်သည်။

ရထားပေါ်မှ ဆင်းသွားသောခရီးသည်များထဲတွင် ဆာဒူးကြီးကို မတွေ့ရပေ။





အခြားတဖက်သို့ လျှောက်သွားလေသလားဟု ထင်ကာ လိုက်ရှာကြည့်သော်လည်း အရိပ်အယောင်မျှပင် မတွေ့ရပေ။

ထိုဘူတာကလေးမှာ ကြားဘူတာဖြစ်သောကြောင့် အတက်အဆင်း ခရီးသည်လည်း မများလှပေ။

အဝေးတွင် တောင်ကုန်းတောင်တန်းများ ရှိပြီး တောင်ခြေ၌ ရွာငယ်လေးအချို့ရှိသည်။

ခရီးသည်များမှာ ထိုရွာမှ လာသူများဖြစ်ကြသည်။

ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းတိုးထွက်လိုက်သောအခါ အရှေ့အနောက် ရထားစင်္ကြံတလျှောက်ကို အားလုံးလှမ်းမြင်ရသည်။

ကျဲကျဲပါးပါးသာ ရှိနေသော ခရီးသည်များထဲမှာ ဆာဒူးကြီးကို လုံးဝမတွေ့ရတော့ပေ။

ထိုအခိုက်မှာပင် ရထားဘူတာမှ စတင်ထွက်ခွာလေသည်။

ရထားအရှိန်ရလာသည့်တိုင် ဒေါက်တာမင်းထင်ကျော်က အပြင်သို့ လှမ်းကြည့်နေဆဲပင်ရှိသေး၏။

ဘူတာရုံအနီးတဝိုက်မှာ ရှိသော သစ်ပင်ကြီးများနှင့် အဆောက်အဦးများကို ကျော်လာသောအခါ အဝေးသို့ လှမ်းမြင်ရသည်။ နေရောင်ခြည်ပြင်းပြင်းအောက်မှာ လယ်ကွင်းများနှင့် တောင်ကုန်းများကို အထင်းသား မြင်နေရသည်။

ထိုအခါမှ အုံ့ဩဖွယ်ရာမြင်ကွင်းကို လှမ်းမြင်ရသည်။

လယ်ကွက်သုံးလေးကွက်ခြားသော တောင်ကုန်းတစ်ခုပေါ်မှာ လူတစ်ယောက် ရပ်ကာ လက်ပြနေလေသည်။



www.burmeseclassic.com

ထိုသူမှာ အခြားမဟုတ်ပေ။

ဆာဒူးကြီး ချန္ဒရပင်ဖြစ်ပေတော့သည်။







အခန်း(၂)

# ပဟေဠိစံအိမ်သို့ ရောက်ရှိခြင်း

မဒရပ်ဘူတာသို့ ရထားဆိုက်သောအခါ အသင့်စောင့်ဆိုင်းနေကြသော ကူလီများမှာ ရထားတွဲများပေါ်သို့ အလုအယက်ပြေးတက်လာကြသည်။

ခရီးသည်များ၏အိပ်ယာလိပ်၊ ခရီးဆောင်အိတ်များကို သူ့ထက်ငါ အရင်ဦးအောင် ပြေးဆွဲကြသဖြင့် ခရီးသည်တို့မှာ မိမိတို့ပစ္စည်းများ ပါမသွားစေရန် ဂရုတစိုက် ကြည့်ရှုကြရလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အသက်အရွယ်ကြီးလှပြီဖြစ်သော အဘိုးအိုတစ်ဦးကို အိပ်ယာလိပ် ထမ်းစေကာ ခရီးဆောင်



www.burmeseclassic.com

အိတ်ကို ဆွဲ၍ ရထားပေါ်မှ ဆင်းလာခဲ့လေသည်။

မဒရပ်မြို့တွင် လေးငါးရက်ခန့် နေရသေးသည်။ ပြီးမှ သင်္ဘောပတ် အဆင်ပြေသောနေ့တွင် သီဟိုဠ်သို့ ခရီးဆက်ရလေသည်။

ထိုသင်္ဘောသည် သီဟိုဠ်ကျွန်းအထက်ပိုင်းတွင် ရှိသော ဂျပ်ဖနားအထိ ခရီးဆက်မည်ဖြစ်ပေသည်။

သီဟိုဠ်ကျွန်းမှာ ရှေးအခါက 'လင်္ကာဒီပ' ဟု အမည်တွင်ခဲ့သောနေရာဟောင်းလည်းဖြစ်သည်။

ရာမ၊ လက္ခဏာ၊ မယ်သီတာ၊ ဒဿဂီရိဘီလူး၊ ဟန်နူမာမျောက် စသည်တို့နှင့် စပ်လျဉ်းပြီး လင်္ကာဒီပ ဟူသောအမည်မှာ လူသိများ ထင်ရှားခဲ့သောကျွန်းလည်းဖြစ်ပေသည်။

ဂျပ်ဖနားသို့ သင်္ဘောဆိုက်ကပ်သောအခါ ကမ်းပေါ် တက်လာခဲ့သည်။

တကယ်တော့ လင်္ကာဒီပသည် ဒေါက်တာမင်းထင်ကျော်အတွက် နယ်မြေစိမ်းတစ်ခုသက်သက်သာ ဖြစ်ပေသည်။ ဂျပ်ဖနားမှာ မြို့ငယ်တစ်ခုမျှသာဖြစ်သည်။

ကမ်းပေါ် ရောက်၍ တည်းခိုစရာ စုံစမ်းမေးမြန်းကြည့်သောအခါ အဆင်မပြေပေ။

သို့ကြောင့် တမီးလ်ထမင်းဆိုင်တစ်ဆိုင်မှာ ခေတ္တတည်းခိုရလေသည်။

ဂျပ်ဖနားမှာ တမီးလ်လူမျိုးများ အများဆုံး နေထိုင်သောမြို့ဖြစ်သောကြောင့် တမီးလ်မြို့ဆိုလျှင်တောင် မမှားပေ၊ ဂျပ်ဖနားမြို့





မှ ကန္ဒီသို့ ရောက်အောင် ဘတ်စ်ကား စီး၍သွားကြရသည်။

ကန္ဒီမြို့မှာ မြန်မာနိုင်ငံနှင့် ပတ်သက်၍ လူသိများသော အမည်နာမတစ်ခုဖြစ်သည်။

ဗြိတိသျှ စစ်သေနာပတိချုပ် လော့ဒ်လူဝီမောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ စာချုပ်ချုပ်ဆိုခဲ့သောမြို့ဖြစ်သည်။

ကန္ဒီမြို့၌ စာချုပ်ချုပ်သည့်အတွက် ကန္ဒီစာချုပ်ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်သည် ဂျပ်ဖနားမြို့တွင် သိပ်ကြာကြာမနေဘဲ ကန္ဒီသို့ ဘတ်စ်ကားဖြင့် ခရီးဆက်ခဲ့လေသည်။

ကန္ဒီမြို့မှာ သီဟိုဠ်ကျွန်းတွင် အလှပဆုံးမြို့တော်ဖြစ်လေသည်။ ကန္ဒီမြို့တွင် ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်ရာ ဘုရားကျောင်းရှိပေသည်။ ထိုဘုရားကျောင်းကို 'ဒေဒါဗလီဂဝါ' ဟု အမည်ပေးခေါ်ဝေါ်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ဘုရားပွဲကို နှစ်စဉ် ဩဂုတ်လအတွင်း လပြည့်နေ့ညတွင် ကျင်းပပြုလုပ်လေ့ရှိရာ စည်ကားလှပေသည်။

ဗုဒ္ဓမြတ်စွယ်တော်ဘုရားပွဲကို နှစ်စဉ်ဩဂုတ်လအတွင်း လပြည့်နေ့ညတွင် ကျင်းပပြုလုပ်လေ့ရှိရာ စည်ကားလှပေသည်။

ဗုဒ္ဓမြတ်စွာ၏အထက်လက်ယာစွယ်တော်တစ်ဆူမှာ တာဝတိံသာနတ်ပြည်၌ ကိန်းဝပ်တော်မူသည်။

အောက်လက်ယာစွယ်တော်မြတ်မှာ နဂါးပြည်၌ ကိန်းဝပ်တော်မူသည်။

အထက်လက်ဝဲစွယ်တော်သည် ဂန္ဓာရတိုင်း(ယခုပါကစ္စတန်



www.burmeseclassic.com

www.burmeseclassic.com



ပြည်)၌ ကိန်းဝပ်စမ့်ပါယ်တော်မူသည်။

အောက်လက်ဝဲစွယ်တော်မြတ်သည် ဒန္တပူရပြည် (ယခု သီရိလင်္ကာနိုင်ငံ)၌ ကိန်းဝပ်စမ့်ပါယ်တော်မူရာ ယခု ကန္ဒီမြို့၌ရှိသော စွယ်တော်မှာ ဗုဒ္ဓမြတ်စွာ၏အောက်လက်ဝဲစွယ်တော်မြတ်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ ကန္ဒီမြို့ကို ရောက်စမှာပင် အခက်အခဲ တွေ့ရသည်။

သီဟိုဠ်စကားကို သူ နားမလည်သည့်အပြင် အိန္ဒိယမှာ အသုံးပြုခဲ့သော ဟိန္ဒူစတန်နီစကားကိုလည်း အတော်များများက နားမလည်ကြသဖြင့် အခက်အခဲ တွေ့ရသည်။

ထို့ပြင် သီဟိုဠ်သို့ တစ်ခေါက်မှ မရောက်ဖူးသောကြောင့် ဘယ်သို့ သွား၍ ဘယ်လာရမှန်း မသိအောင် ရှိနေတော့သည်။

ထို့ကြောင့် တက္ကစီတစ်စီးကို ခေါ်ပြီး စွယ်တော်မြတ် ကိန်းဝပ်ရာ ဒေဒါဇလီဂဝါ ဘုရားကျောင်းသို့ ပို့ခိုင်းရသည်။

ဘုရားဖူးပြီးတော့မှ ကန္ဒီမြို့မှာ နာမည်ကြီးလှသော ကန်တော်ကြီးကို အပို့ခိုင်းရလေသည်။

၎င်းကန်ကို ကန္ဒီကန်သာဟု ခေါ်သည်။

ထိုကန်မှာ ရန်ကုန်မြို့၌ ရှိသော ကန်တော်ကြီးထက် ပိုကြီးသည်။ သာယာလှပမှုနှင့်လည်း ပြည့်စုံလေသည်။

ကန်သာ၏ပတ်လည်တွင် စိမ်းလန်းစိုပြည်သော တောင်ကုန်းကလေးများဝန်းရံထားသည်မှာ လှပတင့်တယ်လှသည်။

ဒေါက်တာမင်းထင်ကျော်က သစ်ပင်သစ်ရိပ်ကောင်းပြီး





ကန်၏အလှကို လှမ်းမြင်နိုင်သော ကန်စောင်းမှ ခုံတန်းလျားတစ်ခုပေါ်မှာ ဝင်ထိုင်ရင်း အမောဖြေရလေသည်။

လတ်ဆတ်သောလေကို ရှူရခြင်း၊ လှပသောမြင်ကွင်းများကြောင့် နောက်ကျိနေသောစိတ်မှာ အနည်းငယ် ကြည်လင်လန်းဆန်းလာလေသည်။

ထိုသို့ထိုင်နေရင်းမှ စကားပြောရန်လည်း ခက်ခဲပြီး အသိအကျွမ်းမိတ်ဆွေလည်း မရှိသော ကန္ဒီ၌ အချိန်ကြာကြာ နေ၍ ဖြစ်မှန်း တွေးမိလေသည်။

ထိုအခိုက်မှာပင် ကန်ပတ်လမ်းအတိုင်း လျှောက်လာသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရသည်။

ထိုအမျိုးသမီးမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိပြီးအသားအရေ ဖြူဝင်းလျက် လှပချောမောသူတစ်ယောက်ဖြစ်မှန်း အဝေးကပင် သိနိုင်ပေသည်။

ကျောလယ်လောက်အထိ ရှည်လျားသော ဆံပင်ရှည်များကို ဖြန့်ချထားပြီး အနည်းငယ် ပါးသော ဆာရီကို ဝတ်ထားလေသည်။

ကန်ရေပြင်မှ ဖြတ်တိုက်လာသော လေက သူမ၏ဆံပင်ရှည်များနှင့် ဆာရီကို တလူလူ လွင့်နေစေသည်။

မလှမ်းမကမ်းသို့ ရောက်လာသောအခါမှ နက်မှောင် သောဆံပင်ရှည်၊ ဖြူဝင်းသောအသား၊ ထူထဲလှသောမျက်ခုံး၊ လှပသောမျက်လုံး၊ ပေါ်လွင်သောနှာတံ၊ သပ်ရပ်လှပသောနှုတ်ခမ်းနှင့် အချိုးအဆစ်ကျ ပြေပြစ်သော ကိုယ်လုံးကိုယ်ထည် စသည်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသည်။

အမျိုးသမီးက တစ်စုံတစ်ခုကို တွေးတောဟန်ဖြင့် ကန်ရေပြင်ဘက် ကြည့်ကာ လျှောက်လာရင်းမှ ဒေါက်တာမင်းထင်ကျော် ထိုင်နေသောထိုင်ခုံအနီးသို့ ရောက်လာသည်။

ဒေါက်တာမင်းထင်ကျော်မှာ အိန္ဒိယအမျိုးသမီး အချော အလှအတော်များများကို တွေ့ခဲ့ဖူးသော်လည်း ယခုတွေ့ရသော အမျိုးသမီးလောက် မလှဟု မှတ်ချက်ချမိလေသည်။

သူ့အတွေးနှင့်သူ ငေးငေးငိုင်ငိုင်နှင့် လျှောက်လာသော အမျိုးသမီးက မလှမ်းမကမ်းရောက်မှ သူမကို ကြည့်နေသော ဒေါက်တာမင်းထင်ကျော်နှင့် အကြည့်ချင်း ဆုံသွားပြီး ခြေလှမ်းတုံ့ သွားသည်။

ဒေါက်တာမင်းထင်ကျော်က ပြုံးပြလိုက်သည်။

ထိုအခါ အမျိုးသမီးကလည်း ပြန်ပြုံးပြပြီး အနားသို့ လျှောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော် ချထားသော အိပ်ယာလိပ်နှင့် အဝတ်အစား ထည့်သောအိတ်ကို တစ်ချက်ကြည့်လိုက်လေသည်။

"ဒီမှာ ခဏထိုင်မယ်နော်"

ဟု မြန်မာဘာသာစကားဖြင့် ပြောရာ အံ့သြသွားလေ သည်။

"ထိုင်ပါ. . . ထိုင်ပါ"

ထိုအခါ မနီးမဝေးမှာ ဝင်ထိုင်လေရာ သူမထံမှ သင်းပျံ့ သောရနံ့များက ပျံ့လွင့်လာလေသည်။





"အစ်ကိုက မြန်မာလူမျိုးလား"

"ဟုတ်ပါတယ်. . ကျွန်တော်က မြန်မာလူမျိုးတစ်ယောက် ပါ၊ ဒါထက် ဒီကရော"

"ကျွန်မလည်း မြန်မာလူမျိုးစစ်စစ် မဟုတ်ပေမယ့် မြန်မာ သွေးပါသူတစ်ယောက်ပါ"

"ဪ. . . ဒါကြောင့် မြန်မာစကား ပြောတတ်တာကိုး"

"ကျွန်မက မြန်မာစကား ပြောတတ်ရုံ မဟုတ်ပါဘူး၊ မြန်မာ ပြည်ကိုလည်း ရောက်ဖူးပါတယ်၊ ဒါထက် ကန္ဒီကို အလည်လာတာ လား"

"ဟုတ်ပါတယ်. . . ဘုရားဖူးရင်း ရောက်လာတာပါ၊ ဒီ ရောက်မှ အသိမိတ်ဆွေ မရှိတာနဲ့ တည်းခိုဖို့ နေရာရှာရင်းနဲ့ ဒီမှာ လာထိုင်နေတာပါ"

"အခုလိုနေရာမျိုးမှာ မြန်မာလူမျိုးတစ်ယောက်ကို တွေ့ရ တာ ဝမ်းသာစရာပဲ၊ ဒါထက် မြန်မာပြည်အခြေအနေရော ဘယ်လို ရှိသလဲဟင်"

"ကျွန်တော်က တာဝန်နဲ့ အိန္ဒိယ ရောက်နေခဲ့တာ အတော် ကြာပါပြီ၊ သတင်းကြားတာကတော့ မြန်မာပြည်ကို ဂျပန်တပ်တွေ ဝင်နေတယ်လို့တော့ ကြားရပါတယ်"

"ဒီမိစ္ဆာတွေရဲ့ရန်က ဘယ်တော့များမှ အေးမလဲ မသိဘူး နော်"

"အချိန်ကတော့ သိပ်မလိုတော့ပါဘူး၊ မကြာခင်မှာ လွတ် လပ်ရေး ရတော့မယ့် အခြေအနေမှာ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာစရာပေါ့ အစ်ကိုရယ်၊ ကျွန်မတို့လည်း လွတ်လပ်ရေး ရပြီးမှပဲ မြန်မာပြည်ကို တစ်ခေါက်ပြန်ဖို့ စိတ်ကူးထားတယ်"

"ဒါဖြင့် သီဟိုဠ်ရောက်တာ အတော်ကြာပြီပေါ့နော်"

"ကျွန်မတစ်သက်ပဲ ဆိုရမှာပေါ့၊ ဩော် . . . ဒါထက် အစ်ကို ဒီမှာ တည်းခိုဖို့ အသိမိတ်ဆွေ မရှိရင် ကျွန်မတို့အိမ်မှာ လိုက်တည်းလို့ ရပါတယ်"

"အခုလို ဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အားနာစရာကောင်းတာမို့ မလိုက်တော့ပါဘူး"

"အခုလို အခြေအနေ မကောင်းတဲ့အချိန်ကာလမှာ ဘယ်သူကမှ လူစိမ်းတစ်ယောက်ကို လက်ခံဝံ့မှာ မဟုတ်ဘူး၊ ကျွန်မက မြန်မာလူမျိုးတစ်ယောက်ကို တွေ့ရလို့ ဖိတ်ခေါ်တာပါ၊

အစ်ကို့ကို မြင်ရင် အဖေကလည်း စကားပြောဖို့ အဖော်ရမှာမို့ ဝမ်းသာမှာပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်မှာ ဝမ်းသာသွားမိလေသည်။

"အခုလို ဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ . . . ကျွန်မလည်း အစ်ကိုနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မနာမည်က သီရိစန္ဒာလို့ ခေါ်ပါတယ်၊ ရင်းရင်းနှီးနှီး သီရိလို့ပဲ ခေါ်ပါ၊ ဒါထက် အစ်ကိုက ဆရာဝန်တစ်ယောက်လား"

"မဟုတ်ပါဘူး . . . သုတေသနသမားပါ"

"ကဲ . . . သွားကြရအောင် အစ်ကို၊ ကျွန်မမှာ မော်တော်





ကားပါလာပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြရပြန်လေသည်။

သီရိစန္ဒာကို တွေ့စက သာမန်ရုပ်ရည်ချောမောလှပသူ တစ်ယောက်ဟုသာ ထင်မိသော်လည်း ယခုမှ ကားစီးနိုင်သော သူတန်းစားတစ်ရပ်ဖြစ်ကြောင်း သိရလေသည်။

သီဟိုဠ်မှာလည်း အိန္ဒိယမှာကဲ့သို့ လူတန်းစား မညီမျှမှု များစွာရှိလေသည်။

ချမ်းသာသူများမှာ ကျိကျိတက် ချမ်းသာပြီး ဆင်းရဲသူများမှာ နေစရာစားစရာမရှိဖြစ်နေကြသည်။

နှစ်ယောက်သား ကန်တော်ကြီးပန်းခြံအပြင်ဘက်သို့ ထွက်လာကြရာ အပေါက်ဝနှင့် မနီးမဝေးတွင် ရပ်ထားသော အနက်ရောင် မော်တော်ကားတစ်စီး လှမ်းမြင်ရလေသည်။

ထိုကားမှာ ဘဲလ်အဲယား ကားအမျိုးအစားဖြစ်ပြီး ပေါက်ဈေးနှင့်ဆိုပါက သောင်းကျော်ပေးမှ ရနိုင်ပေမည်။

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်က သောင်းဂဏန်းငွေမှာ ယခုကာလငွေတန်ဖိုးနှင့် နှိုင်းယှဉ်လျှင် များစွာတန်ဖိုးမြင့်လှပေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် သီရိစန္ဒာတို့နှစ်ယောက် လျှောက်လာသည်ကို မြင်သောအခါ ကားဘေးနားမှာ အဆင်သင့်စောင့်နေသော ဒရိုင်ဘာက ပြေးလာသည်။

သီရိစန္ဒာက တမီးလ်ဘာသာစကားဖြင့် ပြောလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဒေါက်တာမင်းထင်ကျော်လက်ထဲမှ ပစ္စည်းများကို လှမ်းယူပြီး နောက်ကားနောက်ဖက် အဖုံးဖွင့်၍ထည့်နေလေသည်။

နှစ်ယောက်သား ကားပေါ် တက်ပြီးသောအခါ ကားကို မောင်းထွက်လာသည်။

ဒရိုင်ဘာမှာ တမီးလ်လူမျိုးပင်ဖြစ်သည်။

ကားမောင်းလာသောအခါ သီရိစန္ဒာက တမီးလ်စကားနှင့်ပင် ဒရိုင်ဘာကို မေးသည်။

"အခြေအနေ ဘာထူးတာ တွေ့သလဲ"

"ဘာမှတော့ မတွေ့ရဘူး သခင်မ၊ ဒါပေမယ့် သူတို့တတွေတော့ ဒီကန်ပွတ်ဝန်းကျင်မှာ ရှိနေပုံရတယ်၊ စောစောက လူတစ်ယောက် မော်တော်ကား တိုက်မိသံ ကြားလိုက်ရတယ်၊ ကားက လူကို တိုက်တာ မဟုတ်ဘူး၊ လူက မောင်းလာတဲ့ ကားရှေ့ကို ပြေးဝင်သွားပြီး ခေါင်းနဲ့ တိုက်တာ၊ တစ်ခါတည်း ပွဲချင်းပြီး သေတာပဲ"

ထိုသို့ပြောသောအခါ သီရိစန္ဒာက ဘာမှထပ်မမေးတော့ပေ။

မော်တော်ကားမှာ မြို့တွင်းမှ မြို့အပြင်ဘက်သို့ ဦးတည်ကာ မောင်းထွက်လာလေသည်။

"သူက ဘယ်သူလဲ သခင်မ"

ဒရိုင်ဘာက တမီးလ်ဘာသာဖြင့် မေးသည်။

"မြန်မာလူမျိုး ပညာတတ်တစ်ယောက်ပဲ၊ ကန္ဒီကို ဘုရားဖူးလာတာလို့ ပြောတယ်"





"သူ့ကို ဘာဖြစ်လို့ ခေါ်လာတာလဲ"

"ငါတို့မှာ လောလောဆယ် အကူအညီလိုနေတယ်မဟုတ်လား၊ သူက မိစ္ဆာတွေရဲ့စက်ကွင်း လွတ်မြောက်အောင် အကူအညီ ပေးနိုင်ချင်ပေးနိုင်မှာပေါ့"

ထိုအခါ ဒရိုင်ဘာက ဘာမှ ထပ်မမေးတော့။

ဒေါက်တာမင်းထင်ကျော်ကတော့ ၎င်းနားမလည်သော တမီးလ်ဘာသာစကားနှင့် ပြောဆိုနေသောကြောင့် ကားမှန်မှ တဆင့် မြင်နေရသော ပြင်ပရှုခင်းများကိုသာ ငေးကြည့်ရင်း လိုက်ပါလာလေသည်။

သီရိစန္ဒာတို့ နေသောအိမ်မှာ မြို့စွန်ဘက်တွင် ရှိလေသည်။ ခြံဝန်းမှာ ဧကအတော်ကျယ်ပြီး ခြံဝန်းထဲတွင် သီးပင်စားပင်များ အပါအဝင် အရိပ်ရသော သစ်ပင်ကြီးငယ် အတော်များများ ရှိလေသည်။

အဝေးမှ လှမ်းကြည့်လျှင် လူနေအိမ် ရှိသည်မထင်ရဘဲ ဥယျာဉ်ခြံကျယ်ကြီးတစ်ခုမျှသာ ထင်စရာရှိပေသည်။

ခြံတံခါးပေါက် ရောက်တော့ အစောင့်က ခြံတံခါး ဖွင့်ပေးသဖြင့် မောင်းဝင်လာရာ နှစ်ထပ်တိုက်တစ်လုံး၏ဆင်ဝင်အောက်၌ ကားကို ထိုးရပ်လိုက်သည်။

သီရိစန္ဒာက ဒေါက်တာမင်းထင်ကျော်ပစ္စည်းများကို အိမ်ထဲ ယူလာရန် မှာကြားပြီး ကားပေါ်မှ ဆင်းကြသည်။

"လာ. . . အစ်ကို၊ အိမ်ထဲ ဝင်ကြရအောင်"

နှစ်ထပ်တိုက်ကြီးမှာ ရှေးဟောင်းလက်ရာဖြင့် ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ထားသော်လည်း ခမ်းနားထည်ဝါမှုရှိလေသည်။

ညေ့ခန်းရောက်သောအခါ ဆိုဖာပေါ်တွင်ထိုင်ရင်း ဆေးတံသောက်နေသော အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိမည့် လူကြီးတစ်ယောက်ကို တွေ့ရသည်။

သူက သီရိစန္ဒာနှင့်အတူ ပါလာသော ဒေါက်တာမင်းထင်ကျော်ကို ကြည့်ရင်း အနည်းငယ် အံ့သြသွားဟန်ရှိသည်။

"ပြန်လာပြီလား သမီး"

"ဟုတ်ကဲ့. . . ပြန်လာပါပြီ၊ ဒါက မြန်မာပြည်က ဘုရားဖူးလာတဲ့ဧည့်သည်တစ်ယောက်ပါ။ တည်းခိုဖို့ အဆင်မပြေဖြစ်နေတာနဲ့ ဒီမှာ တည်းဖို့ ခေါ်လာခဲ့တာပါ"

"အော်. . . မြန်မာလူမျိုးတစ်ယောက်ကိုး၊ ဒါကြောင့် တူပါတယ်လို့ ကြည့်နေတာ၊ တွေ့ရတာ ဝမ်းသာပါတယ် မောင်ရင်၊ ကျုပ်နာမည်က ဦးမင်းမောင်လို့ မြန်မာနာမည်နဲ့ ခေါ်ပါတယ်"

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ကဲ. . . ထိုင်ပါ၊ ဒီမှာတော့ ကိုယ့်အိမ်ကိုယ့်နေရာလို သဘောထားပြီး လွတ်လွတ်လပ်လပ်သာ ပျော်သလောက်နေပါ"

ဟု ပြောဆိုရာ ဒေါက်တာမင်းထင်ကျော်မှာ များစွာအားရှိသွားလေသည်။

ဦးမင်းမောင်မှာ မြန်မာလူမျိုးဖြစ်ပြီး အင်္ဂလိပ်လက်အောက်မှာ အမှုထမ်းခဲ့သော စိုက်ပျိုးရေးဝန်ထောက်တစ်ဦးဖြစ်လေသည်။

ဦးမင်းမောင်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး





ကိုယ်လုံးကိုယ်ထည် အနည်းငယ် ဝဖိုင့်သည်မှလွဲ၍ ကျန်းမာသန်စွမ်းဟန်ရှိလေသည်။

ထိုအခိုက်မှာပင် ခြံပေါက်ဝဘက်မှ သေနတ်သံလိုလို အသံတစ်ချက်ကြားရသဖြင့် ဦးမင်းမောင်က နေရာမှ ထသွားလေသည်။

ဒေါက်တာမင်းထင်ကျော်ကို ခေါ်လာသော သီရိစန္ဒာမှာလည်း မျက်နှာတစ်ချက် ပျက်သွားလေသည်။

အတန်ကြာသောအခါ အပေါ်ထပ်မှ အစေခံတစ်ယောက်ဆင်းလာပြီး အခန်းအဆင်သင့်ဖြစ်ကြောင်း လာပြောပြီးနောက် ဒေါက်တာမင်းထင်ကျော်အတွက် ပြင်ပေးထားသောအခန်းရှိရာသို့ လိုက်ပို့ပေးလေသည်။


ဒေါက်တာမင်းထင်ကျော်မှာ အသိအကျွမ်းလည်း တစ်ယောက်မှ မရှိဘဲ ယခုတစ်ကြိမ်သာ ရောက်ဖူးသော သီဟိုဠ်ကျွန်းပေါ်တွင် ယခုကဲ့သို့ အဆင်ပြေပြေ တည်းခွင့်ရ၍ ဝမ်းသာစရာ ရှိသော်လည်း ပဟေဠိစံအိမ်တစ်ခုသို့ ရောက်နေရသကဲ့သို့ စိတ်ထဲမှ ခံစားရလေသည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၃)

# ပန်းခြံအတွင်းမှ ကြောက်မက်ဖွယ်ရာဖြစ်ရပ်ဆန်း

ထို နေ့ညကတော့ သီရိစန္ဒာတို့အိမ်တွင် အနှောင့်အယှက် ကင်းစွာဖြင့် ကောင်းမွန်စွာ အိပ်စက်ရလေသည်။

နံနက်လင်းသောအခါ သီရိစန္ဒာက ၎င်း၏မော်တော်ကားနှင့်ပင် ဒေဒါဗလီဂဝါ စွယ်တော်တိုက်သို့ လိုက်ပို့ပေးလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ပထမတစ်ခေါက် ရောက်ခဲ့သော်လည်း နှံ့စပ်မှု မရှိခဲ့ပေ။

ယခု သီရိစန္ဒာ ပါသောအခါမှပင် နှံ့စပ်အောင် လေ့လာခွင့်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းစွယ်တော်တိုက်မှာ ကန္ဒီမြို့၏ဂုဏ်ထူးဆောင်ဖြစ်သလို သီဟိုဠ်ကျွန်းတစ်ခုလုံး၏တန်ဖိုးထားရာလည်းဖြစ်ပေသည်။

မြတ်စွာဘုရား၏စွယ်တော်အစစ်မှာ ကန္ဒီမြို့၌သာ ကိန်းဝပ်သည်ဟု ဆိုကြသည်။

စွယ်တော်တိုက်၏အနောက်ဘက်၌ ရှေးဟောင်းပစ္စည်း များထားသည့်ပြတိုက်လည်း ရှိသည်။

ထိုပြတိုက်မှာ သောကြာနေ့မှအပ ကျန်နေ့များတွင် စွယ်တော် လာဖူးသူများ လေ့လာကြည့်ရှုနိုင်ရန် အခွင့်ပေးထားလေသည်။

ပြတိုက်ထဲတွင် ရှေးဟောင်းပစ္စည်း အမြောက်အမြားအပြင် (၁၇)ရာစုက ကန္ဒီဘုရင်၏ရွှေသရဖူပင် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုကဲ့သို့ လေ့လာခွင့် ရသောကြောင့် သီရိစန္ဒာကို ကျေးဇူးတင်နေမိသည်။

စွယ်တော်ဖူးပြီးနောက် သီရိစန္ဒာက ၎င်း၏မော်တော်ကားနှင့်ပင် ကန္ဒီ၌ ရှိသော ဘုရားကျောင်းများကို လိုက်ပို့ပေးလေသည်။

ပြီးမှ ကန္ဒီနှင့် လေးမိုင်ခန့် ကွာဝေးသော 'ပေရာဒေနိယ' မြို့သို့ လိုက်ပို့ပေးပြန်သည်။

"ကန္ဒီရောက်လို့မှ ပေရာဒေနိယကို မရောက်ရင် လာရကျိုးမနပ်ဘူး အစ်ကိုရဲ့"

လမ်းရောက်သောအခါ သီရိစန္ဒာက ပြောသည်။

"ဟိုမှာ ထူးခြားတာ ဘာတွေရှိလို့လဲ"

"ဟိုရောက်လို့ အစ်ကိုတွေ့ရရင် အံ့သြသွားလိမ့်မယ်"





ဟုသာ ပြောပြီး ပြုံးနေလေသည်။

ပေရာဒေနိယ ရောက်သောအခါမှ ထူးခြားသောမြင်ကွင်းများကို တွေ့ရလေသည်။

ပေရာဒေနိယ၌ 'ရွိုင်ရယ်ဘော်တာနစ်' ဟုခေါ်သောပန်းခြံ ရှိသည်၊ ထိုပန်းခြံထဲတွင် ကမ္ဘာအရပ်ရပ်မှ သစ်ပင်အမျိုးပေါင်း (၁၁၂၇)ပင် ရှိလေသည်။

မြန်မာပြည်မှာ ပေါက်သော ပေပင်နှင့်ဝါးဘိုးဝါးပင်များ စိုက်ပျိုးထားသည်။

"ဒီပန်းခြံက အတော်ကျယ်ဝန်းတာပဲ"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ဟုတ်တယ်. . . ဧက(၁၅၀) အကျယ်ရှိတယ်"

"ဘယ်တုန်းကတည်းက တည်ဆောက်ခဲ့တာလဲဟင်"

"(၁၃၇၁)ခုနှစ်က (၃)ကြိမ်မြောက် 'ဝစ်ကရာမာတ' လို့ခေါ် တဲ့ ပေရာဒေနိယဘုရင်လက်ထက်ကတည်းက တည်ဆောက်ခဲ့တဲ့ ဥယျာဉ်ဖြစ်ပါတယ်"

"အခုလို ထူးဆန်းတဲ့နေရာတွေ လိုက်ပို့ပေးတာ သီရိကို သိပ်ပြီးကျေးဇူးတင်ပါတယ်"

"ဒီလောက်လည်း ကျေးဇူးတင်နေဖို့ မလိုပါဘူး အစ်ကိုရယ်၊ ကူညီထိုက်လို့ ကူညီပေးရတာပဲ"

"ဒါပေမယ့် အားနာစရာ ဖြစ်နေတယ်မဟုတ်လား"

"အားနာစရာ ဘာမှမရှိပါဘူး၊ ဒီမှာ အစ်ကိုပျော်သလောက်နေနိုင်ပါတယ်၊ လာ. . . တခြားနေရာတွေ လိုက်ကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ပန်းခြံအနှံ့ လိုက်လံကြည့်နေစဉ်မှာ ရှိုင်ရယ်ဘော်တာနစ် ပန်းခြံတစ်နေရာတွင် ထူးဆန်းအံ့ဩဖွယ်ရာအချို့ ဖြစ်ပျက်နေလေသည်။

ပန်းခြံအကျယ်ဝန်းမှာ ဧက(၁၅၀)ကျော် ရှိသောကြောင့် တစ်နေရာတွင် ကမ္ဘာအရပ်ရပ်မှ ထူးဆန်းသောသစ်ပင်များ စိုက်ပျိုးထားပြီး လမ်းများလည်း ဖောက်လုပ်ထားလေသည်။

လမ်းကျယ်များကို ကျောက်သားများဖြင့် ခင်းထားပြီး ဘေးတဖက်တချက်တွင် သစ်ပင်မျိုးစုံတို့ စိုက်ပျိုးထားလေသည်။

ပေရာဒေနီယမြို့မှာ ပင်လယ်ရေပြင်ထက် ပေပေါင်း(၁၅၅၀)ခန့် မြင့်ပြီး ကန္ဒီမြို့ထက် ရာသီဥတု သာယာမှုတမှု ရှိသောကြောင့် စိုက်ပျိုးထားသမျှ သစ်ပင်များအားလုံးမှာ စိမ်းလန်းစိုပြည်လျက် တင့်တယ်လှပမှု ရှိလေသည်။

လူသွားလမ်းများ၏ဘေးတစ်ဖက်တစ်ချက်တွင် အမောပြေထိုင်ရန် ကျောက်သားခုံတန်းလျားများ ချထားလေသည်။ အချို့လည်း ကျောက်သားလမ်းများပေါ်မှာ လျှောက်နေကြလေသည်။

နေရာအနှံ့ သွားနေကြသောကြောင့် တစ်နေရာတည်းမှာတော့ လူအများကြီး မရှိပေ။

ပန်းခြံတွင်းမှာလည်း ခြံအလုပ်သမားများက လှေ၊ ဓါး၊ ပေါက်ဆိန်၊ စူး၊ ဆောက် စသော လက်နက်ကိရိယာများ ကိုင်ကာ သစ်ပင်များကို ပြုပြင်ရှင်းလင်းနေကြသည်။

ထိုအခိုက်မှာပင် လေတစ်ချက် ဝေ့သကဲ့သို့ ဖြစ်သွားကာ သစ်ပင်အချို့ လှုပ်ခတ်သွားလေသည်။ ထိုအချိန်မှာ အနည်းငယ်





ထူးခြားသယောင်ရှိလေသည်။

အခြားသစ်ပင်အားလုံး ငြိမ်သက်နေပြီး ထိုနေရာတဝိုက်၌ရှိသော သစ်ပင်အချို့သာ ထူးထူးခြားခြား လှုပ်ခတ်သွားခြင်းဖြစ်သည်။

လှုပ်ပုံမှာလည်း အပေါ်မှ ရဟတ်ယာဉ်တစ်စင်း နိမ့်ဆင်းလာသောကြောင့် သစ်ပင်များ လေအားနှင့် အဖိခံလိုက်ရသည့်ပုံစံမျိုးဖြစ်လေသည်။

ထိုသို့ဖြစ်သွားသည်နှင့် မကြာမီ လမ်းမပေါ်မှာ သွားနေသောလူများမှာ ခြေလှမ်းများ တဖြည်းဖြည်း နှေးကွေးသွားပြီး နောက်ကျောက်ရုပ်ကြီးများကဲ့သို့ ရပ်တန့်သွားလေတော့သည်။

ထိုအခိုက်မှာပင် လမ်းဘေးကျောက်ခုံပေါ်မှာ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ ထိုင်နေကြသည်။ စောစောက ခြေသံ၊ စကားပြောသံများဖြင့် ဆူညံနေသောလမ်းတလျှောက်လုံး ရုတ်တရက်ကြီး ငြိမ်သက်သွားသောကြောင့် အမျိုးသမီးက လှည့်ကြည့်လိုက်လေသည်။

"ဟင်. . ."

"ဘာဖြစ်လို့လဲ"

"ဟိုလမ်းပေါ်က လူတွေ ကြည့်ရတာ တစ်မျိုးဖြစ်သွားသလို ပဲ"

ထိုအခါမှ ယောကျ်ားဖြစ်သူကပါ လှည့်ကြည့်သည်။

လမ်းမပေါ်မှာ ရှိနေသောလူများမှာ ကျောက်ရုပ်များ ဖြစ်သွားသကဲ့သို့ ငြိမ်သက်နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘာဖြစ်နေကြတာလဲ"

ထိုသို့ရေရွတ်လိုက်စဉ်မှာပင် လမ်းမပေါ်မှာ ရပ်တန့်နေသော လူတစ်ယောက်က နောက်သို့ တစ်လှမ်းချင်း ပြန်လျှောက်လာလေသည်။

လူမလှည့်ဘဲနှင့် ဒီအတိုင်း လျှောက်လာခြင်းဖြစ်သည်။

"ဟော့. . . ဟိုမှာကြည့်ပါဦး၊ ထူးဆန်းလိုက်တာ၊ ဟိုလူက နောက်ပြန်ကြီး လျှောက်လာနေတယ်"

ဟု ပြော၍ လှည့်ကြည့်လိုက်ရာ သူ့နံဘေးမှာ ထိုင်နေသောအမျိုးသမီးမှာ မျက်လုံးအပြူးသားနှင့် တောင့်တောင့်ကြီး ဖြစ်နေလေသည်။

"ဟော့. . . မင်းဘာဖြစ်နေတာလဲ"

ထိုအခါမှ အမျိုးသမီးက တဖြည်းဖြည်း ပြန်လှုပ်လာသည်။ လက်တစ်ဖက်က လှုပ်လာခြင်းဖြစ်ပြီး ဆံထုံးမှာ စိုက်ထားသော ဆံထိုးကို ဆွဲချွတ်လိုက်သည်။

ဆံထိုးအချွန်မှာ အဖျားချွန်၍ လေးလက်မခန့် ရှည်သည်။

"ဟော့. . . . မင်းဘာလုပ်မလို့လဲ"

ပြောနေရင်းမှာပင် အမျိုးသမီးက ထိုဆံထိုးအချွန်ဖြင့် သူ့လည်ပင်းကို ထိုးသွင်းလိုက်လေတော့သည်။

ထို့နောက် လဲကျသွားလေတော့သည်။

ယောက်ျားမှာ အမျိုးသမီးကို လှမ်းပွေ့ရန် ပြင်လိုက်သော်လည်း သူကိုယ်တိုင်လည်း လှုပ်မရတော့ပေ။

သို့သော်လည်း မျက်စိကတော့ အခြေအနေအားလုံးကို မြင်





နေရသည်။

ပန်းခြံထဲမှာ အလုပ်လုပ်နေသောသူမှာလည်း ထိုနေရာမှာပင် လဲကျနေချေပြီ။

စောစောက ခြေလှမ်း နောက်ပြန်လျှောက်လာသူက ထိုနေရာသို့ လျှောက်သွားလေသည်။

စူး၊ ဆောက် တန်ဆာပလာများ ထည့်ထားသောနေရာရောက်သောအခါ ပုံးအတွင်းမှ ဆူးချွန်တစ်ချောင်းကို ဆွဲနှုတ်ကာ ရင်ဝသို့ စိုက်ချလိုက်သည်။

ထိုသို့ စိုက်ချလိုက်ပြီးသည်နှင့် လဲကျလာရာ စောစောက ကျောက်ထိုင်ခုံပေါ်မှာ ထိုင်နေသောလူ၏ခြေထောက်နားသို့ ရောက်လာလေသည်။

ထိုလူက ငုံ့ကြည့်သည်။

သေဆုံးသွားသူမျက်နှာမှာ မချိမဆန့် ဝေဒနာ ခံစားနေရသောကြောင့် မျက်လုံးပြူးထွက်နေသည်။

ရင်ဝမှာလည်း သွေးများ စိမ့်ထွက်နေလေသည်။

ထိုမြင်ကွင်းကို မြင်ရလျှင် သာမန်လူဆိုလျှင် ကြောက်ရွံ့မည်မှာ သေချာသော်လည်း သူကတော့ မကြောက်ပေ။

ထိုသေဆုံးသူကို ကြည့်ပြီး သဘောကျနေသည်။ စိတ်ထဲမှာ ပျော်ရွှင်နေသည်။

ထို့နောက် တစ်ခုခု လုပ်ရမည်ဟုလည်း စိတ်ထဲမှ အလိုလိုသိနေသည်။

အခြားမဟုတ်ပေ. . .။



www.burmeseclassic.com

www.burmeseclassic.com



သူကဲ့သို့ပင် ပျော်ပျော်ပါးပါး လိုက်သေရန်ပင် ဖြစ်သည်။ ထိုသို့စိတ်ကူးပေါ်လာသည်နှင့် တပြိုင်နက် စောစောက ကျောက်ရုပ်သဖွယ် တောင့်တောင့်ကြီးဖြစ်နေသော ကိုယ်ခန္ဓာက လှုပ်ရှား၍ ရလာလေသည်။

သူသည် တစ်စုံတစ်ယောက်က အမိန့်ပေး စေခိုင်းနေသကဲ့သို့ ထိုနေရာမှ ထကာ သေဆုံးနေသောလူ ရှိရာသို့ လျှောက်သွားလေသည်။

အနီးသို့ ရောက်သောအခါ သေဆုံးနေသူ၏ရင်ဝမှာ စိုက်နေသောစူးချွန်ကို ဆွဲနှုတ်လိုက်သည်။

ထိုအခါ ဒဏ်ရာမှ သွေးများ ပန်းထွက်လာတော့သည်။

သူက စူးချွန်ကို တစ်ချက်ကြည့်ပြီးနောက် ရင်ဝသို့ ဖြည်းဖြည်းချင်း ထိုးသွင်းကာ လဲကျသွားလေတော့သည်။ ထိုအခြေအနေကြောင့် ပန်းခြံထဲမှာ ရှိနေကြသောလူများမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

အချို့လည်း ထိုနေရာမှ လွတ်ကင်းအောင် ပြေးကြလေသည်။ ထိုအခြေအနေကို မြင်တော့ သီရိစန္ဒာက မျက်စိပျက်မျက်နှာပျက်သွားလေသည်။

"ဘာဖြစ်ကြတာလဲ သီရိ"

"ကျွန်မလည်း မသိဘူး၊ ဒီနေရာက အမြန်သွားကြရအောင်နော်"

"နေဦး. . . ကျွန်တော်မေးလိုက်ဦးမယ်"

ဒေါက်တာမင်းထင်ကျော်က ပြေးရင်းလွှားရင်း အနားရောက်လာသော ပန်းခြံအလုပ်သမားကို မေးလိုက်လေသည်။

"ဘာဖြစ်နေတာလဲဗျ"

ထိုလူက မြန်မာစကား နားမလည်သောကြောင့် အခင်းဖြစ်ပွားရာဘက်သို့ လက်ညှိုးထိုးပြကာ ဆက်ပြေးသွားလေသည်။ ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ သွားကြည့်ချင်သော်လည်း အနားမှာ ပါလာသော သီရိစန္ဒာ ကြောက်လွန်းသဖြင့် တဆတ်ဆတ် တုန်နေပြီဖြစ်သောကြောင့် ဆက်မသွားတော့ဘဲ သူမလက်ကလေးကို ဆွဲကာ ပန်းခြံအပြင်ဘက်သို့ ထွက်လာခဲ့သည်။ အပြင်ရောက်တော့ ဒရိုင်ဘာက ပန်းခြံအပြင်ဘက်သို့ ထွက်လာခဲ့သည်။ အပြင်ရောက်တော့ ဒရိုင်ဘာက ကားစက်ကို အဆင်သင့် နှိုးထားသဖြင့် တံခါးဖွင့်၍ ဝင်ထိုင်လိုက်သည်နှင့် ပန်းခြံအပြင်သို့ မောင်းထွက်ခဲ့လေသည်။

သူတို့ကဲ့သို့ မော်တော်ကားနှင့် လာကြသူများမှာလည်း ၎င်းတို့၏မော်တော်ကားများကို အရှိန်ပြင်းစွာ မောင်းပြေးကြသည်ကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်မသက်သာသောကြောင့် နောက်ဘက်မှာ ကျန်ခဲ့သော ရှိုင်ရယ်ဘော်တာနစ်ပန်းခြံ ရှိရာဘက်သို့ လှည့်ကြည့်သောအခါ ထူးထူးခြားခြား ဘာမှတော့ မတွေ့ရပေ။

ကားမောင်းသမားကတော့ နောက်မှ တစ်စုံတစ်ခု လိုက်လာသည့်ပုံစံမျိုးနှင့် ကားကို အရှိန်ပြင်းစွာဖြင့် မောင်းနှင်နေသည်။

နံဘေးမှာ ထိုင်နေသော သီရိစန္ဒာမှာလည်း ကြောက်၍လှ







www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မျက်စိမျက်နှာပျက်နေရှာသည်။

"ဘယ်လိုအန္တရာယ်နဲ့ တွေ့လို့ အခုလို ပန်းခြံထဲမှာ ဒီလောက် အခြေအနေ ဆိုးသွားရတာလဲ၊ သီရိ သိရင် ကျွန်တော့်ကို ပြောပြပါလား"

"အခုတော့ မပြောပါရစေနဲ့ အစ်ကို၊ အိမ်ရောက်မှပဲ ကျွန်မ ပြောပြပါ့မယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဆက်မမေးတော့ပေ။

သို့သော်လည်း စိတ်ထဲမှာတော့ ကန်တော်ကြီးမှ သူ့ကိုခေါ်လာစဉ်က လူတစ်ယောက် သူ့အလိုလို မောင်းလာသော မော်တော်ကားကို ဦးခေါင်းဖြင့် ပြေးဆောင့်၍ အသေခံခြင်းမျိုးနှင့် ဆက်စပ်မှု ရှိလိမ့်မည်ဟုတော့ ဆက်စပ်၍တွေးမိလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဖခင်ဖြစ်သူ ဦးမင်းမောင်က အခြေအနေကြည့်၍ မေးသည်။

"သမီး မျက်စိမျက်နှာ မကောင်းပါလား၊ ဘယ်လိုဖြစ်လာခဲ့သလဲ"

"ပေရာဒေနိယမှာ သူတို့ ရောက်လာကြတယ် ထင်တယ်"

ထိုစကားကြားသောအခါ ဦးမင်းမောင်မျက်နှာပေါ်မှာ စိုးရိမ်စိတ်များ ယှက်သန်းသွားသည်ကို သတိပြုမိလိုက်လေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ဝင်ပြောလိုက်သည်။

"တကယ်လို့ ဦးတို့မှာ အခက်အခဲရှိရင် ကျွန်တော့်ကို ပြောပြပါလား၊ ကျွန်တော်တတ်နိုင်သမျှ ကူညီပေးပါရစေ"





ထိုစကားကြားသောအခါ ဦးမင်းမောင်နှင့် သီရိစန္ဒာတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။ အတန်ကြာတော့မှ ဦးမင်းမောင်က လေသံတိုးတိုးဖြင့် ပြောလေသည်။

"ကျုပ်တို့မှာ အန္တရာယ်တစ်ခုနဲ့ ကြုံနေရတာကတော့ အမှန်ပါပဲ၊ ဒါပေမယ့် အခုမှ ရောက်လာတဲ့ညီ့သည်ကိုလည်း ပြောရမှာ အားနာပါတယ်"

"ဘာမှ အားနာစရာ မရှိပါဘူး၊ ကျွန်တော့်အပေါ်မှာ မြန်မာလူမျိုးအချင်းချင်းလို့ပဲ သဘောထားပြီး ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ ကူညီနိုင်ရင် အကူအညီပေးပါမယ်"

"ဒီစကားကြားရတာ ဝမ်းသာလှပါတယ်၊ အခုလို အကူအညီပေးမယ်ဆိုတာကိုလည်း ကျေးဇူးတင်လှပါတယ်၊ ပြောရရင်တော့ ကျုပ်တို့ဘဝအကြောင်းတွေက စပြီးပြောမှ ပြည့်စုံမှာပါ၊ ဒီလိုပါ မောင်ရင်၊ ကျုပ်က မြန်မာလူမျိုးတစ်ယောက်ပါ၊ အင်္ဂလိပ် လက်အောက်မှာ အမှုထမ်းခဲ့သူတစ်ယောက်ပါ၊ စိုက်ပျိုးရေး ဝန်ထောက်ဘဝနဲ့ သီဟိုဠ်ကို ရောက်လာခဲ့တာ အတော်ကြာပါပြီ၊

သမီးတို့ရဲ့အမေက တမီးလ်လူမျိုးပါ၊ သူနဲ့ အကြောင်းပါပြီး သားတစ်ယောက် သမီးတစ်ယောက် ထွန်းကားခဲ့ပါတယ်"

ထိုအခါမှ သီရိစန္ဒာအပြင် သားတစ်ယောက် ရှိသေးမှန်း သိရလေသည်။

"နောက်တစ်ခုပြောစရာရှိတာက ကျုပ်အမျိုးသမီးရဲ့မျိုးနွယ်တွေက ရာမမင်းသားရဲ့အဆက်အနွယ်တွေလို့ သိရပါတယ်"

"ရာမမင်းသားရဲ့မျိုးနွယ်ဆိုတာ. . ."



www.burmeseclassic.com

“သီဟိုဠ်မှာ ဘာသာရေးအရ ဂိုဏ်းမတူတာတွေအများကြီး ရှိသလို မျိုးနွယ်စုတွေလည်း ရှိပါတယ်၊ သူတို့က ရာမမင်းသားရဲ့ မျိုးနွယ်ဖြစ်တဲ့ တောင်ပိုင်းနဂါးမျိုးနွယ်တွေဖြစ်ပါတယ်”

“တောင်ပိုင်းနဂါး ဟုတ်လား”

“ဟုတ်ပါတယ်. . . ရာမမင်းသားမျိုးနွယ်လို့ ယုံကြည်တဲ့ အုပ်စုတွေကို တောင်ပိုင်းနဂါးမျိုးနွယ်လို့ သတ်မှတ်သလို ရာမမင်းသားနဲ့ ရန်ဘက်ဖြစ်တဲ့ ဒဿဂီရိကို ယုံကြည်လေးစားတဲ့မျိုးနွယ်တွေလည်း ရှိပါသေးတယ်၊ သူတို့ကတော့ ဒဿဂီရိရဲ့မျိုးနွယ်တွေလို့ သတ်မှတ်ကြတဲ့ မြောက်ပိုင်းကျားမျိုးနွယ်စုတွေပဲ ဖြစ်ပါတယ်”

ထိုစကားကို ကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ ပိုမိုအံ့သြလာမိလေသည်။

“ရာဇဝင်မှာ ရာမမင်းသားနဲ့ ဒဿဂီရိတို့ဟာ ကမ္ဘာရန်ဘက်တွေ ဖြစ်ကြသလို တောင်ပိုင်းနဂါးမျိုးနွယ်တွေနဲ့ မြောက်ပိုင်းကျားမျိုးနွယ်စုတွေကလည်း အစဉ်အဆက် ကမ္ဘာရန်ဘက်တွေ ဖြစ်ခဲ့ကြတယ်”

“ဟို. . . ဦးရဲ့အမျိုးသမီးက ရာမမင်းသားမျိုးနွယ်ဖြစ်တဲ့ တောင်ပိုင်းနဂါးမျိုးနွယ်တွေဆိုတော့ ဒဿဂီရိကို ယုံကြည်တဲ့ မြောက်ပိုင်းကျားတွေလည်း ရှိသေးတာပေါ့နော်”

“ရှိပါတယ်. . . ကျုပ်လည်း အစကတော့ ဒီအကြောင်းတွေကို မသိခဲ့ပါဘူး၊ သူနဲ့ ညားတော့မှ တဖြည်းဖြည်း သိလာခဲ့ရတာပါ။ သူတို့တွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ အဆက်အသွယ် မလုပ်ခဲ့ကြပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့သား မောင်





သက္က အရွယ်ရောက်လာတဲ့အခါမှာတော့ မဖြစ်ချင်တဲ့ကိစ္စတွေ ဖြစ်လာခဲ့ရတယ်”

ဦးမင်းမောင်က ပြတင်းပေါက်မှတစ်ဆင့် မြင်နေရသော မြင်ပရှုခင်းများကို လှမ်းမျှော်ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ဝင်း၏အာရုံထဲမှာ ကြောက်မက်ဖွယ်ကောင်းလှသော ဖြစ်ရပ်များက အရိပ်မည်းများသဖွယ် တစ်ကျော့ပြန်ဝင်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၄)

# ကံဆိုးရှာသော ချစ်သူနှစ်ဦး

မြန်မာသက္ကရာဇ်(၁၃၀၂)ခုနှစ်. .၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့)၊ ခရစ်နှစ်(၁၉၄၀)ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်၊ နေ့ ဖြစ်သည်။

မြတ်စွယ်တော်ဘုရားပွဲကို နှစ်စဉ် ဩဂုတ်လအတွင်း လပြည့်နေ့တွင် ကျင်းပလေ့ရှိသည်။

နှစ်စဉ်ဩဂုတ်လအတွင်း လပြည့်နေ့နှင့် ကြုံကြိုက်သည်မှာ ဝါခေါင်လပြည့်နေ့ပင်ဖြစ်၏။

ဝါခေါင်လပြည့်နေ့ကို မြန်မာတို့က မေတ္တာအခါတော်နေ့



www.burmeseclassic.com

www.burmeseclassic.com



ဟု သတ်မှတ်ကြသည်။

ယခုနှစ်တွင် ထူးထူးခြားခြား လပြည့်နေ့လည်းဖြစ်၊ ရုံးပိတ်ရက်ဖြစ်သည့် စနေနေ့လည်းဖြစ်သောကြောင့် စွယ်တော်ပွဲမှာ အထူးစည်ကားလှပေသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ ရောက်လာကြလေသည်။

ထိုအချိန်တွင် မောင်သက္ကမှာ ၎င်း၏လူငယ်လူရွယ် အပေါင်းအသင်းများနှင့် စွယ်တော်ဘုရားပွဲသို့ ရောက်လာကြသည်။ မောင်သက္ကမှာ အသက်နှစ်ဆယ်အရွယ်ခန့် ရှိပြီး သစ်တောဝန်ထောက်ဦးမင်းမောင်နှင့် ဒေါ်ရတီတို့၏သားဖြစ်သည်။ ဖခင်က မြန်မာ၊ မိခင်က တမီးလ်လူမျိုးဖြစ်သဖြင့် မောင်သက္ကမှာ တည်ကြည်ခန့်ငြား၍ ရုပ်ရည်ချောမောသူဖြစ်သည်။

သူသည် အင်္ဂလိပ်များ ဖွင့်လှစ်ထားသော တက္ကသိုလ်တစ်ခုတွင် ပညာသင်ကြားနေသူဖြစ်သည်။

စွယ်တော်ဘုရားပွဲသို့ အပေါင်းအသင်းမိတ်ဆွေများနှင့် ရောက်လာသောရည်ရွယ်ချက်မှာ ဘုရားလည်းဖူးရင်း လိပ်ဥ လည်းတူးရင်းဟူသော ရည်ရွယ်ချက်နှင့် လာရောက်ခြင်းဖြစ် သည်။

ထိုအချိန်မျိုးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် မိန်းကလေးအပျိုချောများ ပေါများလှပေရာ ကြည့်ရှုမဆုံးအောင်ရှိတော့သည်။

ထိုနေ့က ရာသီဥတု သာယာသောကြောင့် တိုးမပေါက်အောင် စည်ကားလှရာ တစ်နေရာနှင့်တစ်နေရာ ရောက်ဖို့ပင်





မလွယ်အောင် ရှိတော့သည်။

ထိုအချိန်မှာပင် မောင်သက္ကမှာ အဖော်များနှင့် ကွဲသွားလေသည်။

သို့ကြောင့် လူအုပ်ကြားထဲမှာ တိုးဝှေ့ရှာရင်း တစ်နေရာရောက်သောအခါ ၎င်းစိတ်ကို ဆွဲဆောင်စေနိုင်သော အမျိုးသမီးတစ်ယောက်ကို တွေ့သည်။

သူမမှာလည်း အဖော်များနှင့် ကွဲကာ တစ်ယောက်တည်း လူအုပ်ကြားထဲ ရောက်လာခြင်းဖြစ်ဟန်တူသည်။

နောက်မှ လူတစ်စုက လိုက်လံနှောင့်ယှက်နေလေသည်။ အမျိုးသမီးက မောင်သက္ကကို မြင်သောအခါ ကပျာကယာ အနားသို့ လျှောက်လာလေသည်။

"အစ်ကိုကလည်း. . . ဘယ်တွေ လျှောက်သွားနေတာလဲ၊ ဒီမှာ တစ်ယောက်တည်းဖြစ်ပြီး ရှာလိုက်ရတာ"

ဟု ပြောဆိုကာ မောင်သက္က လက်မောင်းတစ်ဖက်ကို လာရောက်ဖက်တွယ်ထားလေသည်။

ထိုအခါမှပင် နောက်မှ လိုက်လာသောလူတစ်စုလည်း မသိမသာ ရှောင်ထွက်သွားကြလေသည်။

"မင်းအဖော်တွေနဲ့ ကွဲသွားတာလား"

မောင်သက္ကက မေးလိုက်သည်။

"ဟုတ်တယ်"

"ဒီလောက် လူတွေများနေတာ ဒီအတိုင်း လိုက်ရှာနေလို့တော့ တွေ့မယ်မထင်ဘူး၊ အပြင်ထွက်ပြီး တစ်နေရာက ထိုင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမှ တွေ့ဖို့လွယ်မယ်"

ဟု ပြောကာ အမျိုးသမီး၏လက်ကို ဆွဲကာ လူအုပ်ကြားထဲမှ အပြင်သို့ ထွက်လာကြသည်။

အပြင်သို့ ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်အောက်မှာ ပြုလုပ်ထားသော ခုံတန်းလျားပေါ်မှာ ဝင်ထိုင်လိုက်ကြသည်။ ထိုအခါမှပင် မောင်သက္ကမှာ အမျိုးသမီး၏မျက်နှာကို အသေအချာကြည့်ရာ တမီးလ်လူမျိုးစစ်စစ် မဟုတ်စေကာမူ လှပချောမောသူတစ်ယောက်ဖြစ်မှန်း သတိထားမိလေသည်။

"မင်းနာမည် ဘယ်သူလဲ"

"ကျွန်မနာမည် စန္ဒီမာလာပါ"

"ဘယ်မှာ နေတာလဲဟင်"

"မြောက်ပိုင်းဘက်မှာ နေပါတယ်"

ထိုအခါ မောင်သက္ကစိတ်ထဲမှာ သူတို့မျိုးနွယ်များနှင့် မသင့်မြတ်သော မြောက်ပိုင်းကျားမျိုးနွယ်များ ဖြစ်လေရော့သလားဟု တွေးလိုက်မိသည်။

"အစ်ကို့နာမည်ကရော ဘယ်လိုခေါ်သလဲဟင်"

"မောင်သက္ကလို့ ခေါ်တယ်၊ ကိုယ့်ရဲ့အဖေက သစ်တောဝန်ထောက်တစ်ဦးပါ"

"အစ်ကိုကရော ဘာလုပ်သလဲဟင်"

"ကိုယ်ကတော့ တက္ကသိုလ်ကျောင်းသားတစ်ယောက်ပါ။ (. . . . .)တက္ကသိုလ်မှာ တက်နေပါတယ်၊ မင်းရော ကျောင်းသူပဲလား"





"ကျွန်မက ကျောင်းမတက်တော့ပါဘူး၊ အမေတို့က ကျောင်းဆက်မထားလို့ အိမ်မှာပဲ နေရတယ်"

ပထမတော့ မောင်သက္ကက သူမ၏မျိုးရိုးကို မေးမည် စိတ်ကူးမိသော်လည်း နောက်မှ မသင့်မှန်း တွေးမိသဖြင့် မမေးတော့ပေ။

"ဒါထက် မင်းကို နောက်တစ်ခါ တွေ့ချင်ရင် ဘယ်မှာ လာတွေ့ရမှာလဲဟင်"

ဟု စိတ်ထဲမှာ ရှိသည့်အတိုင်း မေးလိုက်သည်။

"ကျွန်မအိမ်ကို လာလို့တော့ ရမယ်မထင်ဘူး၊ အိမ်က မိဘတွေက သိပ်ပြီးစည်းကမ်းကြီးတယ်၊ ကျွန်မက ကန္ဒီဈေးကို တစ်ပတ်တစ်ခါ လာတယ်၊ အစ်ကိုတွေ့ချင်ရင် အဲဒီကနေ စောင့်ပေါ့"

ဟု ပြောရာ မောင်သက္ကလည်း ဝမ်းသာသွားလေသည်။ ထိုအခိုက်မှာပင် စန္ဒီမာလာကို ရှာဖွေနေသော မိန်းကလေးအဖော်များ ရောက်လာသဖြင့် ပြန်လိုက်သွားလေသည်။

မရှေးမနှောင်းမှာပင် မောင်သက္ကကို ရှာဖွေနေသော အဖော်များလည်း ရောက်လာကြသည်။

၎င်းတို့အထဲမှ ရာဂျစ်ဆိုသူက စန္ဒီမာလာ ထ,သွားသည်ကို အစွန်းတစ လှမ်းမြင်လိုက်ရလေသည်။

"စောစောက သခင်လေးအနားက ထ,သွားတာ ဘယ်တမိန်းကလေးလဲ သခင်လေး"

"ငါနဲ့ ကျောင်းနေဘက် မိန်းကလေးမိတ်ဆွေပါ"

"ကန္ဒီကတော့ ဟုတ်မယ် မထင်ဘူး၊ ကန္ဒီမှာ သူ့လို မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးဘူး၊ မဟုတ်ကာမှလွဲရော. . . မြောက်ပိုင်းဘက်က လာကြတာ ထင်တယ်”

“ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ”

“သူ့ရဲ့ဟန်အမူအယာ ကြည့်ရတာ မြောက်ပိုင်းမျိုးနွယ်စုတ မိန်းကလေးတစ်ယောက်ရဲ့ပုံပန်းသဏ္ဌာန်မျိုးနဲ့ တူနေလို့ပါ”

ထိုစကားကြောင့် မောင်သက္ကမှာ အနည်းငယ် အံ့ဩသွားလေသည်။

“ဘယ်လိုများ ကွာခြားလို့လဲ ရာဂျစ်ရဲ့”

“သခင်လေးကလည်း. . . တောင်ပိုင်းနဂါးရဲ့မျိုးနွယ်ဝင်တစ်ယောက်ဖြစ်နေပါရက်နဲ့ မြောက်ပိုင်းကျားမျိုးနွယ်ဝင်တွေရဲ့ ဓလေ့စရိုက်ကိုတော့ သိထားသင့်တာပေါ့၊ တကယ်လို့ အဲဒီမိန်းကလေးက မြောက်ပိုင်းကျားမျိုးနွယ်ဝင်တွေ ဖြစ်နေရင်တော့ ဝေးဝေးက နေတာ အကောင်းဆုံးပဲ”

ဟု ပြောပြလေသည်။

မောင်သက္ကမှာ ဖခင်ဖြစ်သူက မြန်မာလူမျိုးဖြစ်သော်လည်း မိခင်ဖြစ်သူက အယူအဆ အစွဲအလန်း ကြီးမားသော တမီးလ် အမျိုးသမီးတစ်ဦးဖြစ်သည်။

၎င်းတို့ ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်၍ နည်းနည်းလေးမှ အထိမခံပေ။

ထို့ထက်ပို၍ဆိုးသည်မှာ မိခင်ဖြစ်သူ ဒေါ်ရတီမှာ ရာမနှင့် မျိုးနွယ်ပတ်သက်မှု ရှိသော တောင်ပိုင်းနဂါးမျိုးနွယ်စုဝင်တစ်ဦး ဖြစ်ပေသည်။





ဦးမင်းမောင်အနေနှင့် အင်္ဂလိပ်လက်အောက်တွင် အမှုထမ်းဘဝနှင့် ရှိနေရာမှ သစ်တောဥယျာဉ်များ ပေါ်များလှသည့် ကန္ဒီသို့ သစ်တောဝန်ထောက်ဘဝဖြင့် ရောက်လာခဲ့ရာမှ ဒေါ်ရတီနှင့် တွေ့ပြီး ချစ်ကြိုက်ကာ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ခြင်းပင်ဖြစ်သည်။

ထိုသို့လက်ထပ်ချိန်မှာ ဒေါ်ရတီကို တောင်ပိုင်းနဂါးမျိုးနွယ်တစ်ယောက်မှန်းလည်း မသိပေ။

နောက်ပိုင်းသိလာပြန်တော့လည်း သူ့အတွက်ကတော့ အရေးမကြီးလှပေ။

အဘယ်ကြောင့်ဆိုသော် ဦးမင်းမောင်က ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး သူမတို့နှင့် ရန်ဘက်ဖြစ်သော မြောက်ပိုင်းကျားမျိုးနွယ်ဝင်တစ်ယောက် မဟုတ်သောကြောင့်ပင်။

မောင်သက္ကမှာ ထိုအကြောင်းများကို သိတန်သလောက်သိသော်လည်း အသေးစိတ်တော့ သိပ်မသိလှပေ။

သူသည် ခေတ်ပညာ သင်ယူနေသော လူရွယ်တစ်ယောက်ဖြစ်သဖြင့် ရှေးရိုးအယူအဆစွဲများကို လက်ခံချင်သူ မဟုတ်ပေ။

ယခုလည်း စန္ဒီမာလာနှင့် တွေ့စကပင် စွဲလန်းမှုဖြစ်နေခဲ့လေသည်။

သို့ကြောင့် သူမပြောထားသည့်အတိုင်း ကျောင်းအားသောအချိန်များတွင် ကန္ဒီဈေးအတွင်းသို့ သွားရောက်ကာ လှည့်လည်ရှာဖွေလေ့ရှိသည်။

တစ်နေ့တော့ ဈေးဝယ်ထွက်လာသော စန္ဒီမာလာနှင့် ပက်



www.burmeseclassic.com

www.burmeseclassic.com



ပင်းတွေ့ရလေသည်။

သူမနောက်တွင် အဖော်မိန်းကလေးနှစ်ယောက် ပါလာသည်။

"ဟော. . . အစ်ကို"

"ကိုယ် မင်းကို လိုက်ရှာနေတာ"

"ဒီမှာ စကားပြောလို့တော့ မဖြစ်ဘူး အစ်ကို၊ သူတို့သိသွားရင် ခက်ကြလိမ့်မယ်၊ ဒီတော့ ကျွန်မပြောသလိုသာ လုပ်ပါ"

မောင်သက္ကအား လမ်းညွှန်ခရီးစဉ်တစ်ခုနှင့် စောင့်ရမည့်နေရာကိုပါ ပြောပြသွားလေသည်။

"ကောင်းပြီလေ. . . မင်းပြောတဲ့နေရာကို ဆက်ဆက်ရောက်အောင်လာပြီး ကိုယ်စောင့်နေပါ့မယ်၊ မင်းသာ ဆက်ဆက်လာခဲ့ပါ"

ဟု ပြောကာ လူချင်း ခွဲလိုက်ကြလေသည်။

စန္ဒီမာလာ ချိန်းဆိုသောနေရာမှာ သူမတို့ နေထိုင်ရာမြောက်ပိုင်းကျားမျိုးနွယ်များ ရှိသောနေရာဖြစ်ပြီး တောင်ကုန်းပေါ်မှ သစ်ကနက်ပင်ကြီးတစ်ပင်အောက်၌ဖြစ်သည်။

ထိုသစ်ပင်ကြီးမှာ အထိကရဖြစ်ပြီး သစ်ခေါင်းပေါက်အချို့ရှိကာ လူတစ်ယောက် ဝင်ပုန်း၍ရအောင် ကျယ်ဝန်းလေသည်။ ချိန်းဆိုသောအချိန်မှာ ဝါခေါင်လကွယ်နေ့ညဖြစ်သည်။ မောင်သက္ကမှာ မိတ်ဆွေတစ်ယောက်ထံမှ မြင်းတစ်ကောင် ငှားယူပြီး တစ်ယောက်တည်း သွားလေသည်။

မြောက်ပိုင်းကျားမျိုးနွယ်များ နေထိုင်သောနေရာမှာ သုံးမိုင်





ခန့် ဝေးပြီး မော်တော်ကား မောင်းနှင်နိုင်သည့်လမ်း ရှိသော်လည်း လမ်းတစ်လျှောက်မှာတော့ လူနေအိမ်များ မရှိပေ။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်တောအုပ်များသာ ဖုံးလွှမ်းထားလေသည်။

ကန္ဒီသည် ရာသီဥတု၊ ရေမြေကောင်းသောကြောင့် မည်သည့်သစ်ပင်မျိုးမဆို ဖြစ်ထွန်းလေသည်။

မြင်းနှင့် သွားသောကြောင့် သုံးမိုင်ခန့် ဝေးသောခရီးကို အချိန်အနည်းငယ်နှင့် ရောက်သွားလေသည်။

စန္ဒီမာလာ ချိန်းဆိုထားသော သစ်ကနက်ပင်ကြီး ရှိသောနေရာမှာ တောင်ကုန်းတစ်ကုန်းပေါ်၌ ရှိလေသည်။

မောင်သက္ကသည် မြင်းကို သင့်တော်သောနေရာ၌ ထားခဲ့ပြီးနောက် သစ်ကနက်ပင်ကြီး ရှိရာ တောင်ကုန်းပေါ်သို့ တက်လာခဲ့သည်။

သစ်ကနက်ပင်ကြီးမှာ အတော်ကြီးသည်။ အရွက်သိပ်မရှိဘဲ ပျဉ်းမပင်ကဲ့သို့ အဖုအထစ်များနှင့် အရိုးပြိုင်းပြိုင်းထနေသောကြောင့် နေဝင်ရီတရော အမှောင်ဖုံးစအချိန်၌ ကြည့်ရသည်မှာ တောင်ကုန်းပေါ်၌ မကောင်းဆိုးဝါးကြီးတစ်ကောင် ရပ်နေသကဲ့သို့ ပုံသဏ္ဌာန်ရှိသည်။

ထိုတောင်ကုန်းပေါ်မှ ကြည့်လျှင် ရွာဝိုင်းကြီးတစ်ခုကို လှမ်းမြင်ရသည်။

အိမ်ခြေအတော်များပြီး အတော်များများမှာ အိမ်ကြီးအိမ်ကောင်းများ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှာမှ ဘုရားရှိခိုးကျောင်း ပုံသဏ္ဌာန်နှင့် ဆောက်လုပ်ထားသော အိမ်မြင့်ကြီးတစ်လုံးလည်း ရှိသည်။ ထိုအိမ်မြင့်ကြီးမှာ အခြားအိမ်များထက် ပိုမိုမြင့်မားပြီး ခန့်ထည်မှုလည်း ရှိသည်။

ထိုအိမ်ကြီးမှာ စန္ဒီမာလာ၏ဖခင် မြောက်ပိုင်းကျား မျိုးနွယ်စုများ၏ခေါင်းဆောင် ဦးဒိဗ္ဗ နေထိုင်သောအိမ်ကြီးပင်ဖြစ်၏။

၎င်းတို့မှာ နွားပိုင်းသဖွယ် တည်ဆောက်ထားကာ သီးခြားနေထိုင်ကြသော မျိုးနွယ်စုများဖြစ်သည်။

၎င်းတို့ရွာကြီးကို တောင်ကုန်းများနှင့် သစ်တောကြီးများက ဝန်းရံထားလေသည်။

ညဦးပိုင်း ရောက်သောအခါ ရွာဘက်မှ မီးရောင်များ လှမ်းမြင်ရပြီး လူသံသူသံများလည်း ကြားနေရသည်။

မောင်သက္ကမှာ သစ်ကနက်ပင်ကြီးအောက် ရောက်သောအခါ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရာ တိတ်ဆိတ်ငြိမ်သက်နေပြီး ကြောက်မက်ဖွယ်ကောင်းလှပေသည်။

သစ်ကနက်ပင်ကြီးတစ်နေရာတွင် လူတစ်ယောက်နှစ်ယောက် ကောင်းစွာဝင်နိုင်သော သစ်ခေါင်းပေါက်ကြီးများ ရှိနေလေသည်။

အတန်ကြာသောအခါ အမှောင်ရိပ်ခိုကာ လာနေသော မည်းမည်းသဏ္ဌာန်တစ်ယောက်ကို လှမ်းမြင်ရသည်။

အနားရောက်လာသောအခါမှ ခေါင်းမြီးခြုံထားသော အမျိုးသမီးတစ်ယောက်မှန်း သိရလေသည်။

အခြားမဟုတ်ပေ။





စန္ဒီမာလာပင်ဖြစ်သည်။

သူမသည် ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လျက်ရှိသည်။

မောင်သက္ကက မှောင်ရိပ်ထဲမှ ထွက်သွားပြီး လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ကျွန်မဖြင့် သိပ်ကြောက်တာပဲ၊ အိမ်က လူတွေ သိသွားရင်တော့ သတ်ပစ်ကြမှာ သေချာတယ်"

"ကိုယ်လည်း မင်းနဲ့ တွေ့ချင်လွန်းလို့ အရဲစွန့်ပြီး လာခဲ့ရတာပါပဲ၊ မင်း အခုလို ရောက်လာတာ ကိုယ်တော့ သိပ်ပြီးဝမ်းသာတာပဲ"

ဟု ပြောကာ တဆတ်ဆတ် တုန်နေသော စန္ဒီမာလာ၏ ကိုယ်ကလေးကို ထွေးဖက်ထားလိုက်သည်။

"အို. . ."

"ကိုယ် မင်းကို မြင်မြင်ချင်းပဲ သိပ်ချစ်နေမိပြီ၊ မင်းရော ကိုယ့်လိုပဲ မဟုတ်လား"

"အို. . . မေးနေရသေးလား၊ ဒီလိုအခြေအနေမျိုးမှာ ထွက်လာနိုင်ဖို့ ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ သိရဲ့လား"

"သိပါပြီ မာလာရယ်၊ မင်း ကိုယ့်အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ်ယုံပါပြီ၊ ဒါထက် မင်းက မြောက်ပိုင်းကျား မျိုးနွယ်စုကလားဟင်"

"အင်း. . . ဟုတ်တယ်၊ အစ်ကိုကရော တောင်ပိုင်းနွား မျိုးနွယ်စုထဲကလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒီလိုဆိုရင်တော့ ကျွန်မတို့နှစ်ယောက်ရဲ့ဘဝက နီးစပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ ဘယ်လိုလုပ်မလဲ အစ်ကို"

"အို. . . ကိုယ်ကတော့ မာလာနဲ့ ဘယ်နည်းနဲ့မှ အဝေးမခံနိုင်ဘူး၊ နောက်ဆုံး ကိုယ်တို့နှစ်ယောက် ဟိုးအဝေးတစ်နေရာကို ထွက်သွားပြီး နေကြမယ်"

ဟု ပြောဆိုကာ နှစ်သိမ့်လိုက်လေသည်။

ဤသို့ဖြင့် မောင်သက္ကနှင့် စန္ဒီမာလာမှာ ချစ်သူတို့ဘဝ ရောက်ခဲ့ကြရုံမက သမီးရည်းစားမက လင်မယားမကျ ဘဝမျိုးသို့ပင် ရောက်ရှိခဲ့လေသည်။

ထိုအခြေအနေရောက်မှ မူပျက်နေသော သားဖြစ်သူ အခြေအနေကို မိခင်ဖြစ်သူ ဒေါ်ရတီက ရိပ်မိလေတော့သည်။ မောင်သက္ကကို မေးမြန်းတော့လည်း ဘယ်လိုမှမေး၍မရပေ။

သို့ကြောင့် လူယုံတော်ရာဂျစ်ကို တိတ်တဆိတ် စေခိုင်းကာ မောင်သက္ကနောက်မှ လိုက်ကြည့်စေရာ နောက်ဆုံး စန္ဒီမာလာနှင့် အချစ်ဇာတ်လမ်းကို သိသွားတော့သည်။

"သူနဲ့ ဖြစ်နေတဲ့ မိန်းကလေးက ဘယ်ကတဲ့လဲ"

"မြောက်ပိုင်းကျွန်းမျိုးနွယ်စုထဲက မိန်းကလေးဖြစ်မယ် ထင်ပါတယ် သခင်မကြီး"

"ဟယ်. . . မိုက်ရိုင်းလိုက်တဲ့သားနှယ်၊ လောကမှာ ယုစရာ မိန်းမဒီလောက်ရှားလို့ ကိုယ့်မျိုးနွယ်စုရဲ့ကျွန်မှာရန် ဖြစ်နေတဲ့မိသားစုထဲက မိန်းကလေးကိုမှ ရွေးရသလား"





ဟု ဒေါ်သပုန်ထကာ သားဖြစ်သူကို မိန်းကလေးနှင့် အဆက်အသွယ် အမြန်ဆုံး ဖြတ်ရန် ပြောလေသည်။

"အို. . . ကျွန်တော်ကတော့ မာလာကို မခွဲနိုင်တော့ဘူး၊ မရရအောင် ယူမှာပဲ၊ အမေတို့ သဘောမတူရင်လည်း ရအောင်ယူပြီး တစ်ခြားတစ်နေရာမှာ သွားနေမှာပဲ"

ဟု မောင်သက္ကကလည်း မလျှော့တော့ပေ။

ဒေါ်ရတီမှာ ယုံကြည်မှုနှင့် ပတ်သက်လာလျှင် အစွဲအလန်းကြီးသူတစ်ယောက်မို့ ယမ်းပုံမီးကျ ဒေါသပုန်ထကာ ထိုကိစ္စကို ပြေပြစ်အောင် ခွဲရမည်ဟု ဆုံးဖြတ်ကာ လူယုံတပည့်များနှင့် တိုင်ပင်လေသည်။

ထိုအခါ ရာဂျစ်ဆိုသူက အကြံပေးသည့်အတိုင်း မောင်သက္ကကို ဘာမှထပ်မပြောတော့ဘဲ ၎င်း၏အသွားအလာကိုသာ အစေ့တစောင်း အကဲခတ်ကြည့်နေလေသည်။

တစ်နေ့ စန္ဒီမာလာထံ သွားမည့်အချိန် ရောက်သောအခါ စားသောက်မည့် အစားအသောက်ထဲမှာ ဆေးတစ်မျိုး ထည့်လိုက်ရာ မေ့မြောသွားလေတော့သည်။

ထိုသို့မေ့သွားသောအခါမှ အခန်းတစ်ခန်းအတွင်း ထည့်၍ တံခါးပိတ်ကာ သော့ခတ်ထားလေသည်။

စန္ဒီမာလာနှင့် ချိန်းထားသော တောင်ကုန်းပေါ်ရှိ သစ်ပင်ကြီး ရှိရာကိုတော့ ရာဂျစ်တို့အဖွဲ့က ရုပ်ဖျက်ကာ သွားစောင့်ကြလေသည်။

မောင်ရိပ်သန်းစအချိန်မှာ စန္ဒီမာလာမှာ သူ့ချစ်သူအား



www.burmeseclassic.com

တစ်ယောက်တည်း လာစောင့်နေစဉ် မမျှော်လင့်သောရန်သူများက ရောက်လာတော့သည်။

ရန်သူများမှာ ဓားလှံများ ပါလာသည်ကို တွေ့မြင်သောကြောင့် ကြောက်အားလန့်အားနှင့် ထွက်ပြေးလေတော့သည်။

ရန်သူများက တောင်ကုန်းကို ဝိုင်းလာသောကြောင့် မလွတ်သာတော့ပေ။

သို့ကြောင့် သစ်ကနက်ပင်၏သစ်ခေါင်းအတွင်းသို့ ဝင်ပြေးလေတော့သည်။

ရုပ်ဖျက်ထားသော ရာဂျစ်က စန္ဒီမာလာ ဝင်ပြေးသွားသော သစ်ခေါင်းအနီးသို့ ရောက်လာပြီး သစ်ခေါင်းအတွင်းမှာ ပိတ်မိနေသော စန္ဒီမာလာ ရင်ဝသို့ လှံဖြင့် ထိုးသတ်လိုက်လေသည်။

စန္ဒီမာလာမှာ ရင်ဝမှာ လှံချက်ထိသဖြင့် သွေးပွက်ပွက် ထွက်နေစဉ်မှာပင် နာကျည်းမှုဖြင့် ပြောလိုက်လေသည်။

"နင်တို့ ငါ့ကို အပြစ်မရှိဘဲ ရက်ရက်စက်စက် သတ်ကြတယ်၊ ငါသေသလို အသေဆိုးနဲ့ သေကြရအောင် တမလွန်ဘဝက နေ လက်စားချေပြမယ်"

ဟု ပြောဆိုကြိမ်းဝါးကာ သေဆုံးသွားလေတော့သည်။ ရာဂျစ် ခေါင်းဆောင်သော လူဆိုးများလည်း သစ်ခေါင်းထဲ၌ စန္ဒီမာလာ သေဆုံးနေသော သစ်ကနက်ပင်ကြီးကို မီးရှို့ထားခဲ့ပြီးမှ ပြန်ခဲ့ကြလေသည်။

သစ်ကနက်ပင်ကြီးမှာ မူလကတည်းက သစ်ရွက်များ သိပ်မရှိလှဘဲ အကိုင်းအခက်များသာ ရှိလေရာ မီးလောင်သွားသော





အခါ အရွက်များ လုံးဝမရှိတော့ဘဲ အကိုင်းအခက်အချို့သာ ကျန်ရစ်ခဲ့ကာ သစ်ပင်တစ်ပင်လုံး မည်းမှောင်သွားလေတော့သည်။

ထိုအချိန်မှစ၍ ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်များက တစ်ခုပြီးတစ်ခု ပေါ်လာလေတော့သည်။



www.burmeseclassic.com





အခန်း(၅)

# မိစ္ဆာဝိညာဉ် ကလဲ့စား

BURMESE CLASSIC

**မောင်** သက္ကမှာ သတိပြန်ရလာသောအခါ ၎င်း၏လူရင်း တစ်ယောက်က အကြောင်းစုံ ပြောပြသောကြောင့် ချစ်သူအတွက် များစွာပူဆွေးသောက ရောက်ရှာလေသည်။

"ရက်စက်လိုက်တာ. . . ဘာမှ အပြစ်မရှိတဲ့ ငါ့ချစ်သူကို ရက်ရက်စက်စက် သတ်ရက်ကြတယ်၊ တကယ်တော့ မာလာ အခုလို ဖြစ်ရတာ ငါ့အတွက်ကြောင့်ပဲ၊ ကိုယ် ဘယ်လိုဖြေရမလဲ မာလာရယ်"

ဟု တစ်ကိုယ်တည်း ရေရွတ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်အတွင်းမှာပင် ဒေါ်ရတီတို့က မျိုးနွယ်လည်းတူ၊ ဘာသာလည်း တူသောအမျိုးသမီးတစ်ယောက်နှင့် မောင်သက္ကကို လက်ထပ်ပေးစားရန် စီမံကြလေသည်။

ထိုရက်အတွင်းမှာပင် မောင်သက္ကမှာ မိဘများအလစ်တွင် မြင်းဖြင့် သူတို့နှစ်ယောက် တွေ့ဆုံနေကျ တောင်ကုန်းရှိရာသို့ တစ်ယောက်တည်း ထွက်ခဲ့လေသည်။

အချိန်မှာ နေဝင်ရီတရောအချိန် ရှိချေပြီ။

တောင်ကုန်းတဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေလေပြီ။ မောင်သက္ကသည် တောင်ကုန်းပေါ် ရောက်သောအခါ သူ့ချစ်သူနှင့် တွေ့ဆုံနေကျ သစ်ကနက်ပင်ကြီးအောက်သို့ သွားလေသည်။

သစ်ကနက်ပင်ကြီးမှာ မီးလောင်ထားသောကြောင့် အရွက်နှင့် အကိုင်းအခက်လေးများ မရှိဘဲ သစ်ကိုင်းတစ်ခုနှစ်ခုသာ ကျန်လေသည်။

အမှောင်ထဲမှာ ကြည့်လျှင် လူမည်းကြီးတစ်ယောက် မတ်တတ်ရပ်နေသည်နှင့် တူလေသည်။

နံဘေးသို့ ကားထွက်နေသော သစ်ကိုင်းနှစ်ခုမှာ လက်နှစ်ဖက်နှင့် ပုံသဏ္ဌာန်တူပြီး ငုံးတိတိဖြစ်နေသောနေရာမှာ ဦးခေါင်းပုံသဏ္ဌာန်ဖြစ်နေပြီး အဖုအထစ်များ၊ အပေါက်များက မျက်စိ၊ နှာခေါင်း၊ ပါးစပ်များနှင့် တစ်ပုံစံတည်း တူနေလေသည်။

မောင်သက္ကမှာ သစ်ပင်အောက် ရောက်သောအခါ စန္ဒီမာလာကို မီးရှို့သတ်ခဲ့သော သစ်ခေါင်းအပေါက် ရှိရာသို့ သွား





ကြည့်လေသည်။

သစ်ခေါင်းအတွင်းမှာတော့ ဘာမှမရှိတော့ပေ။

"မာလာ. . . မာလာ၊ မင်းဘယ်မှာလဲ၊ အခု ဘယ်ဘဝရောက်နေပြီလဲ၊ မင်းမရှိရင် ကိုယ်လည်း အသက်ရှင်ရက်နဲ့ မနေချင်တော့ဘူး၊ ကိုယ့်ကိုလည်း လာခေါ်ပါ မာလာရယ်"

ဟု တတွတ်တွတ် ပြောကာ သစ်ခေါင်းပေါက်အနီးမှာ ထိုင်ချလိုက်သည်။

ထိုအခါမှ သစ်ပင်မှာ စိုက်ဝင်နေသော ဓားတစ်လက်ကို တွေ့ရသည်။

ဓားရိုးမှာ မီးလောင်ထားသောကြောင့် မရှိတော့ပေ။ ဓားက သစ်ခေါင်းအတွင်းသားကို စိုက်ဝင်နေလေသည်။

"မာလာ. . . မင်းဘယ်မှာလဲ၊ ကိုယ့်ကို လာတွေ့ပါ မာလာရယ်၊ မင်းဘယ်ဘဝရောက်နေနေ ကိုယ်ကတော့ မေတ္တာမပျက်ပါဘူး"

ထိုသို့ပြောနေရင်းမှာပင် သူမှီထိုင်နေသော သစ်ပင်ကြီးက လေတိုက်သကဲ့သို့ လှုပ်လာလေသည်။ မောင်သက္ကက လှည့်ကြည့်လိုက်သောအခါ မီးလောင်ထားသော သစ်ကနက်ပင်ကြီးမှာ အသက်ဝင်လာသကဲ့သို့ ယိမ်းထိုးလှုပ်ရှားနေလေပြီ။

"ဟင်. . ."

နံဘေးသို့ ကားထွက်နေသော သစ်ကိုင်းနှစ်ခုကလည်း လက်တံများသဖွယ် လှုပ်ရှားလာသည်။

အဖုအထစ်များဖြင့် ရှိနေသော ပင်စည်မှာလည်း မျက်လုံး

www.burmeseclassic.com



နှာခေါင်း၊ ပါးစပ်နေရာများကလည်း အသက်ဝင်လာသကဲ့သို့ ရှိလေသည်။

မောင်သက္ကမှာ အမှောင်ရိပ်သန်းလာသောအချိန်တွင် တစ်ယောက်တည်း ရှိနေခိုက် ကြောက်မက်ဖွယ်ကောင်းလှသော သဏ္ဌာန်ကြီးကို တွေ့နေရသော်လည်း ကြောက်ရွံ့ခြင်း မဖြစ်မိပေ။

"မာလာ. . . မာလာ. . . မာလာ မဟုတ်လားဟင်၊ မင်း ဒီဘဝကို ရောက်နေပြီ မဟုတ်လားဟင်"

သူက တတွတ်တွတ် မေးနေသောအချိန်မှာပင် မကောင်းဆိုးဝါးဖြစ်နေသော သစ်ကနက်ပင်ကြီးမှာလည်း လက်၊ ခြေ၊ ပါးစပ်၊ မျက်လုံးများမှာ လူတစ်ယောက်ကဲ့သို့ ဝူးဝူးဝါးဝါး လှုပ်ရှားလျက် ရှိနေလေသည်။

ထိုအခိုက်မှာပင် သစ်စုန်းပင်ကြီး၏ပါးစပ်နေရာမှ ပြာလဲ့လဲ့နှင့် မီးခိုးငွေ့နှင့် တူသော အခိုးအငွေ့အချို့ ထွက်လာလေသည်။

မီးခိုးငွေ့များနှင့်တူသော ထိုသဏ္ဌာန်များက ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားလေရာ ထိုအငွေ့နှင့် ထိလိုက်သောသစ်ပင်များမှာ လေမတိုက်ဘဲနှင့် လှုပ်ယမ်းသွားကြလေသည်။

မကြာခင် ထိုအငွေ့များက မောင်သက္က ထိုင်နေရာဘက်သို့ ပျံ့လွင့်လာလေသည်။

ထိုအငွေ့များကို ရှူရှိုက်မိသော အခိုက်အတန့်မှာပင် မောင်သက္ကမှာ လှုပ်ရှားနေမှုများ ရပ်တန့်သွားကာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ တောင့်တောင့်ကြီးဖြစ်သွားလေတော့သည်။

ထိုအချိန်တွင်းမှာ သစ်စုန်းပင်ကြီးမှာ ပူးကပ်နေသော စန္ဒီ





မာလာမှာ လူ့ဘဝ အသက်ရှင်နေစဉ်ကလို လှပချောမောခြင်း မရှိတော့ဘဲ ဆံပင်ဖားလျား၊ မျက်လုံးက ရဲရဲနီလျက်ရှိနေပြီး ပါးစပ်ကလည်း သာမန်ထက် ပိုကျယ်နေလေသည်။

တစ်ကိုယ်လုံးမှာလည်း မီးလောင်ဒဏ်ရာများက မြင်မကောင်းအောင် ပွနေလေသည်။

သူမ၏ဝိညာဉ်မှာ မောင်သက္ကကို တွေ့ရသော်လည်း ယခင်ကကဲ့သို့ မှတ်မိဟန် မရှိတော့ပေ။

"ငါ့ကို နင့်ရဲ့မိဘတွေက အပြစ်မရှိဘဲ ရက်ရက်စက်စက် သတ်ခဲ့ကြတယ်၊

ဘယ်တော့မှ ငါမကျေဘူး၊ ဒင်းတို့တတွေ တစ်ယောက်ပြီး တစ်ယောက် သေအောင် ပြန်ပြီးကလဲ့စားချေပြမယ်"

ဟု အသံသြသြကြီးကိုလည်း ကြားနေရသည်။

"ဒီလိုတော့လည်း မလုပ်ပါနဲ့ မာလာရယ်၊ ပြီးခဲ့တာတွေ ပြီးပါစေတော့၊ မာလာ မကျေနပ်ရင် ကိုယ့်ကိုသာ သတ်ပါ"

"နင့်ကိုလည်း သတ်ရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ နင်က ငါသေအောင် နင့်မိဘတွေနဲ့ ပေါင်းပြီး ကြံစည်ခဲ့တာ မဟုတ်လား"

ထိုအခါမှာ စန္ဒီမာလာက သူ့အပေါ်မှာ အထင်လွဲနေကြောင်း သိရလေသည်။

"ကိုယ့်အပေါ်မှာ အထင်မလွဲပါနဲ့ မာလာ၊ ဒီကိစ္စတွေကို ကိုယ်မသိခဲ့ရတာ အမှန်ပါ။ မာလာ မကျေနပ်ရင် ကိုယ့်ကို ကြိုက်သလိုသာ အပြစ်ပေးပါတော့"

"ပေးရမှာပဲ. . . နင့်အတွက်ကြောင့် ငါအသေဆိုးနဲ့ သေရ



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ နင်လည်းပဲ ငါသေသလို သေရမှာပဲ”

ထိုအခါ မောင်သက္ကမှာ များစွာထိတ်လန့်ကြောက်ရွံ့သွားလေတော့သည်။

သူ့ရှေ့မှာ ရောက်နေသော သစ်စုန်းပင်ကြီးမှာ စန္ဒီမာလာ၏ဝိညာဉ်ပူးကပ်နေသည်ဆိုသော်လည်း အသွင်အပြင်ရော အရွတ္တသဏ္ဌာန်မှာ မူလအခြေအနေ လုံးဝမရှိတော့ပေ။

ယခင်က နူးညံ့သိမ်မွေ့လှသော စန္ဒီမာလာမှာ ယခုတော့ ကြောက်မက်ဖွယ်ကောင်းသော အသွင်ပြင်မျိုးဖြစ်နေလေပြီ။ သို့သော်လည်း မောင်သက္ကမှာ နေရာမှ လှုပ်မရတော့ပေ။ သစ်စုန်းပင်ကြီးမှ ထွက်လာသော အခိုးအငွေ့များနှင့် ထိမိလိုက်သည်နှင့် စိတ်အစဉ်မှာလည်း မူလအခြေအနေအတိုင်း မဟုတ်ပေ။

လူတိုင်းလူတိုင်း ရှေ့သို့ လျှောက်ရမည့်အစား သူ့စိတ်က နောက်သို့ ပြန်လျှောက်ချင်နေသည်။

မိမိကိုယ်ကို ထိခိုက်ဒဏ်ရာရမည်ကို စိုးရိမ်ရမည့်အစား တစ်ကိုယ်လုံး ကြောက်မက်ဖွယ်ကောင်းသော ဒဏ်ရာဒဏ်ချက်များ ရအောင်လုပ်ချင်သည့်စိတ်မျိုး ဖြစ်ပေါ်နေလေသည်။

ထိုထက်. . .

လူနှင့်တိရစ္ဆာန်အပါအဝင် သက်ရှိသတ္တဝါအားလုံးတို့မှာ မိမိအသက်ရှည်အောင်သာ ကြိုးစားကြသည်။

မည်သူကမှ သေစေလိုသည့်ဆန္ဒ မရှိကြပေ။

ယခုတော့ ထိုသို့ မဟုတ်တော့ပေ။

သစ်စုန်းပင်ကြီးမှ ထွက်လာသော အငွေ့များနှင့် ထိလိုက်ပြီး





သည့်နောက်မှာတော့ အရာအားလုံးနှင့် ဆန့်ကျင်ဘက်ကို ပြုလုပ်ချင်နေမိသည်။

မိမိကိုယ်ကို ဘယ်ပုံဘယ်နည်းနှင့် သေအောင် သတ်ရမည်ကိုသာ စိတ်ထဲမှာ ရောက်လာလေတော့သည်။

ထိုသို့ ရောက်လာရန်လည်း သူ့မျက်စိထဲမှာ မြင်နေရသော သစ်စုန်းပင်ကြီးက တိုက်တွန်းပေးနေလေသည်။

“နင်က နင့်မိဘတွေနဲ့ ပေါင်းပြီးတော့ ငါ့ကို ရက်ရက်စက်စက် သေအောင် သတ်ခဲ့တယ်၊

အခု နင်လည်း ငါသေသလို သေရစေမယ်၊

ဟိုသစ်ပင်မှာ စိုက်နေတဲ့ဓားကို ဆွဲနှုတ်လိုက်ပါတော့လား”

မောင်သက္ကမှာ စိတ်ညို့ခံထားရသူပမာ သစ်ပင် ပင်စည်မှာ စိုက်ဝင်နေသောဓားကို ကြည့်လိုက်သည်။

ထို့နောက် ထိုနေရာသို့ ထသွားပြီး သစ်ပင်မှာ စိုက်ဝင်နေသောဓားကို ဆွဲနှုတ်လိုက်သည်။

သစ်ပင်မှာ မီးကျွမ်းနေသဖြင့် အလွယ်တကူပင် ပါလာလေသည်။

“အဲ့ဒီဓားနဲ့ ရင်ဝကို စိုက်သွင်းလိုက်ပါတော့လား”

မောင်သက္ကခေါင်းထဲမှာရော ရင်ထဲမှာပါ အခြားဘာမှမရှိတော့ဘဲ နားထဲမှာ ကြားနေရသော အမိန့်ပေးသံအတိုင်းသာ လုပ်နိုင်သာ ရှိသဖြင့် လက်ထဲမှ ဓားဦးချွန်နှင့် ရင်ဝသို့ ခပ်ဖြည်းဖြည်းချင်း ထိုးသွင်းချလိုက်လေတော့သည်။

ထို့နောက်တွင် မြေပြင်ပေါ်သို့ ခွေကနဲ လဲကျသွားလေ



BURMESE CLASSIC
www.burmeseclassic.com

တော့သည်။

အချိန်တန်၍ မောင်သက္ကာ ပြန်ရောက်မလာသောကြောင့် ရာဂျစ်နှင့်အဖော်သုံးယောက်တို့မှာ ဓား၊ လှံများ ယူ၍ မြင်းကိုယ်စီဖြင့် လိုက်ရှာရာ သစ်စုန်းပင်ကြီး ရှိရာ တောင်ကုန်းသို့ ရောက်လာကြသည်။

"သူ့ချစ်သူကို လွမ်းတာနဲ့ ဒီနေရာ ရောက်ချင်ရောက်နေမှာ၊ သွားရှာကြရအောင်"

ဟု ပြောကာ မြင်းများဖြင့် တက်ခဲ့ကြရာ ထိုနေရာတစ်ဝိုက်နှင့် နီးလာသောအခါ စီးလာသောမြင်းများက ရှေ့ဆက်မသွားတော့ဘဲ ပဒပ်ရပ်နေတော့သည်။

သို့ကြောင့် မြင်းများကို ထားခဲ့ပြီး ခြေလျင်တက်လာကြသည်။ သူတို့ ရောက်လာသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သော်လည်း ပတ်ဝန်းကျင်မှာ အလင်းရောင် ရှိနေဆဲပင်။ တောင်ကုန်းနေရာရောက်သောအခါ ရင်ဝမှာ ဓားတန်းလန်းဖြင့် ခွေခွေကလေးလဲကျသေဆုံးနေသော မောင်သက္ကာအလောင်းကို တွေ့ကြရသည်။

"သခင်လေးတော့ အသတ်ခံလိုက်ရပြီ"

"သူ့ကို ကောင်မလေးဘက်က လူတွေ သတ်တာဖြစ်မယ်"

"ငါတို့ ကောင်မလေးကို သတ်ခဲ့တာ ဒီတောင်ကုန်းမှာပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

"သူ့ကို သစ်ခေါင်းထဲ ထည့်ပြီး မီးရှို့ခဲ့တာ၊ သစ်ပင်ကြီးက ဘယ်ရောက်သွားပြီလဲ"





"မီးလောင်သွားလို့ ဖြစ်မှာပေါ့"

"သစ်ပင်ကြီးတစ်ပင်လုံး အစအန ပျောက်သွားလောက်အောင်တော့ ပျောက်မသွားနိုင်ဘူး၊ နောက်ပြီး ဟိုနေရာမှာ ချိုင့်ခွက်ကြီးတစ်ခုလည်း ဖြစ်နေတယ်"

ယခင်က သစ်ပင်ကြီး ရှိသောနေရာမှာ ယခုတော့ တွင်းပေါက်ကြီး ဖြစ်နေလေသည်။

"တစ်နေရာများ ရွှေ့သွားရော့သလား"

"ဒီလောက်ကြီးတဲ့ သစ်ပင်ကြီးကို ဘယ်သူက ရွှေ့မှာလဲ"

"မြောက်ပိုင်းကျားမျိုးနွယ်တွေက သူတို့သမီး သေတဲ့သစ်ပင်ကိုပါ တူးပြီး ဖျောက်ဖျက်လိုက်တာလည်း ဖြစ်နိုင်တာပေါ့"

ထိုစကားမှာ ဖြစ်နိုင်ချေ ရှိသောကြောင့် နောက်ထပ် ဘယ်သူကမှ ဘာမှမပြောတော့ပေ။

ထိုအခိုက်မှာပင် တောတိုးလာသံအချို့ကို ကြားလာရသည်။ ရာဂျစ်တို့လူစုမှာ မြောက်ပိုင်းကျားမျိုးနွယ်များ ရောက်လာကြပြီအထင်နှင့် ဓားလှံများကို အဆင်သင့် ပြင်ထားလိုက်သည်။

ကြားနေရသောအသံမှာ သစ်ကိုင်းကျိုးသံ၊ အခြားသစ်ပင်များကို တိုးလာသောအသံဖြစ်သည်။

အတန်ကြာသည်အထိ ထိုအသံများသာ ကြားနေရပြီး နောက်ကြာတော့ ငြိမ်သက်သွားလေသည်။

ရာဂျစ်တို့လူစုမှာ အနည်းငယ် ကြောက်ရွံ့လာပြီး ပတ်ဝန်းကျင်ကို ကြည့်ကြသောအခါ တစ်ယောက်ကမူ ထူးခြားမှုတစ်ခုကို တွေ့မြင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပေ. . .။

သစ်ပင်ကြီးများကြားမှာ မားမားကြီး ရပ်နေသော သစ်စုန်းပင်ကြီးကို တွေ့မြင်သွားခြင်းပင်ဖြစ်သည်။

"ဟို. . . ဟိုမှာ"

"ဘာလဲ. . ."

သစ်စုန်းပင်ကြီးကို မြင်သူက လက်ညှိုးထိုးပြလိုက်သဖြင့် ကျန်လူများက ကြည့်လိုက်ကြရာ သစ်စုန်းပင်ကြီးကို မြင်ရသော်လည်း ထူးခြားမှု မဖြစ်ကြပေ။

"ဘာလဲကွ. . . ဘာမှမရှိပါလား"

"ဟို. . . ဟိုမှာလေ သစ်ပင်ကြီး မမြင်ဘူးလား"

"အေးလေ. . . တောထဲမှာ သစ်ပင်တွေ့တာ ဘာများဆန်းကြယ်လို့လဲ"

"ငါသတိထားမိတာ စောစောက အဲဒီနေရာမှာ အဲဒီ သစ်ပင်ကြီး မရှိဘူး၊ အခုမှ ရောက်လာတာ"

"ဟင်. . . ဟုတ်ရဲ့လား"

ထိုအခါမှ အားလုံးထိတ်လန့်သွားကြတော့သည်။

"ဟုတ်တယ်. . . အဲဒီမည်းမည်းသစ်ပင်ကြီးက အခုမှ အဲဒီနေရာ ရောက်လာတာ၊ နောက်ပြီး အဲဒီသစ်ပင်ကြီးက အရင်က ဒီနေရာမှာ ရှိနေတဲ့ သစ်ပင်ကြီးနဲ့ မတူဘူးလား၊ ငါတို့ ရှိခဲ့တဲ့ သစ်ပင်ကြီးလေ"

သည်တော့မှ အသေအချာ ကြည့်သောအခါ တောစပ်၌ ရပ်နေဟန်ရှိသော သစ်ပင်ကြီးနှင့် တူနေကြောင်း သတိပြုမိကြတော့





သည်။

ထိုအခိုက်မှာပင် ဖင်းသစ်ပင်ကြီး ရောက်သောနေရာတစ်ဝိုက်ရှိ သစ်ပင်များမှာ လေတိုက်သွားသကဲ့သို့ တညီတည်း လှုပ်ရှားလာသည်။

ထိုလှုပ်ရှားမှုများက ရာဂျစ်တို့လေးယောက် ရပ်နေသောနေရာဘက်သို့ တဖြည်းဖြည်း ရွေ့လာလေသည်။

ထိုနေရာမှာ အကောင်အထည် မမြင်ရသော်လည်း တစ်စုံတစ်ခုက သူတို့ရှိရာဘက်သို့ လာနေသကဲ့သို့ ရှိလေသည်။

တဝေ့ဝေ့ တိုက်ခတ်လာသောလေက သူတို့ကို ထွေးပတ်သွားလေသည်။

ထိုသို့ လေတိုက်သွားပြီးနောက်မှာ လေးယောက်စလုံး နေရာမှာ မလှုပ်နိုင်တော့ဘဲ တောင့်တောင့်ကြီး ဖြစ်သွားလေတော့သည်။ တစ်ယောက်နှင့်တစ်ယောက် မြင်နေရသော်လည်း စကားမပြောနိုင်တော့ပေ။

သည်တော့မှ သစ်စုန်းပင်ကြီး ရွေ့လျားလာပုံကို လှမ်းမြင်ရတော့သည်။

သစ်စုန်းပင်ကြီးမှာ အသက်ဝင်လာသကဲ့သို့ ဖြစ်လာကာ သူတို့ရှိရာဘက်သို့ လာနေလေသည်။

မလှမ်းမကမ်း ရောက်သောအခါ သစ်စုန်းပင်ကြီးတွင် တွယ်ကပ်နေသော မိစ္ဆာဝိညာဉ်ကို အားလုံးမြင်ကြရသည်။ အခြားမဟုတ်ပေ။

သေဆုံးသွားသော စန္ဒီမာလာ၏ဝိညာဉ်ပင်ဖြစ်တော့သည်။



www.burmeseclassic.com

သို့သော်. . စန္ဒီမာလာမှာ လှပချောမောသူတစ်ယောက် အသွင် မဟုတ်တော့ပေ။

ကြောက်မက်ဖွယ်ရာကောင်းလှသော မိစ္ဆာဝိညာဉ်ဘဝသို့ ရောက်နေလေပြီ။

အနားရောက်လာသောအခါ မျက်လုံးနီနီကြီးများဖြင့် သူတို့လေးယောက်ကို ကြည့်သွားပြီးနောက် ဆက်လက်ရွေ့လျား သွားရာ နောက်ဆုံး တောင်ကုန်းပေါ်ရှိ တွင်းပေါက်ကြီးနေရာ ရောက်သောအခါ သူ့အလိုလို ရပ်တန့်သွားလေတော့သည်။

"နင်တို့ ငါ့ကို ရက်ရက်စက်စက် သတ်ခဲ့ကြတယ်၊ ငါသေ သလိုပဲ သေကြရမယ်၊ ငါ့ကို သတ်သလို ကိုယ့်ဖာသာ သတ်ပြီး သေလိုက်ကြပေတော့"

တစ်နေရာမှ ပျံ့လွင့်လာသော စကားသံများကို နားထဲမှာ ကြားလာရသည်။

ဦးစွာ ရာဂျစ်က စတင်လှုပ်ရှားလာသည်။

လက်ထဲမှာ ကိုင်ထားသော ဓားဖြင့် ရင်ဝသို့ တဖြည်းဖြည်း ထိုးသွင်းရာမှာလည်း ကြောက်ကြောက်လန့်လန့်ဖြင့် အလော တကြီး ထိုးသွင်းလိုက်ခြင်းမျိုး မဟုတ်ဘဲ ဗိုက်ထဲသို့ ဓားထိုးသွင်းနေ သည်ကို စိမ်ပြေနပြေ ထိုးသွင်းနေခြင်းဖြစ်၏။

ခဏကြာသောအခါ ချွန်ထက်လှသောဓားဦးက ရာဂျစ် ကျောသို့ ပေါက်ထွက်သွားပြီးနောက် 'ဝုန်း'ကနဲ လဲကျသွားလေ တော့သည်။

ရာဂျစ် ကိုယ့်ကိုယ်ကို ဓားဖြင့် ထိုးသွင်းနေသည်ကို နံဘေး





နားမှ တစ်ယောက်က မြင်နေရသည်။

ရာဂျစ် လဲကျသွားသောအခါမှ သူက လှုပ်ရှားလာသည်။

အခြားမဟုတ်ပေ။

သူလည်း လက်ထဲမှာ ကိုင်ထားသောဓားဖြင့် သူ့ဗိုက်ကို ထိုးသွင်းနေခြင်းပင်ဖြစ်သည်။

ထိုတစ်ယောက် လဲကျသွားသောအခါ ကျန်နှစ်ယောက်တို့ မှာလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို မိမိတို့ ကိုင်ထားသော လက် နက်ကိရိယာများဖြင့် မိမိကိုယ်ကို ထိုးသတ်ကြလေရာ လေး ယောက်စလုံး ဓားတန်းလန်းဖြင့် လဲကျသေဆုံးသွားကြတော့သည်။

မောင်သက္က ပြန်မရောက်လာသဖြင့် ရာဂျစ်တို့ လေး ယောက်က လိုက်လံရှာဖွေကြရာ ၎င်းတို့လေးယောက်ပါ ပြန် ရောက်မလာသဖြင့် နံနက်လင်း၍ ထိုနေရာသို့ သွားရှာသောအခါ မောင်သက္ကအပါအဝင် ငါးယောက်စလုံး ရင်ဝမှာ ဓားတန်းလန်းဖြင့် အသီးသီး သေဆုံးနေကြသည်ကို တွေ့ကြရသည်။ အားလုံးက တော့ မြောက်ပိုင်းကျားမျိုးနွယ်များ၏လက်ချက်ဟုပင် ထင်ကြလေ သည်။

နောက်ပိုင်းမှာတော့ ကြောက်မက်ဖွယ်ကောင်းသော အန္တ ရာယ်ကြီးက ဦးမင်းမောင်တို့ ရှိရာသို့ လိုက်လာလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၆)

# ကံကြမ္မာဝဋ်ကြွေး ဆပ်ရသူများ

မမျှော်လင့်ဘဲ သားဖြစ်သူ မောင်သက္က သေဆုံးသွားခဲ့ရသောကြောင့် ဦးမင်းမောင်တို့ မိသားစုမှာ များစွာပူဆွေးသောက ရောက်ကြရသည်။

ဦးမင်းမောင်နှင့်ဒေါ်ရတီတို့မှာ တစ်ဦးတည်းသောသား တစ်ယောက် သေဆုံးသွားရသဖြင့် ဝမ်းနည်းပူဆွေးကြရသလို သိန်းရီ စန္ဒာမှာလည်း မောင်တစ်ယောက် ဆုံးသွားသဖြင့် မျက်ရည်ဖြိုင်ဖြိုင် ကျရရှာသည်။

သို့သော်လည်း ထိုမျှနှင့်မပြီးသေးဘဲ အန္တရာယ်များက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီးတစ်ခု ရောက်လာလေတော့သည်။

ပထမဦးစွာ ကြုံတွေ့ရသောအန္တရာယ်မှာ ဦးမင်းမောင် တာဝန်ယူထားသော သစ်တောအတွင်းမှ အလုပ်သမားများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးရသောကိစ္စပင်ဖြစ်သည်။ အလုပ်သမားအချို့မှာ သစ်ပင်အမြင့်များပေါ်သို့ တက်သွားကာ ခုန်ချ၍ သေခြင်း၊ ကြိုးဆွဲချကာ သေခြင်း၊ အချို့ကတော့ လှဲချလိုက်သော သစ်ပင်အောက်သို့ ပြေးဝင်သွားကာ သေခြင်း စသည်ဖြင့် နည်းအမျိုးမျိုးနှင့် သေကြလေသည်။

ထိုအခါ မျက်နှာဖြူအရာရှိများက ဦးမင်းမောင်အပေါ် အပြစ်ပုံချလေသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ထုချေလွှာ တင်ရသည်အထိ ဖြစ်လာလေသည်။

ဦးမင်းမောင်အနေနှင့်လည်း သူကိုယ်တိုင် ဂဃနဏ မသိသောအကြောင်းပေမို့ မျက်နှာဖြူအရာရှိများ ကျေနပ်လောက်သောအခြေအနေအထိ ရှင်းမပြနိုင်ခဲ့ပေ။

နောက်ဆုံးတော့ ဝေးလံသောနေရာတစ်ခုသို့ ရွှေ့ပြောင်းသောအမိန့် ထွက်လာရာ မသွားနိုင်သောကြောင့် အလုပ်မှ ထွက်လိုက်ရလေတော့သည်။

အလုပ်က ထွက်ပြီးတော့မှ ၎င်းလက်အောက်မှာ အမှုထမ်းခဲ့ဖူးသော သစ်တောအုပ်တစ်ယောက်ကို အကျိုးအကြောင်း ခေါ်မေးကြည့်ရာ ထူးဆန်းသောစကားများကို ကြားရလေသည်။

"သူတို့တွေ ဘယ်ပုံဘယ်နည်း သေကြရတာလဲ ပြောပြ





ပါဦး"

"ထူးဆန်းတာတော့ အတော်ကလေး ထူးဆန်းတယ် ဆရာ၊ သူတို့တွေက သာမန်ရိုးရိုး သေကြတာ မဟုတ်ဘူး၊ တစ်ယောက်ယောက်က နောက်ကနေ အမိန့်ပေးပြီး သေခိုင်းလို့ သေကြရတဲ့ပုံပဲ"

"ငါနားမလည်လို့ တဆိတ်လောက် ထပ်ရှင်းပြပါဦး"

"ဒီလို ဆရာရဲ့အလုပ်သမားတွေ သေတော့မယ်ဆိုရင် အနားကို ပယောဂ တစ်ခုခု ရောက်လာသလိုမျိုး ဒါမှမဟုတ် အဝေးက မှော်ပညာတစ်မျိုးမျိုးနဲ့ စိတ်ညို့လိုက်သလို ဖြစ်သွားပြီး အလုပ်လုပ်နေရင်းက ရုတ်တရက် တန့်သွားကြတာမျိုးပဲ"

"အထူးအဆန်းပါပဲ"

"ဒါကလည်း ပြောပြလို့ ယုံနိုင်စရာ မရှိဘူး၊ မျက်စိနဲ့ မြင်ရတဲ့လူတွေ ပြောပြလို့ သိရတာ၊ အဲဒီလို တပြိုင်နက်ထဲ ငြိမ်သွားပြီးရင် ရှေ့က တစ်ယောက်ယောက်က တစ်ခုခု လုပ်ပြီး သေသွားရင် ကျန်တဲ့လူတွေကပါ အဲဒီနည်းအတိုင်း လိုက်လုပ်ပြီး သေကြတာ"

"အံ့ဩစရာပါလား"

"တစ်ယောက်က သစ်ပင်ပေါ် တက်ပြီး ခုန်ချသေရင် ကျန်တဲ့လူတွေကပါ သစ်ပင်ပေါ် တက်ပြီး ခုန်ချကြတော့တာပဲ၊ ရှေ့က တစ်ယောက်က ရင်ဝကို ဓားနဲ့ စိုက်ရင် ကျန်တဲ့လူတွေကလည်း လိုက်စိုက်တာပဲ၊ ရှေ့လူ ဘယ်လိုသေသလဲဆိုတာ မြင်ရင် မြင်တဲ့လူကပါ အဲဒီအတိုင်း လိုက်သေတော့တာပါပဲ၊ ကျွန်တော့်မြင်ကွင်းထဲ တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုဆိုရင် သွေးပျက်စရာ အတော်ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာမို့လဲ"

"လူနှစ်ယောက်က လှေကြီးကိုင် ရပ်နေတယ်၊ အနားမှာရှိတဲ့ အလုပ်သမားတွေက အဲဒီလှေအောက်ကို ဝင်ပြီး လည်ပင်းမော့ပေးကြတာ တွေ့ရတယ်"

"ဟင်. . ."

"အဲဒီလို မော့ပေးလိုက်တာနဲ့ လှေကိုင်ထားတဲ့နှစ်ယောက်က တိကနဲ ဖြတ်ချလိုက်တာပဲ၊ တစ်ယောက်သေသွားရင် နောက်တစ်ယောက်က လာပြီး လည်ပင်းမော့ပေးတာ တွေ့ရတာပဲ၊ မထူးဆန်းဘူးလား ဆရာ"

"ငါ့တစ်သက်တော့ တစ်ခါမှ မကြားဖူးတဲ့အကြောင်းမျိုး တွေကြားရတာပဲ၊ ယုံနိုင်စရာကို မရှိပါဘူး"

သို့သော်လည်း နောက်ပိုင်းမှာတော့ ဦးမင်းမောင်ကိုယ်တိုင် ကြုံတွေ့ရလေတော့သည်။

အခြားမဟုတ်ပေ. . .။

ထိုအန္တရာယ်က သူ့ပတ်ဝန်းကျင်သို့ ရောက်လာလေတော့သည်။ ဦးစွာ ခြံစောင့်အလုပ်သမားတစ်ယောက်မှာ သူ့ဖာသာ သတ်သေသွားသည်။

ထိုခြံစောင့်နေရာမှာ အခြားတစ်ယောက်ကို ထား၍မှ မကြာသေးခင် ခြံဝန်းသန့်ရှင်းရေးလုပ်သော အလုပ်သမားတစ်ယောက်က သေဆုံးသွားပြန်သည်။

သေဆုံးပုံမှာလည်း ထူးဆန်းလှသည်။

ပိုးသတ်ဆေးရည်များကို ရေသောက်သကဲ့သို့ သောက်၍





သေဆုံးသွားခြင်းဖြစ်သည်။

ထိုကဲ့သို့ လူနှစ်ယောက် ဆက်တိုက်သေဆုံးသွားသောအခါ ဦးမင်းမောင်တို့မိသားစုမှာ များစွာကြောက်ရွံ့တုန်လှုပ်ကြလေတော့သည်။

ခြံစောင့်အလုပ်သမားနှင့် သန့်ရှင်းရေးအလုပ်သမားနှစ်ယောက် သေဆုံးပြီးသောအခါ ဒေါ်ရတီအလှည့်သို့ ရောက်လာတော့သည်။

ညအမှောင်သမ်းလာသောအချိန်တွင် ခြံထဲတွင် ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို ဒေါ်ရတီတစ်ယောက်တည်းသာ မြင်ရလေသည်။

ထိုအမျိုးသမီးမှာ စကြံ့န်အောက် ရောက်လာသောအခါ အပေါ်သို့ မော့ကြည့်လိုက်တော့မှ မီးလောင်ထားသော ဒဏ်ရာဒဏ်ချက်များဖြင့် ကြောက်မက်ဖွယ်ကောင်းသောမျက်နှာကို တွေ့ရလေရာ များစွာထိတ်လန့်သွားလေသည်။

ဦးမင်းမောင်ကို ထိုအကြောင်း ပြောပြသောအခါ ဦးမင်းမောင်က ထွက်ကြည့်သောအခါ မည်သူ့ကိုမှ မတွေ့ရပေ။

"ငါတော့ ဘာမှမတွေ့ရဘူး၊ မင်းဘယ်မှာမြင်ရတာလဲ"

"ဟိုခြံဝန်းထဲမှာ လျှောက်နေတာ မမြင်ဘူးလား"

"ဟင့်အင်း. . . ငါတော့ မတွေ့ရဘူး"

ထိုအခါမှ ဒေါ်ရတီမှာ ပိုမိုကြောက်ရွံ့တုန်လှုပ်သွားလေသည်။

ထိုကဲ့သို့ မြင်နေရသော ထိုမိန်းမမှာ ဘာမိနည်းနှင့်မှ



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူတစ်ယောက် မဟုတ်မှန်း ရိပ်မိလေသည်။

ထိုမိန်းမမှာလည်း နေဝင်ရီတရောအချိန် ရောက်လာသည်နှင့် ခြံဝန်းထဲ ရောက်လာပြီး ဒေါ်ရတီကို မျက်ထောက်နီကြီးနှင့် မော့ကြည့်နေလေသည်။

နောက်ရက်မှာတော့ အပြင်မထွက်ဝံ့တော့ဘဲ မိမိအိမ်ထဲမှာပင် တံခါးပိတ်၍နေသော်လည်း နေဝင်ရီတရော ရောက်လာပြီး အချိန်ကျလာသည်နှင့် အပြင်ဘက်မှ တစ်စုံတစ်ယောက်က လှမ်းခေါ်နေသံကို မသဲမကွဲ ကြားရလေသည်။

ထိုအသံကြားသည်နှင့် အိမ်ထဲမှာ နေချင်စိတ် မရှိတော့ဘဲ တံခါးဖွင့်ကာ အပြင်သို့ ထွက်ကြည့်ပြန်သည်။

ဒီတစ်ကြိမ်တော့ အောက်မှာ လျှောက်နေသော အမျိုးသမီးက အောက်သို့ ဆင်းခဲ့ရန် လက်ယပ်ခေါ်နေလေသည်။

ထိုအခါ ဒေါ်ရတီမှာ ပိုမိုကြောက်ရွံ့လာကာ အိမ်တွင်းသို့ အလျှင်အမြန် ပြန်ဝင်လာကာ ဦးမင်းမောင်ကို အကျိုးအကြောင်း ပြောပြသောအခါ ဦးမင်းမောင်က သေနတ်ကိုပါ ယူ၍ ထွက်လိုက်လာလေသည်။

အပြင်သို့ ရောက်သောအခါ ဝရံတာအောက်မှာ မည်သူ့ကိုမှ မတွေ့ရပေ။

တစ်ကြိမ်မှနှစ်ကြိမ် ဖြစ်လာသောအခါ ဒေါ်ရတီအတွက် ဦးမင်းမောင်ပင် စိုးရိမ်မိလာသည်။

သို့ကြောင့် သမီးဖြစ်သူ သီရိစန္ဒာအား မိခင်အနီးတွင် မပြတ်စောင့်ကြည့်ရန် တိုးတိုးတိတ်တိတ် မှာကြားထားရလေသည်။





တစ်နေ့တော့ ဒေါ်ရတီက လွန်စွာအားလျော့နေသော လေသံဖြင့် ပြောသည်။

"ဒီပုံအတိုင်းဆိုရင်တော့ ကျွန်မတော့ ကြာကြာနေရတော့မယ် မထင်ဘူး၊ သူကလည်း နေ့တိုင်း လာခေါ်နေပြီ"

"မင်းစိတ်ထဲ တစ်ခုခုကို စွဲလမ်းနေလို့ မြင်မိမြင်ရာ ကြားမိကြားရာတွေ မြင်ကြားနေတာ ဖြစ်မှာပါ၊ ဘာမှစိတ်မပူပါနဲ့ကွာ၊ ဆရာကောင်းကောင်း ရှာပြီး ကုပေးပါ့မယ်၊ နောက်ဆုံး အနုရာဓပုရဘက်မှာ ရှိတဲ့ ဆာဒူးကြီးတွေ သွားခေါ်ပေးပါ့မယ်၊ သူတို့ရောက်လာရင်တော့ မင်းနေကောင်းသွားမှာပါ"

ပြောဆိုနှစ်သိမ့်ပေးသော်လည်း ဒေါ်ရတီ၏အခြေအနေမှာ သိပ်မထူးခြားလှပေ။

ဦးမင်းမောင်ကလည်း ဒေါ်ရတီကို အပြင်မထွက်စေဘဲ အိမ်တွင်းမှာသာ နေစေသည်။

တစ်နေ့တော့ ဦးမင်းမောင် အပြင်သို့ သွားနေခိုက်တွင် ဒေါ်ရတီက သမီးဖြစ်သူကို ပြောလေသည်။

"အမေ အိမ်ထဲမှာ နေရတာ ကြာတော့ ဝရံတာကို ခဏလောက် ထွက်ထိုင်ချင်တယ်"

"ဖြစ်ပါ့မလား အမေ"

"ဖြစ်ပါတယ်. . . ခဏကလေး ထိုင်မှာပါ"

သို့ကြောင့် သီရိစန္ဒာက မိခင်ဖြစ်သူအား ဝရံတာသို့ခေါ်ဆောင်လေသည်။

အချိန်က ညနေပိုင်းအချိန်ဖြစ်ပြီး မိုးက တဖွဲဖွဲ ရွာနေသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

သီရိစန္ဒာက မိခင်ကို ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်စေပြီး သူမကလည်း အနီးမှာ ကုလားထိုင်တစ်လုံးနှင့် ထိုင်စောင့်နေလေသည်။

ထိုအခိုက်မှာပင် လေက ဝေ့ကနဲ တစ်ချက်တိုက်ခတ်လာလေတော့သည်။

ထိုလေက သစ်ပင်သစ်ရွက်များမှတစ်ဆင့် ဝရံတာ ရှိရာသို့ ဝေ့တက်လာခြင်းဖြစ်လေသည်။

ထိုလေတစ်ချက် ရှူရှိုက်လိုက်ရသည်နှင့် သီရိစန္ဒာမှာ သတိမေ့သကဲ့သို့ ဖြစ်သွားသည်။

ထိုအချိန်မှာ ကုလားထိုင်ပေါ်မှာ ထိုင်နေသော ဒေါ်ရတီမှာလည်း မလှုပ်မယှက်ဖြင့် တောင့်တောင့်ကြီး ဖြစ်သွားလေသည်။

လူကသာ မလှုပ်နိုင်တော့သော်လည်း မျက်လုံးကတော့ မြင်နေရသည်။

သူသည် ဝရံတာအပြင်ဘက်သို့ မျက်နှာလှည့်ထားသောကြောင့် ဦးစွာ ခြံဝန်းတစ်နေရာမှာ ရောက်နေသော သစ်ပင်မည်းမည်းကြီးကို အရင်မြင်ရသည်။

ထိုသစ်ပင်ကြီးမှာ အခြားသစ်ပင်များနှင့် မတူဘဲ မီးလောင်ထားသကဲ့သို့ အရိုးပြိုင်းပြိုင်းဖြစ်နေပြီး အသက်ဝင်နေသကဲ့သို့ လှုပ်ရှားနေလေသည်။

ပုံပန်းသဏ္ဌာန်မှာ မကောင်းဆိုးဝါးကြီးတစ်ကောင်ကဲ့သို့ ရှိနေပြီး မျက်လုံးနှစ်လုံးမှာလည်း ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီလျက်





ရှိသည်။

သစ်ပင်တစ်နေရာမှာ လူမျက်နှာကဲ့သို့ နှာခေါင်း၊ ပါးစပ်များ ပါပြီး ပါးစပ်မှ အခိုးအငွေ့များမှုတ်လွှတ်နေလေသည်။

ထိုအငွေ့များက ပတ်ဝန်းကျင်မှာ ရှိသော သစ်ပင်များသို့ တစ်ပင်မှတစ်ပင် ကူးစက်သွားလေသည်။

အခိုးအငွေ့နှင့် ထိလိုက်သောအပင်များမှာ လေတိုက်သကဲ့သို့ လှုပ်ယမ်းသွားကြလေသည်။ နောက်ဆုံး တစ်ပင်မှတစ်ပင် ကူးလာပြီး ဝရံတာနှင့် အနီးဆုံးမှာ ရှိသော အင်ကြင်းပင်ကြီးမှတဆင့် ဝရံတာပေါ် ရောက်လာခြင်းပင်ဖြစ်၏။

ထိုအငွေ့များကြောင့် ဒေါ်ရတီတို့သားအမိနှစ်ယောက် စလုံး သတိမေ့သကဲ့သို့ ဖြစ်သွားလေသည်။

သီရိစန္ဒာက အိပ်ပျော်သကဲ့သို့ လုံးဝသတိမရတော့သကဲ့သို့ ဖြစ်သွားသော်လည်း ဒေါ်ရတီမှာတော့ စိတ်အစဉ်ကသာ ပျံ့လွင့်နေသော်လည်း မျက်စိကတော့ ပတ်ဝန်းကျင်မြင်ကွင်းများကို မြင်နေရလေသည်။

ထိုအချိန်မှာပင် သစ်ပင်မည်းမည်းအတွင်းမှ ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက် ထွက်လာသည်။

အခြားမဟုတ်ပေ. . . ။

မြင်တွေ့နေကျ မိန်းမပင်ဖြစ်သည်။

ထိုမိန်းမက အိမ်ဘက်သို့ လျှောက်လာပြီး ဒီတစ်ခါတော့ အိမ်ပေါ် ရောက်သည်အထိ တက်လာတော့သည်။

ခဏကြာတော့ ဒေါ်ရတီ ထိုင်နေသော ကုလားထိုင်အနီး



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လာသည်။

ထိုအခါမှ မီးလောင်ထားသောဒဏ်ရာများဖြင့် ကြောက်မက်ဖွယ်ကောင်းသောမျက်နှာကို တွေ့ရလေရာ များစွာကြောက်ရွံ့တုန်လှုပ်မှုဖြစ်သော်လည်း နေရာမှ ရွေ့မရပေ။ ထိုမိန်းမက အနားလာရပ်ပြီး အသံသြသြကြီးနှင့် ပြောသည်။

"နင်တို့ ရက်ရက်စက်စက် သတ်လို့ သေခဲ့ရတဲ့ ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ ငါသေသလို နင်တို့လည်း သေရမှာပဲ၊ ငါ့နောက်ကို လိုက်ခဲ့ပေတော့"

ဟု ပြောကာ ဝရံတာပေါ်မှ ကျော်ကာ အောက်သို့ ခုန်ချသွားလေတော့သည်။

ထိုအခါ ဒေါ်ရတီမှာလည်း မတုန်မလှုပ်ဖြစ်နေရာမှ တဖြည်းဖြည်း လျှောက်သွားလေသည်။

ထိုအခိုက်မှာပင် သီရိစန္ဒာမှာ သတိပြန်ရလာလေတော့သည်။ ကြည့်လိုက်တော့ ဒေါ်ရတီက ဝရံတာအစွန်းနေရာသို့ ရောက်နေချေပြီ။

"အမေ. . . အမေ. . . ဘယ်သွားမလို့လဲ၊ ဘာလုပ်မလို့လဲ"

ထိုသို့ လှမ်းအော်သော်လည်း မရတော့ပေ။

ဒေါ်ရတီက ဝရံတာပေါ်မှ ကျော်ကာ အောက်သို့ ဇောက်ထိုးစိုက်ဆင်းသွားလေတော့သည်။

"အမေ. . ."

သူမအော်သံကြောင့် အခြားအလုပ်သမားများလည်း ထွက်





လာကြသည်။ ဦးမင်းမောင်လည်း ပြန်ရောက်လာသဖြင့် အနီးသို့ ကပျာကယာ ပြေးသွားပြီး ကြည့်သောအခါ ဇက်ကျိုးကာ သေဆုံးနေချေပြီ။

ထိုအကြောင်းများမှာ ဦးမင်းမောင်က ဒေါက်တာမင်းထင်ကျော်အား ပြန်ပြောသောအကြောင်းများပင် ဖြစ်တော့သည်။

ဒေါက်တာမင်းထင်ကျော်မှာလည်း ထိုကဲ့သို့ ထူးဆန်းသောအကြောင်းများကို ကြားရသောအခါ များစွာအံ့သြမိလေသည်။

"ဒါထက် ဦးရဲ့ဇနီး ဆုံးတာ ဘယ်လောက်ကြာပြီလဲဟင်"

"သူဆုံးတာ သုံးလေးလလောက် ရှိပါပြီ၊ သားမောင်သက္က ဆုံးတာနဲ့ သိပ်မကွာလှပါဘူး"

"ဒီအကြောင်းတွေ ကြားရတာ စိတ်မကောင်းပါဘူး"

"ဘယ်တတ်နိုင်မလဲကွယ်. . . ကံတရားပေါ့"

"ဒါထက် ဦးမိသားစု ဆုံးပြီးတဲ့နောက်မှာရော ကျန်ခဲ့တဲ့ မိသားစုတွေကို လာပြီးအနှောင့်အယှက်ပေးသေးလား"

"ကျုပ်တို့မှာ မိသားစုလေးယောက်ပဲ ရှိပါတယ်၊ နှစ်ယောက်ဆုံးသွားတော့ ကျုပ်တို့သားအဖပဲ ကျန်ပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ဒီကန္တီပတ်ဝန်းကျင်တစ်ဝိုက်မှာ သူရှိနေတယ်ဆိုတာ သေချာပါတယ်၊ သူရောက်တဲ့နေရာတိုင်းမှာ လူတွေ နည်းအမျိုးမျိုးနဲ့ သေကြတာပါပဲ၊ ကျန်တဲ့လူတွေကတော့ ဒီအကြောင်းတွေကို မသိကြပါဘူး၊ ဒီအကြောင်းတွေကို သိတာ ကျုပ်တို့ပဲ ရှိပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီမကောင်းဆိုးဝါးဝိညာဉ်ဟာ ကျုပ်တို့သားအဖ ရှိရာကို ရောက်လာတော့မှာ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမင်းမောင်က စိတ်ပျက်အားလျော့သောလေသံဖြင့် ပြောလိုက်လေသည်။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ ဦး၊ ဘယ်အရာမဆို ထွက်ပေါက်တစ်ခုတော့ ရှိပါတယ်၊ လှေခါးတစ်ခု ထောင်ထားသလိုပေါ့၊ အပေါ်က ဆင်းတဲ့လူနဲ့ အောက်က တက်လာတဲ့လူ တစ်နေရာမှာ တွေ့နိုင်သလိုပါပဲ၊ ဒီအဖြေ ရအောင်ရှာနိုင်ရင် အဖြေထွက်လာမှာပါ"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် မောင်မင်းထင်ကျော်ရယ်"

"ဒါထက် စောစောက ဦးပြောသွားတဲ့စကားထဲမှာ 'အနုရာဓပုရမြို့' မှာ ယောဂီကြီးတွေ ရှိတယ်လို့ ကြားရပါတယ်၊ ဘယ်နေရာမှာ ရှိတာလဲ"

"မောင်မင်းထင်ကျော်က ယောဂီကြီးတွေနဲ့ အဆက်အသွယ် ရှိသလား"

"ဟုတ်ကဲ့. . . ရှိပါတယ်"

"သူတို့ နေတဲ့နေရာက မဟိန္ဒလှေတောင်ခြေက ရင်းတိုက်တောထဲမှာ ရှိကြတယ်လို့တော့ ကြားဖူးပါတယ်၊ ကျုပ်လည်း တစ်ခေါက်မှ မရောက်ဖူးပါဘူး"

"ကျွန်တော် အဲဒီကို တစ်ခေါက်သွားချင်ပါတယ်"

"မောင်မင်းထင်ကျော် သွားချင်တယ်ဆိုရင် ဒီက မော်တော်ကားနဲ့ ဒရိုင်ဘာ ထည့်ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"





ဒေါက်တာမင်းထင်ကျော်စိတ်ထဲ၌မူ ရထားပေါ်မှာ အမှတ်မထင် တွေ့ရသော ဆာဒူးကြီးချန္ဒရ ပြောပြသွားသောစကားများကို ပြန်လည်သတိရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၇)

## မဟိန္ဒလေ့ဟောင်းမြေမှ သူတော်စင်

နောက် တစ်နေ့တွင် ဦးမင်းမောင်က မော်တော်ကားနှင့် ဒရိုင်ဘာကို စီစဉ်ပေးသောကြောင့် ခရီးထွက်ရန် ပြင်ဆင်ရလေသည်။

သီဟိုဠ်၌ ရှိသော အနုရာဓပုရမြို့မှာ ဘာသာရေးနှင့် သက်ဆိုင်သော အဆောက်အဦးများစွာရှိသော နေရာတစ်ခုလည်း ဖြစ်သည်။

ခရီးဝေးသောကြောင့် သီရိစန္ဒာ မလိုက်တော့ဘဲ ဒေါက်တာမင်းထင်ကျော်နှင့် ကားဒရိုင်ဘာ နှစ်ယောက်တည်း သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ သီရိစန္ဒာ လိုက်ရန်ပြောသေးသည်။

သို့သော် လမ်းခရီး၌ အန္တရာယ်များမည်စိုးသောကြောင့် မခေါ်ခဲ့ခြင်းဖြစ်သည်။

ဒရိုင်ဘာကတော့ တာဝန်အရမို့ လိုက်ပို့ပေးရသော်လည်း သူလည်း စိုးရိမ်ကြောက်ရွံ့နေဟန်ရှိသည်။

သူ စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာပင်ဖြစ်သည်။ ကန္နီမြို့မှာ မမျှော်လင့်သော အန္တရာယ်ဆိုးများ တစ်နေရာပြီးတစ်နေရာ ဖြစ်ပွားနေသောကြောင့် လူအများမှာ ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

သို့တိုင်အောင် မြို့ပြင်ထွက်ခွာနီး နေရာရောက်သောအခါ လမ်းခွဲတစ်ခု တွေ့ရပြီး ထိုလမ်းခွဲတွင် ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို လှမ်းမြင်ရသဖြင့် ကားရပ်ပြီး ဒေါက်တာမင်းထင်ကျော်က ဆင်းသွားပြီး သတင်းစုံစမ်းလေသည်။

"ဟိုဘက်ကမ်းမှာ ဘာကြောင့်လဲ မသိဘူး၊ ကားလမ်းမပေါ်မှာ လူတွေ သေနေတာ မြင်လို့ ဒီက သွားတဲ့လူတွေ လန့်ပြီး ပြန်ပြေးလာကြတာ"

လူတစ်ယောက်က ပြောပြသည်။

လှမ်းကြည့်နေရင်းမှာပင် ထိုဘက်မှ မော်တော်ကားအချို့ ပြန်မောင်းလာသည်ကို တွေ့ရသည်။

ထိုလူများက လမ်းဆုံရောက်သောအခါ မော်တော်ကား ရပ်ပြီး အလန့်တကြား ပြောပြသည်။

"ဒီဘက်လမ်းကိုတော့ မသွားကြနဲ့ဗျို့၊ ဘာဖြစ်တာလဲ မသိ





ဘူး၊ လမ်းမပေါ်မှာရော ကားလမ်းနံဘေးမှာပါ သေနေတဲ့လူတွေ တွေ့ခဲ့ရတယ်၊ ကြည့်ရတာတော့ အန္တရာယ်တစ်ခုခုနဲ့ တွေ့သွားတဲ့ပုံပဲ"

"ဟုတ်တယ်ဗျို့. . . အခုတော့ ဒီဘက်လမ်းကို မသွားတာ အကောင်းဆုံးပဲ၊ မော်တော်ကားတွေဆိုရင်လည်း သစ်ပင်နဲ့ ဝင်တိုက်ထားတာတွေရော လမ်းဘေးချောက်ထဲ ခေါင်းထိုးချထားတာတွေရော အများကြီးပဲ"

ဟု ပြောသဖြင့် ထိုဘက်လမ်းသို့ သွားရန်ရှိသူများမှာ ဆက်မသွားတော့ဘဲ နောက်ကြောင်းပြန်လှည့်သွားကြလေသည်။

ထိုအခြေအနေကို ကြားရသောအခါ သစ်စုန်းပင် ရောက်နေသောနေရာတွင် မိစ္ဆာဝိညာဉ်မှ ထွက်လာသော မရဏအခိုးအငွေ့များ ပျံ့လွင့်မှုကြောင့် ဖြစ်ရမည်ဟု သိလိုက်လေသည်။

သူ မော်တော်ကား ရှိရာသို့ ပြန်လာတော့ ဒရိုင်ဘာက မေးလေသည်။

"အခြေအနေ ဘယ်လိုလဲ ဆရာ"

"ဟိုလမ်းဘက်မှာတော့ အန္တရာယ်ရှိနေတဲ့ပုံပဲ"

"ကျွန်တော်တို့ရော ဆက်သွားလို့ ဖြစ်ပါ့မလား"

"ငါတို့ ဆက်သွားမယ့်လမ်းမှာတော့ အခြေအနေ ဘာမှ ထူးပုံ မရသေးဘူး. . . သွားကြတာပေါ့၊ အခြေအနေ ထူးတာ တွေ့မှပဲ တစ်မျိုးစီစဉ်ကြတာပေါ့"

ဟု ပြောကာ တံခါးဖွင့်ကာ မော်တော်ကားအတွင်း ဝင်ထိုင်လိုက်ရာ ဒရိုင်ဘာက ရှေ့တည့်တည့်လမ်းအတိုင်း မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



ကို မောင်းထွက်လာခဲ့လေသည်။

"ဆရာတို့ မြန်မာလူမျိုးတွေက သိပ်သတ္တိကောင်းတာပဲ နော်"

"သတ္တိကောင်းတာတော့ မဟုတ်ပါဘူးကွာ၊ အရေးမှ မကြုံသေးဘဲနဲ့ ကြောက်နေရင် ဘာမှလုပ်လို့ရမှာ မဟုတ်ဘူးလေ၊ အန္တရာယ်နဲ့ ရင်ဆိုင်တွေ့မှ အခြေအနေပေါ် ကြည့်ပြီး ဆုံးဖြတ်တာ အကောင်းဆုံးပေါ့"

"ဒါထက် အခုဖြစ်နေတာ ဘယ်လိုအန္တရာယ်မျိုးလဲ ဆရာ"

"အဆိပ်ငွေ့တစ်မျိုးကြောင့် ဖြစ်တာပဲကွ၊ ဒါပေမယ့် ဒီအဆိပ်ငွေ့က သစ်ပင်တွေနဲ့ ပတ်သက်နေတယ်၊ နောက်ပြီး မိစ္ဆာဝိညာဉ်တွေနဲ့လည်း သက်ဆိုင်တယ်"

"မိစ္ဆာဝိညာဉ်ဆိုတာ ဘယ်လိုဟာမျိုးလဲ၊ တစ္ဆေသရဲတွေနဲ့ သက်ဆိုင်သလားဟင်"

"သက်ဆိုင်တာပေါ့. . . ဝိညာဉ်ဆိုတာ အမျိုးမျိုး ရှိတဲ့အထဲမှာ အခု ဦးမင်းမောင်တို့မိသားစုတွေ တွေ့နေရတဲ့မိစ္ဆာဝိညာဉ်က ပိုပြီးကြောက်စရာကောင်းတယ်၊ အခုတော့ တဖြည်းဖြည်းနဲ့ သူတို့မိသားစုအပါအဝင် အားလုံးအတွက်ပါ ကြောက်စရာကောင်းတဲ့ အန္တရာယ်ဖြစ်လာပြီပေါ့"

"ဒါဖြင့် အဲဒီအန္တရာယ်ကို မရှင်းနိုင်ရင် ပိုဆိုးလာမှာပေါ့ နော်"

"အမှန်ပေါ့. . . နောက်ပိုင်းရောက်လာရင် မိစ္ဆာအခိုးအငွေ့တွေကြောင့် ကြောက်စရာကောင်းတဲ့ အန္တရာယ်ဆိုးတွေ ဖြစ်





လာမှာ သေချာတယ်"

ဟု စကားတပြောပြောနှင့် မောင်းလာခဲ့ရာ အနုရာဓပုရမြို့သို့ ရောက်လာကြသည်။

အနုရာဓပုရမြို့မှာ ဘာသာရေးအဆောက်အအုံများ ပေါများသောနေရာတစ်ခု ဖြစ်သည်။

ထိုမြို့တစ်ဝိုက်မှာတော့ အန္တရာယ်အရိပ်အငွေ့များ မတွေ့ကြရပေ။ အနုရာဓပုရမြို့တွင်. . .

အဘယဂီရိဇေတဝန်ဘုရား၊ မဟာစေတီ၊ ကုသိရမုဏိ (ကုလားအခေါ် အိတ်ဆရာမုနိ) သယ်မိတ္တဗောဓိပင်၊ သံကာရာမ ဒေဝဝပ္ပိရေကန်. . .

စသော ဗုဒ္ဓဘာသာဝင်တို့ အထွဋ်အမြတ်ထားသော ဘာသာရေးအဆောက်အဦးများ ရှိလေသည်။

ဇေတဝန်ဘုရား၏ အရှေ့မြောက်စူးစူးတွင် မဟိန္ဒလေ့တောင်ရှိသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဒရိုင်ဘာတို့သည် မော်တော်ကားကို စားသောက်ဆိုင်တစ်ဆိုင်မှာ အပ်နှံထားခဲ့ပြီး မဟိန္ဒလေ့တောင်ရှိရာသို့ လာခဲ့သည်။

၎င်းတောင်ပေါ်သို့ တက်ရန်လှေခါးထစ်များ ရှိသည်။ လှေခါးထစ်ပေါင်း တစ်ထောင်ကျော် ရှိသည်။

မဟိန္ဒလေ့တောင်ထိပ်မှ အရှေ့မြောက်ယွန်းယွန်းသို့ မျှော်ကြည့်လိုက်လျှင် တရုတ်ရဟန်းတော် အရှင်ဖာဟီရန် သီတင်းသုံးသွားသော ကျောက်ဂူကို တောင်ထိပ်တစ်ခုတွင် လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်မှာ အတော်မြင့်ပြီး တောင်ထိပ်တက်ရန်လမ်း မရှိပေ။

"ဒီတောင်ပေါ် ရောက်အောင် ဘယ်လိုတက်ကြသလဲ"

"သိဒ္ဓိရှိတဲ့ရဟန်းတွေ ယောဂီကြီးတွေကတော့ သိဒ္ဓိတန်ခိုးနဲ့ တက်ကြတယ်လို့တော့ ပြောသံကြားဖူးတယ်"

သို့ကြောင့် . . .

တောင်ပေါ် မတက်တော့ဘဲ တောင်ခြေသို့ ပြန်ဆင်းလာကြသည်။

"ယောဂီကြီးတွေ ဘယ်မှာရှိတာလဲ"

"တောင်ခြေမှာ ရင်းတိုက်တောကြီးတစ်တော ရှိတယ်၊ အဲဒီ တောထဲမှာ နေကြတယ်လို့ ပြောသံကြားရတယ်၊ ဒါပေမယ့် သူတို့နဲ့ တွေ့ရဖို့တော့ မလွယ်ဘူးထင်တယ်"

"ဘာကြောင့်လဲ"

"သူတို့က တွေ့လိုတဲ့လူမှ တွေ့လို့ရတာ၊ တခြားလူတွေ သွားရင် အတွေ့မခံဘူး"

ဟု ဒရိုင်ဘာက ပြောပြသသည်။

ထို့နောက် တောင်ခြေရောက်လာကြရာ ရင်းတိုက်တော ကြီးကို တွေ့ရလေသည်။

ထိုတောအတွင်းသို့ ဝင်ကာနီးသောအခါ ရထားပေါ်မှာ တွေ့ခဲ့သော ဆာဒူးကြီးပြောခဲ့သောစကားများကို ပြန်လည်ကြား ယောင်လာမိပြန်သည်။

"မဟိန္ဒလေ့တောင်ခြေရဲ့ရင်းတိုက်တောကြီးထဲမှာ ကျွန်ုပ် ဆရာရှိတယ်၊ သင့်အနေနဲ့ လက်ာဒီပ ရောက်တဲ့အခါ ကြောက် စရာကောင်းတဲ့ မိစ္ဆာအန္တရာယ်တွေနဲ့ တွေ့ရတဲ့အခါ ကျွန်ုပ်ရဲ့ဆရာ သခင်နဲ့ သွားတွေ့ဖြစ်အောင် တွေ့ပါ၊ သင့်အကြောင်းကို ကျွန်ုပ် ကြိုတင်ပြောပြထားလို့ သူကြိုတင်ပြီး သိနေပါပြီ၊ သင်ရောက်သွားတဲ့ အခါမှာ လက်ခံပြီးတွေ့ပါလိမ့်မယ်"

ဟူသော စကားများက ယခုပင် အနားမှာ လာပြောနေ သကဲ့သို့ ကြားယောင်နေလေသည်။

ရင်းတိုက်တောအတွင်း၌ မဟာလေ့ကားအပင်နှင့် သက် နက်အပင်တို့ များစွာရှိကြသည်။

ထိုတောအတွင်း၌ မျောက်မျိုးစုံတို့လည်း လွန်စွာပေါလှပေ သည်။

မှတ်တမ်းများအရ ထိုရင်းတိုက်တောထဲတွင် ရှေးအခါက ရဟန္တာများ သီတင်းသုံးသွားသော ကျောက်ဂူပေါင်း (၅၀၀)ကျော် ရှိသည်ဟု သိရပေသည်။

ရင်းတိုက်တောအတွင်း၌ အချို့နေရာများတွင် ကျောက်ဂူ များ တွေ့ရသည်။

နှစ်ယောက်သား ရင်းတိုက်တောအတွင်း လျှောက်လာကြ စဉ် ကျောက်ဂူတစ်ဂူရှေ့သို့ ရောက်သောအခါ အတွင်းမှ ဆာဒူးကြီး တစ်ယောက်က ထွက်လာပြီး ရပ်စောင့်နေသည်ကို လှမ်းမြင်ရ သဖြင့် ထိုနေရာသို့ လျှောက်သွားကြသည်။

ဒေါက်တာမင်းထင်ကျော်က ကြည့်လိုက်သောအခါ နှုတ် ခမ်းမွေး၊ မုတ်ဆိတ်မွေးအရှည်များဖြင့် ဆာဒူးကြီးက ဝင်းသော်





www.burmeseclassic.com

www.burmeseclassic.com



တောက်ပသော မျက်လုံးများနှင့် ဒေါက်တာမင်းထင်ကျော်ကို ကြည့်နေလေသည်။

အနီးရောက်သောအခါ အိန္ဒိယဘာသာစကားနှင့် မေးသည်။

"သင် ဟိုက်ဒရတ်ဘတ်က လာတဲ့လူ မဟုတ်လား"

"ဟုတ်ပါတယ်. . . ခင်ဗျားဘယ်လိုသိနေတာလဲ"

"ချန္ဒရက ကြိုပြောထားလို့ သိပြီးသားပါ"

"ဒါဖြင့် သူ့ရဲ့ဆရာသခင် နာဒဆွာမိဆိုတာ ခင်ဗျားလား"

ခေါင်းညိတ်ပြလေသည်။

"ဟုတ်တယ်. . . သင်တစ်ယောက်တည်း ကျောက်ဂူထဲကို လိုက်ခဲ့ပါ"

ဟု ခေါ်သဖြင့် ဒရိုင်ဘာကို အပြင်ဘက်မှာ ထားခဲ့ပြီး ကျောက်ဂူအတွင်းသို့ ဝင်လိုက်လာလေသည်။

ဆာဒူးကြီး နေသော ကျောက်ဂူမှာ ဆယ်ပေ,ပတ်လည်ခန့်သာ ကျယ်ဝန်းပါသည်။

ဂူအတွင်း အခြားအသုံးအဆောင် ဘာမှမရှိဘဲ ဝါးတောင်ဝှေးတစ်ချောင်းနှင့် ဘူးသီးခြောက်ကို ထက်ခြမ်းခွဲထားသော ပုံသဏ္ဌာန်ရှိသော ခွက်ရှည်တစ်ခုသာ ရှိလေသည်။

ဂူအတွင်းသို့ ရောက်သောအခါ တစ်နေရာတွင် အထိုင်ခိုင်းသဖြင့် ဝင်ထိုင်လိုက်လျှင် ခွက်ထဲမှာ ထည့်ထားသော ငှက်ပျောသီး၊ ပန်းသီးနှင့် ပုံသဏ္ဌာန်တူသော သစ်သီးကို ပေးသဖြင့် လှမ်းယူလိုက်သည်။





"စားပါ. . . ဒါ ကျွန်ုပ်စားတဲ့အစားအစာတွေပဲ။ ချန္ဒရက အခုထိ မီးလွတ်မစားနိုင်သေးဘူး၊ ငါကတော့ မီးလွတ်စားလာတာ အသက်တမျှပဲ"

မီးမလွတ်သော အစားအစာမှာ မီးဖြင့် ချက်ပြုတ်ပြီးမှ စားရသော အဟာရဖြစ်ပြီး မီးလွတ်အဟာရကတော့ သဘာဝ သစ်သီးသစ်ရွက်များကို သဘာဝအတိုင်း စားသောက်ခြင်းပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က သူပေးသော သစ်သီးများကို မစားသေးဘဲ ကိုင်ထားသည်။

"သင်လာမယ်ဆိုတာ ချန္ဒရက ကြိုပြောထားပါတယ်"

"သူကလည်း မှာလိုက်ပါတယ်၊ ခင်ဗျားနဲ့ တွေ့တဲ့အခါ သူက ကန်တော့လိုက်တဲ့အကြောင်း မှာလိုက်ပါသေးတယ်"

ဆာဒူးကြီးက ခေါင်းညိတ်ပြပြီး သူပေးသော သစ်သီးများကို စားသောက်ရန် ထပ်ပြောသဖြင့် ငှက်ပျောသီးတစ်လုံးနှင့် ပန်းသီးနှင့် ပုံသဏ္ဌာန်တူသော သစ်သီးတစ်လုံးကို စားလိုက်သည်။

ငှက်ပျောသီးရော သစ်သီးပါ ခါတိုင်းစားနေကျ အရသာမျိုး မဟုတ်ဘဲ တမူထူးခြားနေပြီး အရသာလည်း ရှိလှပေသည်။ ထိုသစ်သီးများ စားပြီးသောအခါ စောစောက တောင်တက်တောင်ဆင်း ပြုလုပ်ခဲ့ရသဖြင့် မောပန်းမှုများမှာ ပျောက်သွားလေတော့သည်။

ရင်ထဲမှာလည်း အေးသွားလေသည်။

"ခင်ဗျားက ဒီလိုသစ်သီးမျိုးတွေကိုပဲ အမြဲစားသလား"

"ဟုတ်ပါတယ်. . . ကျွန်ုပ်က မီးလွတ်တဲ့သစ်သီးတွေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



အမြဲစားတယ်၊ ချန္ဒရက မီးလွတ်မစားဘူး၊ ဒါကြောင့် သူ့အသက် သိပ်ရှည်မှာ မဟုတ်ဘူး၊ အခု သူ့ရဲ့အသက် ကိုးဆယ်ရှိနေပြီ၊ နောက်ထပ်နှစ်လေးဆယ်ပဲ နေရတော့မယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ အံ့ဩသွားသည်။ ချန္ဒရဆိုသော ဆာဒူးကြီးမှာ ရထားပေါ်မှာ တွေ့စဉ်က သူဝယ်ကျွေးသော ချာပါတီနှင့်အာလူးဟင်းကို စားသောက်ပုံများကို သတိရလေသည်။

(မီးနှင့် ချက်ပြုတ်သော အစားအာဟာရတို့မှာ တေဇောဓာတ်ကိန်းသောကြောင့် ထိုတေဇောဓာတ်အပေါ်မှာ မူတည်ပြီး အသက်တိုခြင်း၊ အသက်ရှည်ခြင်းဖြစ်ပုံများကိုတော့ ဇာတ်လမ်းရှည်မည်စိုးပါသဖြင့် မဖော်ပြတော့ပေ။ နောင်အလျဉ်းသင့်သော၀တ္ထုများ၌ ဖော်ပြပေးပါမည်)

"ဆာဒူးကြီးက အသက်ဘယ်လောက်ရှိနေပြီလဲ"

"ကျွန်ုပ်ပြောပြရင် သင်ယုံမှာမဟုတ်သဖြင့် မမေးပါနဲ့"

"ယုံပါတယ်. . . ပြောပြပေးပါ"

"အိန္ဒိယပြည်က နောက်ဆုံးဘုရင်ကို အင်္ဂလိပ်တွေ ဖမ်းသွားတော့ ကျွန်ုပ်အသက်ရှစ်ဆယ်ရှိနေပြီ"

အမှန်တော့ ထိုစကားသည် များစွာအံ့ဩဖွယ်ရာဖြစ်လေသည်။ အိန္ဒိယပြည်ကို အင်္ဂလိပ်များ သိမ်းပိုက်ထားခဲ့သည်မှာ နှစ်ပေါင်းနှစ်ရာကျော်ခဲ့ပေပြီ။

အင်္ဂလိပ်တို့ သိမ်းပိုက်စဉ်က အသက်ရှစ်ဆယ်ဆိုလျှင် အခု ဆာဒူးကြီးအသက်မှာ နှစ်ပေါင်းသုံးရာကျော် ရှိနေပေပြီ။





"ကျွန်ုပ်ပြောတာတွေကို သင်ယုံဖို့ ခက်သွားတယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်ကတော့ ယခင်ကလည်း ထိုအကြောင်းများကို သိတန်သလောက် သိခဲ့ဖူးပြီမို့ ဘာမှထပ်မပြောတော့ပေ။

"ကျွန်ုပ်တို့ရဲ့ယောဂီအကျင့်ကို မသိတဲ့လူအတော်များများဟာ ကျွန်ုပ်တို့ ပြောတာကို မယုံကြည်ကြတာ အပြစ်ပြောစရာမရှိပါဘူး"

"ခင်ဗျားတို့ ကျင့်တဲ့ယောဂီအကျင့်ကို သိခွင့်ရနိုင်မလား"

"ဒီမေးခွန်းကို ချန္ဒရကိုလည်း မေးခဲ့သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . သူမပြောခဲ့ပါဘူး"

"သူ့မှာ ဖြေခွင့်မရှိလို့ မဖြေခဲ့ပေမယ့် သိချင်တဲ့အကြောင်းကိုတော့ ပြောပြပါ့မယ်"

ဟု ယောဂီကျင့်စဉ်နှင့် ပတ်သက်သော အကြောင်းအရာအချို့ကို ပြောပြလေသည်။

ယောဂီကျင့်စဉ်များမှာ ဗုဒ္ဓမပွင့်ခင် နှစ်ပေါင်းတစ်ထောင်ကျော်အချိန်လောက်ကတည်းက ပေါ်ပေါက်ခဲ့ပေသည်။ ယခင်တရစ်ရှီ(ရသေ့)များမှာ ထိုယောဂီအကျင့်ကို ကျင့်ကြံအားထုတ်ခဲ့ကြသည်။

၎င်းတို့သည် ယောဂီကျင့်စဉ်များကြောင့် အသက်ရှည်ကြများခဲ့ကြသည်။ အချို့နှစ်ပေါင်းတစ်ထောင်ကျော် နှစ်ထောင်အထိ



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှည် နေထိုင်ခဲ့ကြသည်။

လူ့လောကတွင် နေရသည်မှာ အချိန်ကြာလွန်းသဖြင့် နေရတာ ငြီးငွေ့တော့မှ သေဆုံးကြလေသည်။

သို့သော်လည်း ယောဂီတိုင်းကတော့ ထိုကဲ့သို့ အသက်ရှည်ခြင်း အကြောင်းတရားတစ်ခုတည်းကို ဦးတည်ပြီး ကျင့်ကြံမှု မပြုလုပ်ကြပေ။

အချို့မှာလည်း အသက်ရှည်ရန် လုပ်ချင်ကြသော်လည်း မလုပ်နိုင်ကြပေ။

တကယ်တော့ ထိုယောဂီကျင့်စဉ်များမှာ အစွန်းရောက်အကျင့်များဖြစ်ပြီး မဇ္ဈိမပဋိပဒါလမ်းစဉ်တော့ မဟုတ်ပေ။ မြတ်စွာဘုရား ရှာဖွေတွေ့ရှိသော ကျင့်စဉ်လမ်းမှာ အစွန်းနှစ်ဖက် လွတ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်ပင် ဖြစ်၏။

"အခုလို ကျင့်ကြံအားထုတ်မှု ပြုတော့ ဘယ်လိုအကျိုးတရားမျိုး ရပါသလဲ"

"လိုချင်တဲ့ သိဒ္ဓိမျိုးစုံကို ရနိုင်ပါတယ်"

"ကျွန်တော့်ကို တစ်ခုလောက် ပြပေးနိုင်သလား"

"သင် ယခုလာတာ အန္တရာယ်တစ်ခုနဲ့ ကြုံတွေ့နေရလို့ ကျွန်ုပ်ဆီ လာခဲ့တာ မဟုတ်လား"

"မှန်ပါတယ်"

"သင်ကြုံတွေ့နေရတဲ့ အန္တရာယ်ဟာ ပရလောကနဲ့ သက်ဆိုင်တဲ့ မိစ္ဆာရဲ့ရန်ပဲ"

"ဟုတ်ပါတယ်. . . ဒီရန်ကြောင့် အပြစ်မရှိတဲ့လူတွေ သေ





ကြေပျက်စီးကြရပါတယ်၊ ကျွန်တော်တို့ကို အကူအညီပေးပါ"

ထိုစကားကြားသောအခါ နာဒဆွာမိက အတန်ကြာအောင် မျက်စိမှိတ်ကာ ငြိမ်သက်နေလေသည်။ အတန်ကြာမှ ပြောသည်။

"သင်တို့ ရင်ဆိုင်နေရတဲ့ မိစ္ဆာဝိညာဉ်ဟာ အရင်က ဒီလောက်စွမ်းအားမရှိဘူး၊ အခုတော့ ကြောက်စရာကောင်းတဲ့ စွမ်းအားကို ရနေချေပြီ၊ သေဆုံးသမျှလူတွေရဲ့ဝိညာဉ်စွမ်းအားတွေက သူ့ဆီ ရောက်ပြီး အတော်အန္တရာယ်ကြီးနေပြီ"

ထိုစကားကြောင့် ထိတ်လန့်သွားလေသည်။

"ကျွန်တော်တို့ကို အကူအညီပေးပါဦး"

"ဒီအန္တရာယ်ကို သင်ကိုယ်တိုင် ဖြေရှင်းမှ ရနိုင်မယ်၊ သင့်ကို ကျွန်ုပ်အကူအညီပေးပါ့မယ်"

ထိုသို့ပြောပြီး မီးသေစပြုနေသော မီးပုံမှ ပြာအချို့ကို ယူပြီး ဒေါက်တာမင်းထင်ကျော်နဖူးကို တို့ပေးလိုက်သည်။ ထို့နောက် ပြာများကို အိတ်ရှု့တစ်လုံးအတွင်းသို့ အနည်းငယ် ထည့်ပေးသည်။

"ဒီပြာမှုန့်လေးတွေ ရှိနေရင် မိစ္ဆာတွေ အနားမကပ်နိုင်ပါဘူး၊ ဒါပေမယ့် မိစ္ဆာဝိညာဉ် ပူးကပ်နေတဲ့အရာကိုတော့ သင်ကိုယ်တိုင် ရှာဖွေပြီးတော့ ရှင်းလင်းသုတ်သင်မှ ဒီရန်က အေးသွားမှာပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း ဆာဒူကြီးနာဒဆွာမိကို အရိုအသေပြုကာ ဂူအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၈)

# မိစ္ဆာစီညာဥ် သစ်စုန်းပင်

ဒေါက်တာမင်းထင်ကျော်တို့ မဟိန္ဒလေ့တောင်ခြေမှ ကားဖြင့် ပြန်ထွက်လာသောအချိန်မှာ ညနေပိုင်းအချိန်သို့ ရောက်နေချေပြီ။

ညနေပိုင်းအချိန်ဖြစ်နေသောကြောင့် ကားလမ်းမပေါ်မှာ ရှင်းနေသည်။

လမ်းမပေါ် ရောက်တော့ ဒရိုင်ဘာက အကျိုးအကြောင်း မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံ ပြောပြလိုက်သည်။ ဒရိုင်ဘာအမည်မှာ အမီတာဖြစ်ပြီး ဘာသာရေးတို့ သေး



www.burmeseclassic.com

www.burmeseclassic.com



စားယုံကြည်သူတစ်ယောက်ဖြစ်သည်။

ကားလမ်းတလျှောက် မောင်းလာရာ မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရဘဲ ရှိနေရာမှ တဖြည်းဖြည်းနှင့် ကန္ဒီမြို့ အဝင်ဘက်သို့ နီးလာချေသည်။

မြို့အဝင်လမ်း ရောက်သောအခါ လမ်းဘေးတစ်ဖက်တစ်ချက်မှာ သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည်။

ထိုနေရာသို့ ရောက်သောအခါ လမ်းမပေါ်မှာ လူတစ်ယောက် ကန့်လန့်ဖြတ် လဲကျနေသည်ကို လှမ်းမြင်ရသဖြင့် အမီတာက ကားကို အရှိန်လျှော့ချလိုက်သည်။

“ဒီနေရာမှာ အန္တရာယ်ဆိုးတွေ ဝင်သွားပုံရတယ်၊ ဘယ်လိုလုပ်မလဲ ဆရာ”

“ကားရပ်ပြီး အခြေအနေကြည့်ရအောင်”

ဟု ပြောသဖြင့် အမီတာက မော်တော်ကားကို မနီးမဝေးနေရာ၌ ရပ်တန့်လိုက်သည်။

ကားရပ်ပြီးသည်နှင့် ဒေါက်တာမင်းထင်ကျော်က တံခါးဖွင့်ပြီး အောက်သို့ ဆင်းလိုက်သည်။

ခြေတစ်လှမ်းနှစ်လှမ်းပင် လျှောက်ရသေးသည် လဲနေသူက ကုန်းထလာသည်။

“ဟင်. . .”

ထိုလူမှာ အရပ်အမောင်းကောင်းလှပြီး မျက်နှာက လူသေတစ်ယောက်လို ဖြူဖပ်ဖြူလျော် ဖြစ်နေရုံမက မျက်လုံးက ပြူးကြောင်ကြောင်ကြီး ဖြစ်နေလေသည်။





“ဆရာ. . . ကားပေါ် အမြန်ပြန်တက်၊ အမြန်ပြန်တက်၊ ဒါ လူမဟုတ်ဘူး၊ ဖုတ်ဝင်နေတဲ့လူတွေ”

နောက်မှ အမီတာက အလန့်တကြား လှမ်းအော်လိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်က ကားပေါ် ပြန်တက်လေသည်။ သူ ကားပေါ် ရောက်သည်နှင့် အမီတာက ကားကို မောင်းထွက်လေသည်။

ကားအရှိန်မရသေးခင်မှာပင် လမ်းမပေါ် ရောက်နေသူက တရှိန်ထိုး ပြေးလာပြီး ကားနှင့် ဝင်ဆောင့်လိုက်သည်။

“ဝုန်း. . .”

အမှန်တော့ ကားအရှိန်နှင့် တိုက်မိလျှင် နောက်သို့ လွင့်ထွက်သွားရမည်ဖြစ်သော်လည်း ကားက အရှိန်မရသေးသောကြောင့် သူက စက်ဖုံးပေါ်မှ ကျော်တက်လာပြီး ကားမှန်ဖြင့် ဝင်ဆောင့်လေသည်။

ထိုအခါ ကားမှန်က တပိုင်းကွဲကျသွားပြီး သွေးသံရဲရဲနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသောခေါင်းက ကားအတွင်းသို့ ဝင်လာလေသည်။

မျက်နှာတစ်ခုလုံး ကားမှန်ကွဲအချွန်များက စိုက်ဝင်နေကြလေသည်။

ထိုလူ၏မျက်နှာမှာ အမီတာနှင့် မျက်နှာချင်းဆိုင် အနေအထားနှင့် နီးကပ်စွာ ရှိနေသောကြောင့် အမီတာက အလန့်တကြား အော်ဟစ်လိုက်သည်။

“အား. . . လုပ်ပါဦးဗျ”



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် မမျှော်လင့်သောအန္တရာယ်များက ကားနံဘေးသို့ ရောက်လာကြလေသည်။

မျက်လုံးများက ပြူးထွက်နေပြီး လူသေကောင်မျက်နှာဖြင့် လူနှစ်ယောက်သုံးယောက်က မော်တော်ကားနံဘေးသို့ ရောက်လာကြပြီး ကားမှန်များကို တဗုန်းဗုန်းနှင့် ထုနေကြလေသည်။

"ဗုန်း. . . ဗုန်း. . . ဗုန်း"

အချို့က လက်ဖြင့် ထုမရသောအခါ ကားမှန်ကို ခေါင်းဖြင့် တိုက်ကာ ခွဲလိုက်ကြသည်။

"ခွမ်း. . ."

ကားမှန်ကွဲပြီး ခေါင်းက အတွင်းရောက်လာသောအခါ မှန်အချွန်များဖြင့် ထိုးမိခြစ်မိသောကြောင့် မျက်နှာတစ်ခုလုံး သွေးသံရဲရဲဖြစ်ကာ မှန်ကွဲအချွန်များက မျက်နှာကို စိုက်ဝင်နေသည်။

အချို့မှန်ချွန်များက မျက်လုံးအတွင်းသို့ စိုက်ဝင်နေကြသည်။

ဖုတ်ဝင်နေသူများမှာ သွေးသံရဲရဲနှင့်ပင် မော်တော်ကားအတွင်းသို့ တိုးဝင်ရန် ကြိုးစားနေကြသည်။

"အမိတာ. . . ကားကို အမြန်မောင်း အမြန်မောင်း"

ဒေါက်တာမင်းထင်ကျော်က ကြောင်တောင်တောင်ကြီးဖြစ်နေသော အမိတာ၏ပခုံးကို ပုတ်ပြီး အော်ပြောလိုက်တော့ ကားကို တရှိန်ထိုး မောင်းထွက်လိုက်ရာ စက်ဖုံးပေါ်မှာ ရောက်နေသူမှာ အောက်သို့ ပြုတ်ကျကျန်ခဲ့တော့သည်။

သို့တိုင်အောင် အချို့က မော်တော်ကားနောက်မှ ပြေး





လိုက်လာကြသေးသည်။ လိုက်၍မမှီမှန်း သိတော့မှ ရပ်ပြီးကျန်ခဲ့ကြလေသည်။ မော်တော်ကားအရှိန်က မြန်လွန်းလှသည်။

ဒိုက်ခွက်ကြည့်လိုက်တော့ ကီလိုတစ်ရာကျော်နေပြီမို့ လမ်းဘေးမှ သစ်ပင်များမှာ ရိပ်ကနဲ ရိပ်ကနဲ ကျန်ခဲ့ကြလေသည်။

သို့သော် ကား၏ဦးပိုင်းက မငြိမ်ပေ။

ဟိုဘက်ရမ်းလိုက်၊ ဒီဘက်ထိုးဆင်းလိုက်ဖြစ်နေသည်။

ပထမတော့ ကြောက်ကြောက်လန့်လန့်နှင့် မောင်းနေသောကြောင့် ထိုသို့ဖြစ်နေသည်ဟု ထင်သဖြင့် ကြည့်လိုက်တော့ အမိတာမှာ မျက်လုံးပြူးပြူးနှင့် မျက်နှာမှာ ကြောင်တောင်တောင်ကြီးဖြစ်နေလေသည်။

ဒီတော့မှ ပုံမှန်မဟုတ်မှန်း သိတော့သည်။

ထိုအခိုက်မှာပင် မော်တော်ကားက လမ်းဘေးရှိ သစ်ပင်ကြီးတစ်ပင် ရှိရာသို့ တည့်တည့်ကြီး သွားနေရာ ဒေါက်တာမင်းထင်ကျော်က စတီယာတိုင်ကို လက်နှင့် ကိုင်ပြီး ကွေ့လိုက်တော့မှ နံဘေး မှ ပွတ်သွားကာ တစ်ပတ်လည်ထွက်သွားပြီး လမ်းဘေးမှာ ရပ်တန့် သွားတော့သည်။

"အမိတာ. . . အမိတာ"

အမိတာက သတိမရတော့ပေ။

ထိုအခါမှ နာဒဆွာမိ ပေးလိုက်သော ပြာမှုန့်များကို သတိရပြီး အနည်းငယ် ယူ၍ အမိတာနဖူးကို သုတ်ပေးလိုက်သည်။ ခဏကြာတော့မှ သတိပြန်ရလာသလိုဖြစ်သွားပြီး ပြူးပြူးကြောင်ကြောင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသတိရပြီ၊ မင်း ဒီဘက်မှာ လာထိုင်၊ ကားကို ငါမောင်းမယ်"

ထိုသို့ပြောကာ လူချင်း လဲပြီး ဒေါက်တာမင်းထင်ကျော်က ကားမောင်းခဲ့လေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဦးမင်းမောင်နှင့်သီရိစန္ဒာတို့က စိတ်ပူစွာဖြင့် စောင့်နေကြလေသည်။

မော်တော်ကား အခြေအနေကို မြင်သောအခါ ဦးမင်းမောင်က များစွာစိတ်ပူသွားလေသည်။

"ဘယ်လိုဖြစ်တာလဲ မောင်မင်းထင်ကျော်"

"မြို့ပြင်မှာ ဖုတ်ဝင်နေတဲ့လူတွေနဲ့ တွေ့လို့ လွတ်အောင်ပြေးခဲ့ရတယ်"

"ဟင်"

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို အကျဉ်းချုံးကာ ပြောပြလိုက်လေသည်။

ထိုစကားကြားသောအခါ သီရိစန္ဒာမျက်နှာပေါ်မှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူလျော်ဖြစ်သွားလေတော့သည်။

"ဒုက္ခပါပဲ. . . ဒီမိစ္ဆာတွေက တစ်မြို့လုံးမှာများ ရောက်နေပြီလား မသိဘူး၊ ကျွန်မတို့ဆီကိုလည်း တစ်ချိန်မဟုတ်တစ်ချိန် ရောက်လာတော့မှာ သေချာတယ်. . . ဘယ်လိုလုပ်မလဲ"

"ဒီလောက်လည်း စိတ်မပူပါနဲ့၊ ကျွန်တော့်ဆီမှာ ဆာဒူးကြီးပေးလိုက်တဲ့ ဆေးပြာတွေ ပါလာပါတယ်၊ ဒီပြာတွေကို တို့ထားရင် မိစ္ဆာတွေဆီက အန္တရာယ်အငွေ့တွေကြောင့် ဒုက္ခမဖြစ်နိုင်ပါဘူး"





ဟု ပြောကာ သုံးယောက်သား အိမ်ပေါ် တက်လာကြသည်။ အမီတာကတော့ အောက်မှာပင် နေခဲ့လေသည်။ အပေါ်ထပ် ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ၎င်းယူလာသောပြာမှုန့်အချို့ကို ဦးမင်းမောင်နှင့်သီရိစန္ဒာတို့အား ခွဲပေးလိုက်ရာ များစွာကျေးဇူးတင်ကြလေသည်။

"ကျုပ်တို့သားအဖလည်း မမျှော်လင့်ဘဲ မောင်မင်းထင်ကျော်နဲ့ တွေ့လို့သာ အခုလို အားကိုးသမှုပြုရတာပဲ၊ ဒါထက် အခုရောက်လာတဲ့ အန္တရာယ်တွေက ဘယ်လိုဖြစ်လာတယ်ဆိုတာလည်း ပြောပြပေးပါဦး"

"ကျွန်တော်လေ့လာမိသမျှ ပြောရရင်တော့ ဂစ်ပင်တစ်ပင်ကို မိစ္ဆာဝိညာဉ် ပူးကပ်သွားတယ်၊ အဲဒီပူးကပ်သွားရာကနေ အသွင်ပြောင်းသွားပြီးတော့ သစ်စုန်းပင်ဘဝကို ရောက်လာနိုင်ပါတယ်၊ သစ်စုန်းပင်ဆိုတာ မိစ္ဆာဝိညာဉ်တစ်ခု ပူးကပ်နေတဲ့ သစ်ပင်မျိုးပါပဲ"

"ကြောက်စရာပဲ. . . ဒီသစ်ပင်မျိုးက တကယ်ရော ရှိခဲ့ဖူးသို့လား"

"ရှိပါတယ်. . . မြန်မာပြည်မှာ သစ်စုန်းပင်နဲ့ ပတ်သက်တဲ့ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်အချို့ ရှိပါတယ်၊ ကျွန်တော် ပြောပြပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က ၎င်းကြုံတွေ့ခဲ့ရသော ထူးဆန်းသည့်အကြောင်းအရာတစ်ခုကို ပြောပြလေသည်။

ကသာနယ်ဘက်မှ ရွာတစ်ရွာတွင် ဦးမောင်တုတ်ဆိုသော လူတစ်ဦးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှာ ရွာအစွန်ဘက်တွင် ခြံစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုလေသည်။

ဦးမောင်တုတ်မှာ သားမယား၊ သားသမီး မရှိဘဲ တစ်ကိုယ်တည်းနေထိုင်ကာ ရင်းခြံမှ ထွက်သော အသီးအရွက်များကို ရောင်းချ၍စားသောက်လေသည်။

ထူးခြားချက်မှာ ဦးမောင်တုတ်မှာ သစ်ပင်စိုက်လျှင် များစွာဖြစ်ထွန်းသော ပါရမီရှိသူဖြစ်သည်။

ရင်းလက်ဖြင့် စိုက်သောသစ်ပင်မှန်သမျှ အသက်မရှင်သောသစ်ပင်ဟူ၍ မရှိပေ။

သစ်ပင်များ ဖြစ်ထွန်းသလို အသီးအနှံနှင့်အပွင့်များလည်း အခြားခြံများနှင့် မတူဘဲ ရာသီမပြတ် သီးပွင့်ကြလေသည်။ သို့ကြောင့် အခြားသူများက ဦးမောင်တုတ်ကို. . .

"သစ်ပင်များနှင့် ဆွေမျိုးတော်သူ" ဟူ၍လည်းကောင်း၊

"သစ်စုန်းလက်ရှိသူ" ဟူ၍လည်းကောင်း စွပ်စွဲပြောဆိုကြသေးသည်။

ရွာသားများ ပြောမည်ဆိုလျှင်လည်း ပြောစရာဖြစ်သည်။ ဦးမောင်တုတ်မှာ အချိန်ရှိသရွေ့ ခြံထဲ ဆင်းနေပြီး သစ်ပင်နှင့်လက်နှင့် မပြတ်ထိနေရမှ ကျေနပ်သူဖြစ်သည်။

နောက်ပိုင်းမှာတော့ ဦးမောင်တုတ်မှာ ရင်းကိုယ်ပေါ်မှ ထူးခြားမှုများကို သတိပြုမိလာသည်။

အခြားမဟုတ်ပေ. . .။

တစ်ကိုယ်လုံး အစိမ်းရောင်များ သန်းလာပြီး အရေပြားများမှာလည်း သစ်ခေါက်ခွံများကဲ့သို့ အဖတ်လိုက် ကွာတက်လာသည်။

အချို့နေရာများမှာလည်း ငါးအကြေးခွံကဲ့သို့ ဖြစ်လာသည်။ ကိုယ်ပေါ်မှာလည်း အဖုအပိမ့်များ ထလာသည်။

ထိုသို့ဖြစ်လာပြီးနောက်ပိုင်းမှာ ဦးမောင်တုတ်မှာ ရွာထဲသို့ပင် မသွားဝံ့တော့ဘဲ ရင်း၏တဲမှာသာ နေတော့သည်။ ရင်းနှီးသူအချို့နှင့်သာ တွေ့လေတော့သည်။

ရက်မှလသို့ ကူးလာသောအခါ ဦးမောင်တုတ်၏အခြေအနေမှာ သိသိသာသာကြီး ဆိုးဝါးလာတော့သည်။

တစ်ကိုယ်လုံး အစိမ်းရောင်များ ဖုံးအုပ်လာပြီး တွန့်လိမ်ရှုံ့တွကာ သစ်ပင်ကဲ့သို့ ဖြစ်လာတော့သည်။

အချို့နေရာမှ သစ်ကိုင်းသစ်ရွက်များပင် ထွက်လာတော့သည်။ ထိုအချိန်မှစကာ တဲတံခါးကို အသေပိတ်ကာ အပြင်သို့လုံးဝမထွက်တော့ပေ။

ရင်းနှီးသူများ လာလျှင်ပင် အတွေ့မခံတော့ပေ။

နောက်ပိုင်း လအတန်ကြာသည်အထိ အပြင်မထွက်လာသဖြင့် ရွာသားများက စုလာပြီး တဲကို ဖျက်၍ ဝင်ကြည့်သောအခါ ဦးမောင်တုတ်တစ်ယောက် သေဆုံးနေသည်ကို တွေ့ကြရသည်။

သူ့ကိုယ်မှာလည်း အစိမ်းရောင်ဖြစ်လျက် သစ်ပင်တစ်ပင်ကဲ့သို့ အကိုင်းအရွက်များ ထွက်နေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ကြရလေသည်။

ထိုအခါ ရွာလူကြီးများက. . .

"ဒါ သစ်စုန်းဓာတ်တွေ သူ့ကိုယ်ထဲ ဝင်ပြီး သေရတာပဲ




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဒီအတိုင်း သင်္ဂြိုဟ်လို့တော့ မဖြစ်ဘူး၊ မီးသင်္ဂြိုဟ်ပစ်မှပဲ ဖြစ်မယ်”

ဟု ပြောဆိုကာ ဦးမောင်တုတ်အလောင်းကို အပြင်ထုတ်လာပြီး မီးသင်္ဂြိုဟ်လိုက်ကြလေတော့သည်။

ထိုခြံမှာလည်း ဘယ်သူမှ မနေကြတော့ပေ။

လအနည်းငယ်ကြာသော် ဦးမောင်တုတ်အလောင်း ရှိသောနေရာမှ အစိမ်းရောင်သစ်ပင်တစ်ပင် ပေါက်လာလေတော့သည်။ ထိုသစ်ပင်ကြီးမှာ နေ့ချင်းညချင်း ကြီးထွားလာသည်ကိုတော့ ရွာထဲမှ လူများ မသိကြပေ။

ထိုသစ်ပင်မှာ အခြားမဟုတ်ဘဲ သစ်စုန်းပင်ဖြစ်လေသည်။ ထိုသစ်ပင်ကြီးမှာ တစ်နေ့လုံး ငြိမ်သက်စွာဖြင့် သဘာဝအတိုင်း ရှိနေသော်လည်း ညအချိန် မှောင်လာလျှင် အသက်ဝင် လှုပ်ရှားလာလေတော့သည်။

၎င်းသစ်စုန်းပင်ကြီးမှာ မကောင်းဆိုးဝါးတစ်ကောင်ကဲ့သို့ ရွာထဲသို့ သွားကာ ကြက်၊ ဝက်၊ နွား စသည်တို့ကို ဖမ်းဆီးသတ်ဖြတ်လေသည်။

တိရစ္ဆာန်အော်သံများ ကြား၍ လူများ ထွက်လာလျှင် နေရာမှာ ငြိမ်သက်စွာ ရပ်နေသောကြောင့် အမှတ်တမဲ့ဖြင့် ဘယ်သူကမှ မသိကြပေ။

ရွာသားများမှာ တရားခံ မမိဘဲ မိမိတို့ ကြက်၊ ဝက်၊ နွား၊ ဆိတ် စသည်တို့ ညစဉ်အသတ်ခံရလေသည်။

နောက်ပိုင်းမှာတော့ လူများပါ အသတ်ခံကြရသည်။ လူ





များ အသတ်ခံရပုံမှာ ကိုယ်ပေါ်မှာ အပေါက်ကြီးများဖြစ်လျက် သွေးများ စုပ်ယူခြင်း ခံရကာ မရှုမလှ သေဆုံးကြရခြင်းဖြစ်သည်။

ညအချိန် အမှောင်ထု လွှမ်းလာသည်နှင့် ရွာဖျားဘက်မှ ခွေးအူသံများ ကြားရလေ့ရှိသည်။

ခွေးအူသံများက တဖြည်းဖြည်းနှင့် ရွာထဲ ရောက်လာကြသည်။ ထိုအသံများ ကြားရလျှင် တိရစ္ဆာန် သို့မဟုတ် လူတစ်ယောက်ယောက် သေရတော့မည်ကို သိနေကြသောကြောင့် များစွာထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကြရလေသည်။

အချို့လည်း အရဲစွန့်ကာ ခွေးအူသံ ကြားရာသို့ ထရံပေါက်မှ ချောင်းကြည့်ကြသည်။

သို့သော်လည်း အမှောင်ထဲမှာ ယိမ်းထိုးလှုပ်ရှားနေသည့် သစ်ပင်ကြီးငယ်များကိုသာ ဝိုးတဝါး လှမ်းမြင်ရပြီး အခြားတော့ ဘာမှမမြင်ရပေ။

သို့သော်လည်း နံနက်လင်းသည်နှင့် တိရစ္ဆာန် သို့မဟုတ် လူတစ်ယောက်ယောက်တော့ သေဆုံးသွားသည်ချည်းဖြစ်၏။

ကြာတော့ လူများမှာ ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်လာသောကြောင့် ရွာမှာပင် မနေဝံ့ကြတော့ပေ။

အချို့လည်း အခြားရွာများသို့ပင် ပြောင်းပြေးကြသည်။ အိမ်၊ ခြံ၊ ဥယျာဉ်၊ လယ်ယာမြေ ရှိသူများကတော့ မိမိတို့ပစ္စည်းများ စွန့်၍ ရွှေ့ပြောင်းရန် မဖြစ်သာသောကြောင့် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ဆက်နေကြရသည်။

နောက်ဆုံးမှာတော့ ရွာသူရွာသားအချင်းချင်း တိုင်ပင်ကာ



www.burmeseclassic.com

www.burmeseclassic.com



လူသတ်ကောင်ကို ရှာဖွေကြရန် ပြင်ဆင်ကြသည်။

တစ်ညသ၌ ဓား၊ လှံ၊ လက်နက်များ အပြည့်အစုံ ကိုင်၍ ရွာတွင် တစ်နေရာမှ စောင့်ဆိုင်းနေကြသည်။

ထိုနေ့ညက လမိုက်ညဖြစ်သော်လည်း ကောင်းကင်၌ အလင်းရောင်အချို့ ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် လှမ်းမြင်နိုင်သည်။

စောင့်ဆိုင်းနေသူများမှာ မိမိတို့ ဆွေမျိုးသားချင်းများ သေဆုံးသွားသောကြောင့် ဒေါသဖြစ်နေကြရာ မည်သည့် သရဲ သဘက်ပင်ဖြစ်စေ ရင်ဆိုင်တိုက်ခိုက်ကြရန် ဆုံးဖြတ်ထားကြလေ သည်။

ထုံးစံအတိုင်း ညဉ့်နက်ပိုင်း ရောက်သောအခါ ရွာများဘက်မှ ခွေးအူသံများ ပေါ်လာသည်။

အတန်ကြာတော့ ခွေးဟောင်သံများက တဖြည်းဖြည်း နီးလာလေသည်။

ရွာသားများမှာလည်း စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းနေကြသည်။

ထို့အတူ ရွာထဲမှာ ကျန်နေကြသူများမှာလည်း ဘာသံကြားရလေမလဲဟု ရင်တထိတ်ထိတ် နားတစွင့်စွင့် ရှိနေကြသည်။

အတန်ကြာတော့ တောတိုးလာသံများ ကြားရသဖြင့် ထိုအသံကြားရာသို့ လှမ်းကြည့်လိုက်သောအခါ အမှောင်ရိပ်ထဲမှာ လှုပ်ရှားလာသော သစ်စုန်းပင်ကြီးကို လှမ်းမြင်ရသည်။

"ဟင်. . . ဘာကောင်ကြီးလဲဟ"





"သစ်ပင်ကြီး မဟုတ်ဘူးလား"

"သစ်ပင်က လူတစ်ယောက်လို လမ်းလျှောက်နိုင်မလား။ ဟိုမှာ လက်တံလိုလိုဟာတွေက တယမ်းယမ်းနဲ့ ဖြစ်နေတာ မမြင် ဘူးလား"

"အဲဒါ နွယ်လက်တံတွေပါဟ၊ သစ်ပင်ကြီး အသက်ဝင်နေ တာလေ၊ ဟိုမှာ မမြင်ဘူးလား၊ ဟိုမှာ မျက်လုံးနေရာမှာ နီရဲနေတာ"

အမှန်တော့ သစ်စုန်းပင်ဘဝနှင့် သေဆုံးသွားသော ဦး မောင်တုတ်ကို မီးရှို့ပစ်လိုက်ကြသော်လည်း ၎င်းကာလကြာရှည်စွာ နေသွားသောနေရာတွင် သစ်မြစ်များက စွဲကျန်ခဲ့သည်။

လူမရှိတော့သော်လည်း သစ်မြစ်များက သစ်ပင်အဖြစ် ပြန်ပေါက်လာကာ သစ်စုန်းဓာတ်ဝင်နေပြီး ညအချိန်ရောက်လာ သောအခါ အသက်ဝင်လာပြီးနောက် မကောင်းဆိုးဝါးတစ်ကောင် လို သွားလာ၍ လူနှင့်တိရစ္ဆာန်များကို လိုက်လံသတ်ဖြတ်နေခြင်း ဖြစ်သည်။

၎င်းသည် ရွာထဲ ရောက်လာပြီး လူများ လိုက်ရှာတာနှင့် ကြုံပါက သစ်ပင်များကြားတွင် ငြိမ်သက်စွာ ရပ်နေပြီး လူများ ရှောင် သွားတော့မှ လူ သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကောင်ကို နွယ် လက်တံဖြင့် ဖမ်းယူထိုးဖောက်ပြီး သွေးစုပ်ယူလေ့ရှိသည်။

ထို့သို့သတ်ဖြတ်ပြီးလျှင် ၎င်းနေရာသို့ ပြန်သွားလေ့ရှိသည့် ခြံအတွင်း ပြန်ရောက်သောအခါ တစ်နေ့လုံး သဘာဝ သစ်ပင်တစ် ပင်ကဲ့သို့ပင် ရှိနေလေသည်။

အကယ်၍သာ မသက်ာသောလူများက သစ်ပင်အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကြည့်မည်ဆိုပါက ပါးစပ်ကဲ့သို့ ဖြစ်နေသောနေရာတွင် စွန်းပေနေသောသွေးများကို တွေ့ရမည်သာ ဖြစ်၏။

ရွာသူရွာသားများမှာလည်း သေဆုံးသွားသော ဦးမောင်တုတ်ကို သတိပင် မရကြတော့ပေ။

ယခုအခါမှာတော့ ၎င်းတို့မျက်စိရှေ့မှာတင် သစ်ပင်ကြီးတစ်ပင်က လူတစ်ယောက်ကဲ့သို့ သွားလာနေသည်ကို လှမ်းမြင်ရသောအခါ ကိုယ့်မျက်စိကိုပင် မယုံနိုင်အောင် ဖြစ်ကြလေသည်။

သို့သော်လည်း အသက်ဝင်နေသော သစ်စုန်းပင်ကြီးကတော့ သူတို့ ပုန်းအောင်းနေရာနှင့် မနီးမဝေးနေရာသို့ပင် ရောက်လာတော့သည်။

ထိုအခါ ရွာသားများလည်း တညီတညာတည်း ပြေးထွက်သွားပြီးနောက် ဓားနှင့်ခုတ်၊ လှံများဖြင့် ထိုးကြလေသည်။ သစ်စုန်းပင်ကြီးကလည်း နွယ်လက်တံများဖြင့် ထိုးသတ်ရန် တယမ်းယမ်းနှင့် ရှိနေသည်။

သို့သော်လည်း ရွာသားများက များသောကြောင့် ဓားဖြင့်ခုတ်ရာ နွယ်လက်တံများ တစ်ချောင်းပြီးတစ်ချောင်း ပြတ်ကျလေတော့သည်။

နောက်ဆုံးတော့ မခံနိုင်တော့ဘဲ သစ်စုန်းပင်ကြီးမှာ နောက်ကြောင်းသို့ ပြန်လှည့်ပြေးလေတော့သည်။

ထိုအချိန်မှာပင် ဆူဆူညံညံအသံများကြောင့် အခြားရွာသားများလည်း ထွက်လာကြရာ လူအင်အား တောင့်တင်းသွားသည်နှင့် သစ်စုန်းပင်ကြီး ထွက်ပြေးရာနောက်သို့ ပြေးလိုက်သွားကြ





လေသည်။

သစ်စုန်းပင်ကြီး ထွက်ပြေးသွားသောနေရာမှာ အခြားသစ်ပင်ငယ်များ၊ သစ်ကိုင်းများ ကျိုးကြေကုန်လျက် စွပ်ကြောင်းကြီးဖြစ်ကျန်နေရာ ထိုလမ်းကြောင်းအတိုင်းပင် လိုက်သွားကြလေတော့သည်။

နောက်ဆုံးတော့ လမ်းကြောင်းမှာ ဦးမောင်တုတ် ခြံဝန်းအတွင်းသို့ ဝင်သွားသည်ကို မြင်သဖြင့် ဝင်လိုက်သွားကြလေတော့သည်။ နောက်ဆုံးတော့ လှံချက်၊ ဓားချက်များနှင့် ငြိမ်သက်စွာရှိနေသော သစ်စုန်းပင်ကြီးကို တွေ့ကြရသည်။

ပင်စည်ပေါ်တွင် ဓားချက်လှံချက်များကြောင့် အညိုရောင်သွေးစေးများလည်း စီးကျနေသည်။ မျက်လုံးနေရာမှာလည်း အနီရောင်မဟုတ်တော့ဘဲ ပိတ်နေချေသည်။

ထို့နောက် ရွာသားများက ထိုသစ်ပင်နေရာတွင် သစ်ခြောက်ဝါးခြောက်များကို ပုံပြီးမီးရှို့လိုက်ကြသည်။ ကျန်ရှိနေသော သစ်ငုတ်ကိုပင် မြေလှန်တူး၍ မြစ်အတွင်း မျှောချလိုက်လေတော့သည်။

ထိုသို့ပြုလုပ်လိုက်သဖြင့် အားလုံးကတော့ အန္တရာယ်ကင်းသွားပြီဟု ထင်ကြလေသည်။

နောက်လအနည်းငယ်ကြာသောအခါ ထိုနေရာမှပင် အစိမ်းရောင် နွယ်သစ်ပင်ကလေးတစ်ပင် ပြန်ပေါက်လာလေသည်။ ထိုသစ်ပင်ကလေး အတော်ကြီးလာသောအခါ အရွက်အညွှန့်တို့သည် ရွာရှိရာဘက်သို့ လှမ်းမျှော်ကြည့်နေဟန် ရှိနေသည်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မည်သူကမှ သတိမပြုမိကြတော့ပေ။

အထက်ပါအကြောင်းအရာများမှာ ဒေါက်တာမင်းထင်ကျော် ပြန်ပြောပြသည့်အကြောင်းများပင် ဖြစ်သည်။

ထိုအကြောင်းများကို ကြားသောအခါ ဦးမင်းမောင်နှင့် သီရိစန္ဒာတို့မှာ ထိတ်လန့်နေကြသည်။

"တယ်လဲ ကြောက်စရာကောင်းပါလား မောင်မင်းထင်ကျော်၊ ကျုပ်လည်း သစ်တောဝန်ထောက်ဘဝနဲ့ သစ်တော အတော်များများ ရောက်ခဲ့ဖူးပါရဲ့၊ ဒီလိုကြောက်စရာကောင်းတာမျိုးတော့ တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး၊ ဒါက ဘယ်လိုအဓိပ္ပာယ်ကြောင့် ဒီလိုမျိုး ဖြစ်ရတာလဲ. . . ရှင်းပြပါဦး"

"ဒါက တိုက်ဆိုင်မှုတစ်ခုကြောင့် ဖြစ်ရတာပါ ဦး"

"ဘယ်လိုတိုက်ဆိုင်မှုမျိုးလဲ"

"တောထဲမှာ သစ်ပင်တွေအများကြီး ရှိတယ်၊ မိစ္ဆာဝိညာဉ်တွေလည်း အများကြီး ရှိပါတယ်၊ သို့သော်လည်း သစ်ပင်ထဲကို မိစ္ဆာဝိညာဉ် ရောက်ဖို့ဆိုတာ အတော်ခဲယဉ်းတဲ့ကိစ္စမျိုးပါ"

"ဘယ်လိုအခြေအနေမျိုးမှာ ရောက်နိုင်တာလဲ"

"သဘာဝမှာ စုန်းဓာတ်တွေ ရှိပါတယ်၊ ရေမှာ ရှိတော့ ရေစုန်း၊ မီးမှာ ရှိတော့ မီးစုန်း၊ မြေမှာ ရှိတော့ မြေစုန်း၊ ကျောက်မှာ ရှိတော့ ကျောက်စုန်း၊ သစ်ပင်မှာ ကပ်တော့ သစ်စုန်းလို့ ခေါ်ပါတယ်၊ သူ့ဖာသာ စုန်းဓာတ်ကပ်နေတဲ့အရာက ဒီလောက် အန္တရာယ်မရှိပါဘူး၊ စုန်းဓာတ် ရှိတဲ့အရာထဲကို မိစ္ဆာဓာတ် ဝင်ကပ်လိုက်ရင်တော့ ကြောက်စရာကောင်းတဲ့အန္တရာယ်မျိုး ဖြစ်လာတတ်ပါ





တယ်"

"အော်. . . ဒီလိုကိုး၊ ဒါဖြင့် လူမှာလည်း ဒီလိုပဲလား"

"မှန်ပါတယ်. . . လူတွေမှာလည်း မူလကတည်းက မွေးရာပါ စုန်းဓာတ်ပါလာတဲ့လူတွေ ရှိပါတယ်၊ သူ့ဖာသာ နေရင် အဲဒီစုန်းဓာတ်က အန္တရာယ် မရှိလှပါဘူး၊ အမှောင့်ပယောဂ ဝင်တော့မှ ကြောက်စရာကောင်းတဲ့ အန္တရာယ်မျိုး ဖြစ်လာတာပါ၊

အခုလည်း သစ်စုန်းပင်ကို အမှောင့်ပယောဂ ဝင်ကပ်ပြီး လူတွေကို လိုက်ပြီးအန္တရာယ်ပေးနေတာပါ၊

ဒီအန္တရာယ်တွေကို တွေ့အောင်ရှာပြီး သုတ်သင်ပစ်နိုင်မှ ဒီမိစ္ဆာရန်စွယ်က အေးမှာပါ"

ဟု ပြောပြလိုက်လေသည်။

ထိုနေ့ညက အတော်ညဉ့်နက်မှ လူစုခွဲပြီး အိပ်ယာဝင်ကြလေသည်။

အပြင်ဘက်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

# သစ်စုန်းပင်နှင့် အန္တရာယ်ဆိုးများ

ညဦးပိုင်းတွင် လရောင်လည်း မရှိ၊ မိုးကလည်း အုံ့နေသောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များက ဖုံးလွှမ်းနေလေသည်။

ဒေါက်တာမင်းထင်ကျော်က ဝရံတာပေါ်မှာ ချထားသောကုလားထိုင်ပေါ်မှာ ထိုင်ရင်း အပြင်သို့ မျှော်ကြည့်နေလေသည်။ သူသည် မဟိန္ဒလေ့တောင်မှ ပြန်ရောက်ကတည်းက ဆာရာကြီး ပေးလိုက်သောပြာများကို ခြံစောင့်များအပါအဝင် အိမ်၌ ရှိသောလူအားလုံးကို အနည်းငယ်စီ ပေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာ ထိုင်နေရင်းမှာပင် သူ့အနေနှင့် ထူးထူးဆန်းဆန်း ကြုံတွေ့ရသောဘဝအကြောင်းများကို တွေးတောနေမိလေသည်။

သီဟိုဠ်ကို ဘုရားဖူးလာရင်းနှင့် မမျှော်လင့်သောအန္တရာယ်များနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

ရင်းကိစ္စများ ပြီးလျှင်တော့ နေရပ်သို့ ပြန်ရန် စိတ်ကူးမိလေသည်။

ထိုသို့စိတ်ကူးမိသည်နှင့် အတွေးထဲမှာ သီရိစန္ဒာ၏မျက်နှာလေးက ပေါ်လာလေသည်။

သီရိစန္ဒာ၏မျက်နှာလေးမှာ စွဲမက်ဖွယ်ရာဖြစ်ပြီး သူမ၏အမူအယာမှာလည်း နှစ်လိုဖွယ်ရာ ရှိလေသည်။

သီဟိုဠ်မှ ပြန်လျှင်တော့ သီရိစန္ဒာနှင့် မခွဲချင်ဘဲ ခွဲခွာရပေတော့မည်။

အမှန်ဆိုရပါမူ သီရိစန္ဒာအပေါ်မှာ နှစ်သက်စွဲလန်းနေမိကြောင်း သူကိုယ်တိုင် သတိထားမိလေပြီ။

သို့သော် သူမ ခမျာလည်း သူ့အပူနှင့်သူမို့ စိတ်မအေးရရှာပေ။

ထိုအခိုက်မှာပင် နောက်ဖက်မှ လျှောက်လာသောခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ သီရိစန္ဒာကို တွေ့ရလေသည်။

သူမက ရှေ့မှာ ရှိသော ကုလားထိုင်မှာ ဝင်ထိုင်လေသည်။

"ကျွန်မတို့မိသားစုအပေါ်မှာ အခုလို အကူအညီပေးတဲ့အတွက် အစ်ကို့ကို ကျေးဇူးတင်ပါတယ်"





"ရပါတယ် သီရိရယ်၊ ကျွန်တော်အပေါ်မှာ ဒီလောက်ကျေးဇူးတင်ဖို့ မလိုပါဘူး၊ တနယ်တကျေးမှာ တွေ့ကြတဲ့ မြန်မာလူမျိုးအချင်းချင်း အခုလို အကူအညီပေးခွင့်ရတာကိုပဲ ဝမ်းသာနေမိတာပါ၊ တကယ်ဆိုရင် သီရိတို့ အကူအညီပေးလို့ သီဟိုဠ်မှာ ရှိတဲ့ဘုရားတွေ၊ နေရာတွေအတော်များများ ရောက်ရတဲ့အတွက် ကျွန်တော်က ကျေးဇူးတင်ရမှာပါ"

"ဒါကတော့ အစ်ကိုရယ်၊ အစ်ကို့စကားနဲ့ ပြန်ပြောရရင် တနယ်တကျေးမှာ ကိုယ့်အမျိုးသားတစ်ယောက်ကို အခုလို အကူအညီပေးရတာ ကျွန်မတို့လည်း ဝမ်းသာရမှာပေါ့"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်က သဘောကျစွာပြုံးလိုက်လေသည်။

"ဒါထက် ဦးလည်း အလုပ်က နားလိုက်ပြီဆိုတော့ သီရိတို့ မြန်မာပြည်ကို ပြန်ဖို့ အစီအစဉ် မရှိကြတော့ဘူးလား"

"ကျွန်မတို့ကတော့ ပြန်ချင်တာပေါ့၊ အဖေကလည်း ပြန်ချင်နေတယ်၊ အခုနေတော့ စစ်ဘေးစစ်ဒဏ်တွေ မအေးသေးလို့ ပြန်ဖြစ်မယ် မထင်သေးဘူး၊ တကယ်လို့ စစ်ဘေးစစ်ဒဏ်တွေ အေးရင်တော့ ပြန်လာကြမှာပါ"

"ဒီစကားကြားရတာ ဝမ်းသာစရာပေါ့၊ မြန်မာပြည် ရောက်ရင် ကျွန်တော်က ပြန်ပြီးအကူအညီပေးနိုင်တာပေါ့"

"ဒါထက် အစ်ကိုက ဘယ်တော့ ပြန်မှာလဲဟင်"

"ပထမတော့ ဘုရားဖူးပြီးတာနဲ့ ပြန်ဖို့ စိတ်ကူးလာ[illegible] အခုတော့ ဒီက ကိစ္စတွေ ပြီးမှပဲ ပြန်တော့မယ်လို့ စိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ကောင်းတာပေါ့. . . အစ်ကိုရှိနေရင်တော့ ကျွန်မတို့ အားတိုးရတာပေါ့"

သီရိစန္ဒာထံမှ ထိုစကားကြားရသောအခါ ဒေါက်တာမင်းထင်ကျော် ရင်ထဲမှာ အနည်းငယ် လှုပ်ရှားသွားလေသည်။

ပြောချင်သောစကားများကလည်း ရင်ထဲမှာ အစီအရီ ပေါ်လာလေသည်။

ထိုအခိုက်မှာပင် ဝရံတာစကြံ်န်ဘေး မှန်ပြတင်းမှ ရိပ်ကနဲ ဖြတ်သွားသော သဏ္ဍာန်တစ်ခုကို ဒေါက်တာမင်းထင်ကျော်က လှမ်းမြင်လိုက်ရပြီး အမှောင်ထဲမှာ ပျောက်သွားလေသည်။

"ဒီအပေါ်ထပ်မှာ ဘယ်သူရှိသလဲ သီရိ"

"အပေါ်မှာ ဘယ်သူမှ မရှိပါဘူး. . ၊ အဖေနဲ့ကျွန်မတို့ အောက်ထပ်အခန်းမှာပဲ နေကြတာ. . ၊ အိမ်ဖော်တွေကလည်း အောက်မှာပဲ နေကြတာ၊ ဘာဖြစ်လို့လဲ"

"သီရိ အောက်ထပ်ကို ပြန်ဆင်းပြီး အခန်းထဲ ဝင်နေပါ၊ တံခါးကိုလည်း ပိတ်ထားပါ၊ ဘာအသံကြားလို့မှ အပြင်ထွက်မလာပါနဲ့"

"ဟင်. . . ကျွန်မတစ်ယောက်တည်း မဆင်းဝံ့တော့ဘူး"

ထိုအခိုက်မှာပင် နောက်ထပ်အရိပ်သဏ္ဍာန်တစ်ခုက ပေါ်လာပြီး ပြန်ပျောက်သွားပြန်လေသည်။

"လာ. . . သီရိ၊ အိမ်ထဲ ပြန်ဝင်ကြရအောင်၊ ကျွန်တော် လိုက်ပို့ပေးမယ်"





ဟု ပြောလိုက်ကာ ထ,လိုက်စဉ်မှာပင် ဝရံတာစကြံ်န်လမ်းအတိုင်း မည်းမည်းသဏ္ဍာန်တစ်ကောင် လျှောက်လာသည်ကို လှမ်းမြင်ရသဖြင့် ဒေါက်တာမင်းထင်ကျော်က သီရိစန္ဒာလက်ကို ဆွဲ၍ အိမ်ထဲသို့ အလျင်အမြန် ဝင်ကာ အခန်းတံခါးပေါက်ကို အလျင်အမြန် ပိတ်လိုက်လေသည်။

ထိုအခိုက်မှာပင် တံခါးပေါက်ဝ ရောက်လာသော မိစ္ဆာဝိညာဉ်က တံခါးကို တဝုန်းဝုန်းနှင့် တွန်းဖွင့်နေသည်။

တံခါးဂျက်ချထား၍ ဖွင့်မရသောအခါ မှန်ပြတင်းပေါက်ကို ခေါင်းဖြင့် တိုးဝင်လာသည်။

သို့သော် မှန်ကွဲများက ခံနေသောကြောင့် အတွင်းသို့ ရုတ်တရက် မရောက်ပေ။

ဒေါက်တာမင်းထင်ကျော်က ခါးကြားမှာ အသင့်ထိုးထားသော သေနတ်ကို ဆွဲထုတ်ပြီး ပစ်သောအခါ နောက်သို့ လန်ကျသွားသည်။

ထိုအခါ အခြားနေရာမှ မှန်ပြတင်းကို ခွဲကာ နောက်ထပ်တစ်ကောင်က ဝင်လာပြီး လက်ကို ဆန့်တန်းကာ ပြေးလာပြန်သဖြင့် သေနတ်နှင့် ပစ်လိုက်မှ လဲကျသွားလေသည်။

"သီရိ. . . အောက်ထပ်ကို အမြန်ဆင်းပေတော့၊ ဒီအပေါ်ထပ်မှာ မိစ္ဆာကောင်တွေ ရောက်လာကြပြီ"

ထိုသို့ပြောလိုက်သဖြင့် သီရိစန္ဒာက ကြောက်ကြောက်နှင့်ဖြင့် အောက်သို့ ဆင်းပြေးသွားသည်။

ဒေါက်တာမင်းထင်ကျော်က အပေါ်ထပ်မှာ ကျန်နေသော



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်မိစ္ဆာနှစ်ကောင်ကို ရှင်းပြီးသောအချိန်မှာ အောက်ထပ်မှ သေနတ်သံကို ကြားရသည်။

သို့ကြောင့် ကပျာကယာ အောက်သို့ ပြေးဆင်းလာခဲ့သည်။ အိမ်အောက်ထပ်မှာလည်း တံခါးမကြီးရော အိမ်ဘေးမှ မှန်ပြတင်းများကို ပိတ်ထားသည့်ကြားမှ အိမ်ထဲ တိုးရန် ကြိုးစားနေသော မိစ္ဆာများကို ဦးမင်းအောင်က သေနတ်ဖြင့် ပစ်ခတ်နေလေသည်။

"အပေါ်ထပ်မှာ အခြေအနေ ဘယ်လိုလဲ မောင်မင်းထင်ကျော်"

"အပေါ်မှာတော့ မရှိတော့ဘူးထင်တယ်"

"မရဏသစ်စုန်းပင်ကြီး ဒီခြံထဲကို ရောက်နေပြီထင်တယ်၊ သူလွှတ်လိုက်တဲ့ အခိုးအငွေ့တွေက ခြံထဲမှာ ရှိတဲ့ သစ်ပင်တွေက တဆင့် ခြံထဲ ရောက်လာတယ်၊ ကျုပ်တို့အားလုံးက ဆာဒူးကြီးရဲ့ပြာကြောင့် ဘာမှ မဖြစ်ကြဘူး၊ ဒါပေမယ့် လမ်းပေါ်မှာ သွားနေတဲ့လူတွေတော့ ထိသွားပုံရတယ်၊

သူတို့တတွေက မိစ္ဆာတွေလို အသွင်ပြောင်းပြီး ကျုပ်တို့ကို ရန်မူဖို့ အိမ်ထဲ ဝင်ဖို့ ကြိုးစားနေကြတာပဲ"

ဦးမင်းမောင်က မောဟိုက်သံဖြင့် ပြောပြလေသည်။

"ခြံဝန်းထဲက အစောင့်တွေရော အခြေအနေ ဘယ်လိုလဲ"

"သေနတ်ရှိတဲ့လူတွေကတော့ သေနတ်နဲ့ ပစ်သံကြားရတယ်၊ သေနတ်မရှိတဲ့လူတွေကတော့ သူတို့လက်ချက်နဲ့ သေများကုန်ပြီလား မသိဘူး၊ ဘယ်လိုလုပ်ကြမလဲ မောင်မင်းထင်ကျော်"

ထိုသို့ပြောနေစဉ်မှာ မှန်တံခါးကို ခွဲဝင်လာသော မိစ္ဆာတစ်





ကောင်ကို ဦးမင်းမောင်က သေနတ်ဖြင့် ပစ်ချလိုက်လေသည်။ သေနတ်သံနှင့် မရှေးမနှောင်းမှာပင် အိမ်အနောက် အစေခံများ နေသောဘက်မှ အော်ဟစ်ဆူညံသံများ ပေါ်ထွက်လာသဖြင့် ဒေါက်တာမင်းထင်ကျော်က ပြေးသွားလေသည်။

အနောက်ဘက်အဆောင်သို့ ရောက်သောအခါ မိစ္ဆာဝိညာဉ်ပူးကပ်နေသော လူတစ်ယောက်က အိမ်ဖော်တစ်ယောက်ကို အပေါ်မှ ခွစီးကာ လည်ပင်းကို သွားဖြင့် ကိုက်ဖောက်ရန် ကြိုးစားနေသည်။

ဒေါက်တာမင်းထင်ကျော်က တုတ်တစ်ချောင်း ယူလာပြီး နောက်ဘက်မှ ရိုက်ချလိုက်ရာ နံဘေးသို့ လိမ့်ကျသွားသည်။

သို့သော်လည်း ကြောက်မက်ဖွယ်ရာကောင်းသောအသံကြီးဖြင့် မာန်ဖီကာ ပြန်ထရန် ကြိုးစားနေသောကြောင့် သေနတ်ဖြင့် ပစ်သတ်လိုက်ရသည်။

ထိုအခါမှ ငြိမ်ကျသွားသည်။

မိစ္ဆာပူးကပ်နေသောလူမှာ ပြတင်းပေါက်ကို ဖျက်ဆီး၍ ဝင်လာခြင်းဖြစ်သည်။

ဒဏ်ရာရသွားဟန်ရှိသော အိမ်ဖော်အမျိုးသမီးကို ကြည့်တော့ လည်ပင်းမှာ သွားဖြင့် ကိုက်ထားသော ဒဏ်ရာဒဏ်ချက်များ ရှိနေသည်မှလွဲပြီး အသက်ရှိနေသေးသည်။

သို့ကြောင့် သွေးထွက်မလွန်စေရန် အဝတ်စများဖြင့် ဆေးစည်းပေးထားရသည်။

အိမ်အတွင်းသို့ အတင်းဝင်ရန် ကြိုးစားနေသည့် မိစ္ဆာပူး



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေသည့် လူတစ်ယောက်နှစ်ယောက်ကို သေနတ်ဖြင့် ပစ်သတ်လိုက်ပြီးသောအခါ နောက်ထပ်မတွေ့ရတော့ပေ။

ထိုအချိန်မှာ အမီတာ ရောက်လာသည်။

"ဆရာ. . . ခြံထဲမှာ ဟိုသစ်ပင်ကြီး ရောက်နေပြီထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဒီသစ်ပင်ကြီးကို မရှင်းမချင်း နောက်ထပ်ဒုက္ခတွေ ရောက်ကြမှာပဲ၊ မင်း ဓာတ်ဆီပုံးတွေ ယူပြီး ခြံစောင့်တွေနဲ့ ဒီကိုလာခဲ့ကြ"

ဟု ပြောသဖြင့် အမီတာက ပြန်ထွက်သွားသည်။

ထိုအခိုက်မှာပင် အဆိပ်ငွေ့ သင့်နေသော လူတစ်ယောက်နှစ်ယောက် ခြံထဲ ပြေးဝင်လာသဖြင့် သေနတ်ဖြင့် ပစ်ရသေးသည်။

အမီတာနှင့် ခြံစောင့်များ ရောက်လာကြသောအခါ ၎င်းတို့နှင့်အတူ ဓာတ်ဆီပုံး ပါလာသည်။

"မင်းတို့ ဘာမှ မကြောက်ကြနဲ့၊ ငါပေးထားတဲ့ဆေးပြားကြောင့် အန္တရာယ် အနားမကပ်နိုင်ဘူး၊ ဒီသစ်စုန်းပင်ကြီး ရှိနေသမျှ လူတွေ ဒုက္ခရောက်နေကြမှာပဲ၊ ဒီတော့ ဒီသစ်ပင်ကြီးကို တွေ့အောင်ရှာပြီး သုတ်သင်ရှင်းပစ်ရမယ်"

"ဖြစ်ပါ့မလား ဆရာရယ်"

"ဘာမှမကြောက်နဲ့. . . အရေးရှိရင် ငါ ရှေ့က ရင်ဆိုင်မယ်၊ သူ လမ်းမဘက်နားမှာ ရှိလိမ့်မယ်. . . သွားကြစို့"

ဟု ပြောဆိုကာ ခြံအဝဘက်သို့ လာခဲ့ကြသည်။

အမှန်တော့ လမ်းမဘက်ရှိ သစ်ပင်အချို့မှာ အဆိပ်ငွေ့မိနေပြီး ၎င်းအဆိပ်ငွေ့များကို ပြန်ထုတ်နေရာ ထိုအဆိပ်ငွေ့ကို





ရှူမိသောလူများမှာ မိစ္ဆာစိတ် ဝင်လာပြီးနောက် ခြံဝန်းအတွင်းသို့ အတင်းဝင်လာကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ဆာဒူးကြီး ပေးလိုက်သောပြာမှုန့်များအစွမ်းကြောင့် ထိုအဆိပ်ငွေ့ကို နိုင်ကာ သတိလစ်မသွားခြင်းဖြစ်လေသည်။

လမ်းမနှင့် နီးသော သစ်တောစပ် ရောက်သောအခါ ဆံပင်ဖားလျားချကာ ခါးထောက်ရပ်နေသော မိန်းမတစ်ယောက်ကို လှမ်းမြင်ရသည်။

"ဆရာ. . . ဟိုမှာ"

ထိုမိန်းမက ကြောက်မက်ဖွယ်ကောင်းသောမျက်နှာနှင့် လှမ်းကြည့်နေသည်။

"လူတွေကို ဒုက္ခပေးနေတာ ဒီတစ်ခါတော့ တွေ့ကြရောပေါ့"

ဟု ပြောကာ အိတ်ထဲမှ ပြာမှုန့်အချို့ကို လက်ထဲမှာ ဆုပ်ကိုင်ထားပြီး ရှေ့သို့ တိုးဝင်သွားသည်။

ကြောက်မက်ဖွယ်မျက်နှာဖြင့် ကြည့်နေသောမိန်းမကလည်း နေရာမှ မရွေ့ဘဲ ရပ်မြဲရပ်နေလေသည်။

အမီတာတို့တတွေကလည်း ဒေါက်တာမင်းထင်ကျော်က ရှေ့သို့ တိုးသွားသဖြင့် နောက်မှ ကပ်လိုက်လာကြသည်။ တစ်ယောက်နှင့်တစ်ယောက် ဆယ်ပေခန့်သာ ကွာသောနေရာ ရောက်သောအခါ ရပ်တန့်လိုက်သည်။

ထိုအခါမှ ရပ်နေသောမိန်းမမှာ လူတစ်ယောက်မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ကောင်းသော သရဲသဘက်တစ်ကောင်ဖြစ်မှန်း တွေ့ရတော့သည်။

ထိုမိန်းမက ပါးစပ်ကို ဟလိုက်ရာ ပါးစပ်ထဲမှာ အစွယ်များ ပေါ်လာသည်။

ထို့နောက် ပါးစပ်ထဲမှ အဖြူရောင်အငွေ့များကို မှုတ်ထုတ်လိုက်သည်။

ထိုအခိုးအငွေ့များက ဒေါက်တာမင်းထင်ကျော်တို့လူစုရှိရာဘက်သို့ လွင့်လာသော်လည်း ဘာမှမဖြစ်ကြပေ။

သို့ကြောင့် ရှေ့တိုးသွားပြီး လက်ထဲမှာ ကိုင်ထားသော ပြာအချို့ကို ကြဲလိုက်ရာ ပတ်ဝန်းကျင်မှာ ပြာမှုန့်များက ပြန့်နှံ့သွားလေသည်။

ပြာမှုန့်များမှာ လေထဲမှာ ဝဲနေရင်းမှပင် လူတစ်ယောက်ပုံသဏ္ဌာန်မျိုး ပေါ်လာသည်။

အခြားမဟုတ်ပေ. . .။

မဟိန္ဒလေ့တောင် ရင်းတိုက်တောအတွင်းမှာ နေသော ဆာဒူးကြီး နာဒဆွာမိပင်ဖြစ်၏။

ပြာမှုန့်များထဲမှာ ဆာဒူးကြီးပုံ ပေါ်လာသောအခါ ပါးစပ်ထဲမှ အခိုးအငွေ့များ ထုတ်နေသော မိန်းမမှာ တောထဲ ဝင်ပြေးလေတော့သည်။

"လာဟေ့. . . လိုက်ကြရအောင်၊ ဓာတ်ဆီပုံးတွေပါ ယူခဲ့ကြ"

ဟု ပြောကာ နောက်မှ လိုက်သွားကြရာ တောစပ်တစ်နေ





ရာ ရောက်သောအခါ ကြောက်မက်ဖွယ်ကောင်းသော သစ်စုန်းပင်ကြီးကို တွေ့ကြရသည်။

သစ်ပင်ကြီးမှာ အသက်ဝင်နေသကဲ့သို့ ယိမ်းထိုးလှုပ်ရှားလျက်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ထိုနေရာ ရောက်သွားတော့မှ စောစောက မြင်လိုက်ရသောမိန်းမက သစ်ခေါင်းအတွင်းသို့ ဝင်သွားလေတော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်တို့တတွေက အနီးပတ်ဝန်းကျင်မှာ ရှိသော သစ်ခြောက်ဝါးခြောက်များကို သစ်ပင်ကြီးရှိရာသို့ အဝေးမှ ပစ်ပုံလိုက်ကြသည်။

သစ်ခြောက်များ ပုံပြီးသောအခါ ထိုနေရာသို့ ဓာတ်ဆီများနှင့် နှံ့အောင် ပက်ပြီးနောက် မီးရှို့လိုက်လေတော့သည်။ ဓာတ်ဆီအရှိန်နှင့် မီးတောက်များက တရှိန်ထိုး ပြန့်နှံ့သွားလေတော့သည်။

သစ်စုန်းပင်ကြီးမှာ မီးတောက်များ ဝိုင်းနေသောကြောင့် အလယ်မှာ တွန့်လိမ်ကွေးကောက်လျက် ရှိလေသည်။ ခဏကြာတော့ မီးတောက်ကြီးများက အရှိန်ပိုကောင်းလာကာ သစ်စုန်းပင်ကြီးကိုပါ စွဲလောင်လေတော့သည်။ ကြည့်နေရင်းမှာပင် မီးတောက်များက သစ်ပင်ကြီးတစ်ပင်လုံးကို ဝါးမြိုသွားလေတော့သည်။

ထိုအချိန်မှာ စူးစူးဝါးဝါး အော်ဟစ်နေသော မိန်းမတစ်ယောက်၏အော်သံကို ခပ်သဲ့သဲ့ ကြားကြရသော်လည်း မည်သည့်နေရာမှ အော်နေသည်ကို မသိကြရပေ။

အတန်ကြာသောအခါ မီးတောက်များက သစ်စုန်းပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်လုံး ဝါးမြိုလောင်မြိုက်သွားရာ သစ်ငုတ်တိုကြီးအဖြစ်သာ ကျန်ခဲ့တော့သည်။

ဒေါက်တာမင်းထင်ကျော်က သစ်ပင်ငုတ်တိုကြီးအနား လျှောက်သွားပြီး ခပ်တိုးတိုး ပြောလိုက်သည်။

"ဒီသစ်စုန်းပင်ကြီးမှာ မှီခိုနေသော စန္ဒီမာလာရဲ့ဝိညာဉ်၊ ယခုအချိန်မှစပြီး လွတ်ရာသို့ သွားပေတော့၊ သင့်ရဲ့ဝိညာဉ် ကောင်းသောနေရာသို့ ရောက်ပါစေလို့ ကျွန်ုပ်က ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်၊ သင်လိုရာသို့ သွားပေတော့"

ထိုသို့ပြောလိုက်သည်နှင့် သစ်ငုတ်တိုမှ ထွက်နေသောမီးခိုးငွေ့များနှင့်အတူ အပေါ်သို့ တက်သွားသော ဖြူဖြူသဏ္ဍာန်တစ်ခုကို ဒေါက်တာမင်းထင်ကျော်အပါအဝင် အားလုံးမြင်လိုက်ရသည်။

ဒေါက်တာမင်းထင်ကျော်က အလုပ်သမားများကို ထိုသစ်ငုတ်ကြီးအား တူးဆွဖြတ်တောက်၍ မီးရှို့ပစ်ရန် မှာကြားခဲ့ပြီး ထိုနေရာမှ ထွက်လာခဲ့သည်။

သူ့စိတ်ထဲမှာ ဘဝကံဆိုးခဲ့သော စန္ဒီမာလာဆိုသော မိန်းကလေးအတွက် စိတ်မကောင်းဖြစ်နေမိသည်။

ယခုတော့ သူလည်း လွတ်ရာသို့ သွားနိုင်ခဲ့ပေပြီ။







အခန်း(၁၀)

# ရင်းတိုက်တောမှ အပြန်

ယခုတစ်ခေါက် မဟိန္ဒလေ့တောင်သို့ သွားရာမှာတော့ ရာသီဥတုက သာယာသလို လမ်းခရီးတစ်လျှောက်မှာလည်း အခြားအန္တရာယ်များ မတွေ့ရပေ။

ထို့ပြင် သစ်စုန်းပင်အန္တရာယ်များ ကင်းသွားပြီဖြစ်သဖြင့် အဝေးပြေးလမ်းမပေါ်မှာ လူအသွားအလာများ မပြတ်လှပေ။

ဒီတစ်ခါမှာတော့ သီရိစန္ဒာပါ လိုက်လာသဖြင့် သုံးယောက် ဖြစ်သည်။

မဟိန္ဒလေ့တောင်သို့ ရောက်သောအခါ ရင်းတိုက်တော

အတွင်းသို့ ရောက်၍ မျောက်များကို အစာကျွေးကြသည်။ ထိုမှ အတွင်းသို့ ရောက်သောအခါ သီရိစန္ဒာက ပြောသည်။

"ဒီတောထဲကို အစ်ကိုတို့ တစ်ခေါက်ရောက်ခဲ့ကြတယ် မဟုတ်လား၊ ဆာဒူးကြီး နေတဲ့ဂူက ဘယ်နေရာမှာလဲဟင်"

"ဟိုဘက်နားမှာလို့ ထင်တာပဲ၊ ကျွန်တော်လည်း သိပ် မမှတ်မိတော့ဘူး"

"ကျွန်မကို လိုက်ပို့ပေးပါလား"

ဟု ပြောသဖြင့် အမီတာကို မော်တော်ကားမှာ ထားခဲ့ပြီး နှစ်ယောက်သား ရင်းတိုက်တောအတွင်းသို့ ဝင်ခဲ့ကြသည်။ တကယ် တော့ ဒေါက်တာမင်းထင်ကျော်အနေနှင့်လည်း ဆာဒူးကြီးနှင့် တွေ့ ပြီး နှုတ်ဆက်ချင်နေသည်။

"ဟိုရောက်လို့ ဆာဒူးကြီးနဲ့ တွေ့ရင် သီရိက ဘာမေးမှာ လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ အမေနဲ့မောင်လေး အ ကြောင်းကို သိချင်လို့ပါ"

ဒေါက်တာမင်းထင်ကျော်က ဘာမှထပ်မမေးတော့ဘဲ ရင်း တိုက်တောအတွင်း ဝင်လာကြရာ နာဒဆွာမိ နေသော ကျောက်ဂူ ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြသည်။

ယခင်တစ်ခါ လာစဉ်က ဆာဒူးကြီးက ဂူအပြင်မှာ ရပ်နေ သောကြောင့် အဆင်သင့် တွေ့ရသည်။

ယခုတစ်ခါမှာတော့ ကျောက်ဂူပေါက်ဝမှာ ဘယ်သူမှ မတွေ့ရပေ။





"ဒီဂူပဲ. . .သူ မရှိဘူးထင်တယ်"

ဟု ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့် ပြော လိုက်လေသည်။

ထိုသို့ပြောလိုက်စဉ်မှာပင် ဂူအတွင်းမှ အသံတစ်သံ ထွက် လာသည်။

"ကျွန်ုပ်ရှိပါတယ်. . . အတွင်းကို ဝင်ခဲ့ကြပါ"

ထိုအသံကြားတော့မှ အတွင်းသို့ ဝင်သွားကြသည်။

ဂူအတွင်း ရောက်သောအခါ ဘယ်သူမှ မတွေ့ရပေ။

တအံ့တဩနှင့် ရပ်နေကြစဉ် အပြင်မှ ရေပုံးတစ်ပုံး လက်မှာ ကိုင်ပြီး ဝင်လာသော နာဒဆွာမိကို တွေ့ရသည်။

"သင်တို့ ကြုံတွေ့ရတဲ့ အန္တရာယ်မိစ္ဆာတွေ ကင်းသွားပြီ မဟုတ်လား"

"မှန်ပါတယ်. . . ဒီအတွက် ကျေးဇူးတင်ကြောင်း ပြောရင်း နဲ့ မကြာခင် ကျွန်တော်က ပြန်တော့မှာမို့ လာပြီးနှုတ်ဆက်တာပါ"

"နှုတ်ဆက်စရာ မလိုပါဘူးလေ၊ နောက် မတွေ့ရတော့မယ့် ကိစ္စမှ မဟုတ်တာ၊ သံသရာခရီး မဆုံးမချင်း ကျွန်ုပ်တို့တွေက အကြိမ်ကြိမ် ပြန်တွေ့ကြရဦးမှာပဲ"

"ကျွန်တော့်အတွက် ဘာများပြောစရာ ရှိပါသေးလဲ"

"သင့်အတွက်တော့ ထွေထွေထူးထူး ပြောစရာ မရှိပါဘူး သူသိချင်တာတွေတော့ ပြောပြပါမယ်၊ ရေတစ်ခွက် သွားခပ်ယူလာ ခဲ့ပါ"

ဟု ပြောကာ နံဘေးမှာ ချထားသော ခွက်အနည်းငယ်တို့ပေး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျောက်ဂူနှင့် မနီးမဝေးမှာ ရှိသော ရေတွင်းမှ ရေတစ်ခွက် ခပ်ယူပေးလိုက်သည်။

ဆာဒူးကြီးက ရေခွက်ကို တစ်နေရာမှာ ချပြီး ထိုင်ခိုင်းသဖြင့် နှစ်ယောက်သား ဝင်ထိုင်လိုက်သည်။

"ရေခွက်ထဲက ရေကို စိုက်ကြည့်နေပါ၊ သင့်မိခင်၏မျက်နှာကို တွေ့ရလိမ့်မယ်"

ဟု ပြောသဖြင့် သီရိစန္ဒာက ခွက်ထဲမှ ရေကို စိုက်ကြည့်လိုက်သည်။ ထိုသို့ကြည့်ရင်းမှပင် ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်လာပြီး ရေမှာလည်း လှိုင်းတွန့်ကလေးများ ထလာသည်။

ခဏကြာတော့ ရေက မူလအရောင် မဟုတ်တော့ဘဲ အရောင်ပြောင်းလာကာ မိုးကောင်းကင်၏အပြာရောင်မျိုး ဖြစ်လာသည်။ ထိုအပြာရောင်ထဲမှာ လွင့်မျောနေသောတိမ်ကဲ့သို့အရာများ တွေ့ရပြီး ထိုအထဲမှ ဖြူဖြူတစ်ခုသည် ရေခွက်ထဲသို့ ရောက်လာသည်။

ကြည့်လိုက်သောအခါ ထိုအလုံးကလေးပေါ်မှာ သေဆုံးသွားသော သူ့မိခင်၏မျက်နှာ ပေါ်လာလေသည်။

သီရိစန္ဒာက သေချာအောင် မျက်လုံးကို ပွတ်ကြည့်သော်လည်း ထိုရုပ်သွင်ကတော့ ပေါ်မြဲပေါ်နေလေသည်။

"သင့်ရဲ့မိခင်ကို မြင်ရပြီမဟုတ်လား

သီရိစန္ဒာက ခေါင်းညိတ်ပြသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်ကိုပါ ကြည့်ခိုင်းသဖြင့် ကြည့်သောအခါမှ သူ မမြင်ဖူးလိုက်သော ဒေါ်ရတီမျက်နှာကို မြင်





တွေ့ရသည်။

သီရိစန္ဒာကတော့ မျက်ရည်ကလေး အဝိုင်းသား ရှိနေသည်။

"ကျွန်မအမေ အခု ဘယ်ဘဝမှာ ရှိနေသလဲဟင်"

"သူ ဘဝသစ်တစ်ခု ရောက်နေပြီ၊ ဘယ်ဘုံဘဝ ရောက်နေတယ်ဆိုတာ ပြောခွင့်မရှိပါဘူး"

"ဒါ. . ဒါဖြင့် ကျွန်မမောင်ကိုရော တွေ့ခွင့်ရနိုင်မလားဟင်"

"တွေ့ချင်ရင် တွေ့ခွင့်ရပါတယ်၊ ဒါပေမယ့် မတွေ့ချင်ပါနဲ့တော့၊ သူက စွဲလန်းမှုတစ်ခုကြောင့် ဘုံဘဝတစ်ခုကို မရောက်ဘဲ တစ်နေရာမှာပဲ ဝိညာဉ်ဘဝနဲ့ ရှိပါသေးတယ်၊ တစ်နေ့ကျရင် သင်တို့ဆီကို ပြန်ရောက်လာပါလိမ့်မယ်"

ထိုစကားကြောင့် သီရိစန္ဒာမျက်နှာမှာ ကြည်လင်သွားလေသည်။

"အမျိုးသမီးတစ်ယောက်ရဲ့ဘဝတစ်လျှောက်လုံး လက်တွဲရမယ့်အဖော်က အရေးကြီးပါတယ်၊ သင့်ရဲ့ဘဝလက်တွဲဖော်ရဲ့ မျက်နှာကို ပြပါမယ်၊ သင်က ဂူအပြင်မှာ စောင့်ပေးပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် အနည်းငယ် စိတ်လှုပ်ရှားစွာဖြင့် အပြင်ဘက်သို့ ထွက်လာလေသည်။

ဂူအပြင်မှာ ရပ်နေရင်းလည်း စိတ်ထဲမှာ ကတုန်ကယင်ဖြစ်နေမိသည်။

စာမေးပွဲ အောင်စာရင်းအဖြေစောင့်နေသောကျောင်းသားတစ်ယောက်ကဲ့သို့ ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူသည် သီရိစန္ဒာအပေါ် စွဲလန်းမှု ရှိနေရာမှ အခြေအနေကြောင့် ဖွင့်မပြောရသေးခြင်းဖြစ်၏။

အကယ်၍များ သီရိစန္ဒာ၏ဖူးစာဖက်မှာ အခြားသူတစ်ယောက်ဖြစ်နေခဲ့လျှင် သူ့ရင်ထဲမှ ဆန္ဒများကို သိုဝှက်ကာ ဒီအတိုင်း ပြန်သွားရုံသာ ရှိပေတော့မည်။

အတန်ကြာသောအခါ သီရိစန္ဒာ ထွက်လာသည်။

"ဆာဒူးကြီးက အစ်ကို့ကို နောက်တစ်ကြိမ် ရောက်မှပဲ တွေ့တော့မယ်လို့ မှာလိုက်ပါတယ်၊ သူကတော့ တရားထိုင်နေပြီ"

"ဒါဖြင့် သွားကြရအောင်"

နှစ်ယောက်သား ရင်းတိုက်တောအတွင်းမှ ပြန်ထွက်လာစဉ် သီရိစန္ဒာက သူ့မျက်နှာကို မကြာခဏ လှည့်ကြည့်နေသဖြင့် မေးလိုက်သည်။

"သီရိရဲ့ဖူးစာရှင်ကို တွေ့ခဲ့ရသလား"

သူမက ခေါင်းညိတ်ပြသည်။

"ကံကောင်းပါစေလို့ ဆုတောင်းပေးပါတယ်"

"ကျွန်မရဲ့ဖူးစာဖက်က ဘယ်သူလဲဆိုတာရော အစ်ကို မသိချင်ဘူးလား"

"သီရိ ပြောပြရင်တော့ သိချင်ပါတယ်"

"ထူးထူးဆန်းဆန်းပဲ. . . ရေထဲမှာ မြင်ရတဲ့ ကျွန်မရဲ့ဖူးစာဖက်ရဲ့မျက်နှာက အစ်ကို့မျက်နှာနဲ့ အတော်ကလေး တူတယ်"

"ဟင်. . ."

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်ရင်ထဲမှာ ထိတ်





ကနဲဖြစ်သွားလေသည်။

"အစ်ကို အံ့ဩသွားလို့လား"

"ဟင့်အင်း. . . မအံ့ဩပါဘူး၊ ဝမ်းသာသွားလို့ပါ"

"ဟင်. . . ဘာဖြစ်လို့ ဝမ်းသာတာလဲ"

"သီရိလို ချောမောလှပတဲ့မိန်းကလေးတစ်ယောက်နဲ့ ဖူးစာဖက်ရတဲ့သူထက် ကံကောင်းတဲ့လူ ရှိပါ့မလား"

"ဒါပေမယ့် အစ်ကိုက မကြာခင် ပြန်တော့မှာမို့ ကျွန်မက ဘယ်လိုလုပ်ရမှာလဲ"

"ဒါက လွယ်ပါတယ်၊ သီရိလက်ခံမယ်ဆိုရင် ဦးကို ခွင့်တောင်းပြီးတော့ လက်ထပ်ကြမှာပေါ့"

"လက်ထပ်ဖို့သာ ပြောနေတယ်၊ အစ်ကိုက ကျွန်မအပေါ်မှာရော တကယ်ချစ်လို့လား"

"ချစ်တာပေါ့ သီရိရယ်၊ သီရိကို မြင်တွေ့စကတည်းက ချစ်နေတာပါ၊ အခုလို သိရတော့မှ ဖွင့်ပြောခွင့်ရတာ၊ သီရိရော ဝမ်းမသာဘူးလားဟင်"

"ကျွန်မလည်း ဝမ်းသာတာပေါ့၊ အစ်ကို့လို အားကိုးရတဲ့လူတစ်ယောက်နဲ့ ဖူးစာဖက်ခွင့်ရတာ ဝမ်းမသာဘဲ ရှိပါ့မလား"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ အချစ်ရယ်"

တကယ်တော့ ရင်းတိုက်တောအတွင်းသို့ ဝင်သွားစဉ်က နှင့် မတူဘဲ ပြန်ထွက်လာသောအချိန်တွင် သူတို့နှစ်ဦးအဖို့ အနာဂတ်ရည်မှန်းချက်နှင့် ပျော်ရွှင်မှုများ ပါလာခဲ့လေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(မရုကာသစ်ပင်)

www.burmeseclassic.com

ဘုန်း ပညာဒီပ

အမည်ရှိ ပရလောက ဂန္ထီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤ နေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံပရိဟရန္တု။

စာပြီးချိန် ။ ။ (၂၀၀၉)ခုနှစ်၊ ဩဂုတ်လ(၃)ရက်၊
အင်္ဂါနေ့၊ ညနေ(၃)နာရီ။

☺ အောင်မြင်စာပေ ☺

